# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၃)ရက် ၊ အင်္ဂါနေ့ ၊ (9-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၃၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုအကျိုးအတွက် ထပ်မံဖိတ်ခေါ်ချက်

PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးကိုမျှော်မှန်းကာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး ပြည်ထောင်စုအကျိုးအတွက် ဖိတ်ခေါ်ချက်အရ နိုင်ငံတော်၏စေတနာအမှန်ကို သိရှိနားလည်ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သော PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အဖွဲ့ဝင်များကို မိဘများထံ အပ်နှံပြီးဖြစ်သည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့်မဲစာရင်းမှားယွင်းမှုများအတွက် အောက်ပါတို့ကိုဆောင်ရွက်ပေးရန် မေတ္တာရပ်ခံတောင်းဆိုမှုများအပေါ် ငြင်းပယ်ခဲ့ပြီး ပြဿနာဖြစ်ပွားနေသည့် ရွေးကောက်ပွဲရလဒ်ဖြင့်ပင် လွှတ်တော်ခေါ်ယူရန် အတင်းအဓမ္မကြိုးပမ်းခဲ့မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ကြိုးပမ်းမှုပင်ဖြစ်သည်–

(က) မဲစာရင်းမှားယွင်းမှုများနှင့် မဲမသမာမှုများကို စိစစ်တွေ့ရှိရသဖြင့် ဖြေရှင်းပေးရန် တောင်းဆိုမှုကို ငြင်းဆန်ခဲ့ခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးအား ခေါ်ယူ၍ ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုချက်ကို ငြင်းပယ်ခဲ့ခြင်း၊

(ဂ) နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့က နည်းလမ်းရှာဆောင်ရွက်ပေးရန် တောင်းဆိုမှုကို ငြင်းပယ်ခဲ့ခြင်း၊

(ဃ) အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးပေးပါရန် နှစ်ကြိမ်တိုင်တိုင် တင်ပြခဲ့သော်လည်း ဆောင်ရွက်ပေးမှုမရှိခြင်း။

ထိုသို့လုပ်ဆောင်မှုများသည် မဲမသမာမှုများရှိခဲ့၍သာ ပွင့်လင်းမြင်သာစွာချပြနိုင်ခြင်းမရှိသည်ကို ပေါ်လွင်စေခဲ့သည့်အပြင် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ကြိုးပမ်းမှုတွင် ထိုစဉ်က နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်ပါဝင်ပတ်သက်မှုရှိခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် တာဝန်အရ မဟုတ်သည့် ပုဂ္ဂလိကပြစ်မှုကျူးလွန်မှုများရှိခဲ့၍ အရေးယူခံရသည့်အချိန်လည်းဖြစ်ခဲ့သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယာယီသမ္မတက အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်သည်။

တပ်မတော်အနေဖြင့် မဲမသမာမှုများကို စိစစ်ဖော်ထုတ်၍ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ခဲ့သည်ကို ပြည်တွင်း၊ ပြည်ပက အထင်အမြင်လွဲမှားအောင် တပ်မတော်က ဒီမိုကရေစီကို နောက်ပြန်ဆွဲသယောင် ဝါဒမှိုင်းတိုက်ကာ ၎င်းတို့သာ ရွေးကောက်ခံအစိုးရအဖြစ် ပုံဖော်လျက် CRPH၊ NUG တို့ကို တရားမဝင်ဖွဲ့စည်းခဲ့ကြပြီး ပြည်သူလူထုနှင့် လူငယ်လူရွယ်များကို လွဲမှားသည့်မျှော်လင့်ချက်များပေးကာ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်သို့တွန်းပို့ခဲ့သည်။ CRPH၊ NUG တို့သည် PDF အမည်ခံအဖွဲ့များကို ဖွဲ့စည်းကာ

စာမျက်နှာ ၁၇ ကော်လံ ၁ ☞

## စစ်တောင်းမြစ်ရေ တောင်ငူမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၈

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## အကြောင်းစုံလို့ အကျိုးစုံမည်..... တိုးတက်ဝေစည် တို့မြန်ပြည်.....

ဆောင်းပါး စာမျက်နှာ - ၁၈



## ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးအဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား ကျင်းပ

စာမျက်နှာ - ၂၀




ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၉ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောင်မြင်သောခရီးစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၆ ရက်ထိ ရှစ်ရက်ကြာ တရုတ်နိုင်ငံကို ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ စက်တင်ဘာ ၆ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ရာ တာဝန်ရှိသူများ၊ ပြည်သူလူထုများ၊ အနုပညာရှင်များက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြသည်။

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေးနှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး တီယန်ကျင်းမြို့နှင့် ချန်ဒူးမြို့တို့၌ မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေးပွဲများဆောင်ရွက်၍ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

**"ကျွန်တော်တရုတ်နိုင်ငံကိုလာတာ ၁၂ ကြိမ်မြောက် ခရီးစဉ်ဖြစ်ပါတယ်။ ဒီ ၁၂ ကြိမ်မြောက် ခရီးစဉ်မှာ ဒီခရီးစဉ်က အောင်မြင်ဆုံးခရီးစဉ်တစ်ခုလို့ ကျွန်တော်ပြောလိုပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်ပါတယ်။ တရုတ်နိုင်ငံကလည်း ကျွန်တော်တို့နိုင်ငံရဲ့ ယုံကြည်စိတ်ချရတဲ့မိတ်ဆွေအဖြစ် အမြဲတမ်းမျှော်လင့်ထားပါတယ်။ အခုကျွန်တော်တို့လာတဲ့ခရီးစဉ်က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကို ခိုင်ခိုင်မာမာနဲ့ ယုံယုံကြည်ကြည်လုပ်နိုင်ဖို့အတွက် အခွင့်အလမ်းတွေရခဲ့တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံနဲ့ရဲရဲတင်းတင်း ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့လည်း ကျွန်တော်မျှော်လင့်ပါတယ်"**ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ချန်ဒူးမြို့၌ မီဒီယာများ၏မေးမြန်းမှုများအား ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံအကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ၊ အခြားသောနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများတွင် ပိုမိုကျယ်ပြန့်လာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသောမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာကို နှစ်နိုင်ငံအကြားစတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုအလားအလာကောင်းများဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတို့သည် သိသာထင်ရှားစွာတိုးတက်လာခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ မြန်မာနိုင်ငံအတွက် အဓိကလိုအပ်သောလယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ITကဏ္ဍ၊ ကုန်သွယ်ပို့ဆောင်ရေးကဏ္ဍ စသောကဏ္ဍများကို နိုင်ငံတော်အကြီးအကဲအနေဖြင့် ဆွေးနွေးနိုင်ခဲ့သည်။ သွားရောက်လေ့လာ ကြည့်ရှုခဲ့သည်။ သို့ဖြစ်ရာ ယခုခရီးစဉ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရလဒ်ကောင်းများကို ဆောင်ကြဉ်းယူဆောင်လာနိုင်ခဲ့သည့် အောင်မြင်သောခရီးစဉ်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၀၄၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၀၄၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၃၉၆၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၀၄၄၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ စပါးဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ဝက်လက်မြို့နယ်တွင် စပါးစိုက်လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ အသိပညာပေးဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# တောင်သာမြို့နယ် သပြေပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သပြေပင်ကျေးရွာ၌ သတ္တမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်ပပဝင်းခိုင်တို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးခြင်း ဖြစ်ကြောင်း၊ အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ရန်ပုံငွေလေလွင့်မှုမရှိစေရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပပဝင်းခိုင်က သပြေပင်ကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၂၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံများက သပြေပင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၉၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၃၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၇၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို ငွေကျပ် သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးကြင်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဓနုဖြူ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးကြင်းပိဿာချိန် ၆၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးကြင်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှဝယ်လိုအား ကောင်းလာခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးကြင်းဈေးက တစ်ပိဿာကို ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေ အဝယ်လိုက်နေတာကြောင့် ငါးကြင်းတင်ပို့ရောင်းချအားတက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေကို ဩဂုတ်လပထမပတ်လောက်ကတည်းက စတင်အရောင်းအဝယ်ကောင်းခဲ့တာပါ။ ပြီးခဲ့တဲ့လတွေကထက် ဩဂုတ်လထဲမှာ ရန်ကုန်ဈေးကွက်ကို ငါးကြင်းတင်ပို့မှုအား ကောင်းခဲ့ပါတယ်။ ဒ့ါပြင် အခြားငါးတွေလဲ ဝယ်လိုအားတက်လာပါတယ်"ဟု ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကိုဝယ်ယူပြီး ဒေသဈေးအပြင် ရန်ကုန်မြို့ဈေးကွက်သို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ် ကော်ပတ်ခြံ(ရွှေဘော်ကုန်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော်ပတ်ခြံ(ရွှေဘော်ကုန်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင် ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကော်ပတ်ခြံ(ရွှေဘော်ကုန်း)ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၃၆ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၂ ဦးကို ၂၀ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၇ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးမောင်ကို-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ ထာဝရကုမ္ပဏီလီမိတက်နှင့် ရွှေဥဩရွှေဆိုင်မိသားစုက ကျောက်ကပ်ဆေးနေသောသံဃာတော်၊ သီလရှင်များအတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မ မဏိဇောတဓရ ဦးစိုးလင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၃၅၃၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၃၅၃၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၃၅၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲကြီးဧက ၃၅၃၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ စတဲ့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးများ ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲကြီးကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ပန်းကြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းကြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းကြိုင်ကျေးရွာ၌ မွေးမြူရေးလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ် ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ပခန်းစပါးတင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်းက ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကိုတင်ပို့တဲ့ ပခန်းစပါးတွေက အရည်အသွေး တော်တော်ကောင်းပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်ဝယ်လက်တွေက ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊စပါးဈေးကွက်မှာကို ပခန်းစပါးက အဝယ်လိုက်နေတာပါ"ဟု ပန်းတနော်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါပခန်းစပါးများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း ပန်းတနော်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဦးအောင်ကြီးနှင့်လူးတား

မြေပြအေးသက်

ဆီသည်ရွာစား ဦးအောင်ကြီး၏ အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတားသည် ၇၂၆ ခုနှစ် အင်းဝမြို့ကို သတိုးမင်းဖျားတည်ပြီး ၁၂ ရာသီပွဲများကို မူတည်ကာ ဖွဲ့ဆိုထားသော်လည်း ၁၀၇၆ ခုနှစ် တနင်္ဂနွေမင်း နန်းတက်ချိန်မှသာဖွဲ့ဆိုထားရာ သက်တမ်းအားဖြင့် တွက်ဆလျှင်ပင် လူးတားကဗျာ၏ သက်တမ်းသည် နှစ်ပေါင်း ၃၁၁ နှစ် သက်တမ်းရှိခဲ့ပြီဟုဆိုရပေမည်။ ဤမျှသက်တမ်းရှိသော လူးတားကဗျာအကြောင်းကို ဖော်ထုတ်စဉ်ကပင် လူးတားသည် အင်းဝသမိုင်းပင်ဖြစ်သည်ဆိုသောစကားကို ကြားရသော်လည်း လူးတားကဗျာ ပေါ်ပေါက်ချိန်သည် ဒုတိယအင်းဝခေတ်ပင် ကုန်ဆုံးခါနီးဖြစ်နေပေသည်။ ဆီသည်ရွာစား ဦးအောင်ကြီး၏ မိဘအမည် မျိုးရိုးနှင့် မွေးဖွားခုနှစ်တို့ကို မသိရှိရသော်လည်း အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတား၏ စာကိုယ်အဆုံးတွင်ပါရှိသည့် အမှာစာအရ ပုဂံမင်းပြောက်ကျွန်၊ ဆီသည်ရွာစား ဦးအောင်ကြီးပင်ဖြစ်လေသည်။ ပိဋကတ်တော်သမိုင်းအရ "စဉ့်ကူးမြို့ စီရင်စု၊ ဆီသည်ရွာစား မောင်ရည်"ဟု ပါရှိသော်လည်း ထိုသူသည် ဦးအောင်ကြီးပင်ဖြစ်ပေသည်။

**ကွမ်းရေတော်ကိုင်၊ ဆီသည်ရွာစား၊ လက်ယာရွှေတောင် ဦးအောင်ကြီး**

၁၀၆၀ ပြည့်နှစ်တွင် ဝမ်းဘဲအင်းစံမင်းတရားကြီးခေါ် မင်းရဲကျော်ထင်နတ်ရွာစံသောအခါ သားတော်ကြီး အိမ်ရှေ့မင်း သီရိမဟာသီဟသူရသည် ခမည်းတော်အရိပ်အရာဖြစ်သော အဝမြို့ ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူ၍ "သီရိမဟာ သီဟသူရ ဓမ္မရာဇာ"ဘွဲ့ကို ခံယူတော်မူလေသည်။ သမိုင်းတွင် စနေမင်းဟူ၍ လူသိများကြသည်။ စားတော်ကွမ်းရေကိုင်၊ ဆီသည်ရွာစားကို "လက်ယာရွှေတောင်" ဘွဲ့ပေးတော်မူသည်။ ၁၀၆၄ ခုနှစ် တပို့တွဲလတွင် ညီတော် စဉ့်ကူးမင်းကို အိမ်ရှေ့မင်းတို့ အဆောင်အယောင်နှင့်တကွ ဝန်၊ ဒိုင်းစု၊ မြင်းစု၊ စာရေးတို့ကို ပေးတော်မူသည်။ ၁၀၆၉ ခုနှစ် နတ်တော်လတွင် ညီတော်စဉ့်ကူးမင်းကို သီရိသုဓမ္မရာဇာ၊ သမီးတော်ဖြစ်သော စဉ့်ကူးမိဖုရားကို သီရိသုနန္ဒာဒေဝီဟူ၍ အမည်ပေးတော်မူပြီး သစ္စာတော်ခံစေသည်။ ပုဂံမြို့ကိုလည်းပေး၍ နန်းတော်နှင့်နေစေသည်။ ထိုအခါ ကျွန်ရင်းဖြစ်သော ကွမ်းရေတော်ကိုင်၊ ဆီသည်ရွာစား၊ လက်ယာရွှေတောင် ဦးအောင်ကြီးကို ညီတော် ပုဂံမင်းအားပေးလိုက်သည်။ ထိုမင်းကို "ပုဂံမင်းပြောက်"ဟုလည်းခေါ်သည်။

**"သာစွလေ"ချီနှင့် "ရွှေပြည်ရွှေဝ နန်းတည့်လေ"အချ**

၁၀၇၆ ခုနှစ်တွင် စနေမင်း နတ်ရွာစံ၍ သားတော်အိမ်ရှေ့မင်း နန်းတက်ရာ မှန်နန်းဆင်ဖြူရှင် အမည်ခံသည်။ တနင်္ဂနွေမင်းဟု အမည်တွင်သည်။ ထိုမင်းနှင့် ပုဂံမင်းတို့ စစ်ကြီးဖြစ်ကြရာ ပုဂံမင်းအရေးနိမ့်၍ ပုဂံပျက်ကာလတွင် ဆီသည်ရွာစား ဦးအောင်ကြီးလည်း မှန်နန်းဆင်ဖြူရှင့်ထံ ရောက်လာခစား၍ ထိုမင်းလက်ထက် "သာစွလေ" ချီ အဝမြို့ဘွဲ့ဆယ့်နှစ်ရာသီလူးတားကို ရေးသားဆက်သွင်းခဲ့သည်။ သာစွလေချီ လူးတားသည် အဖွဲ့၌ အသံတူ၊ အက္ခရာတူများ၍ အသံသာယာသောကြောင့် မဓုရတာဂုဏ်နှင့် ပြည့်စုံသည်။ အဖွဲ့၏အနက်ကို သိလွယ်သောကြောင့် အတ္ထဗျတ္တိဂုဏ်နှင့်လည်းပြည့်စုံသည်။ စကားသုံးယဉ်ကျေးသိမ်မွေ့၍ ရွတ်ဆိုရာ၌ လွယ်ကူခြင်း၊ သာယာခြင်းတို့ကြောင့် သုခုမာလတာဂုဏ်နှင့် ပြည့်စုံသည်။ အချီတွင်သုံးလုံးနှင့်သာချီပြီး အချလည်း ခုနစ်လုံးတူသောကြောင့် သုတိသာယာရှိသည်ဟုဆိုသည်။ ဤလူးတားပိုဒ်ရေ ၁၅ ပိုဒ်ရှိရာ "သာစွလေ" ချီ၍ အချများသည် "ရွှေပြည်ရွှေဝ နန်းတည့်လေ"ဖြင့် ချလေသည်။

**လူးတား**

လူးတားဟူသောစကား၏ အနက်အဓိပ္ပာယ်ကို နှစ်မျိုးဖွင့်ဆိုနိုင်ရာ မြန်မာဘာသာ ပေါရာဏသက်သက်ဖြစ်သော "လူးတား"ဟူသည့်စကားနှင့် သက္ကတဘာသာ ပ္လုတ၊ ပါဠိဘာသာ ပလုတမှ ရွေ့လျောလာ၍ လူးတားဟူသည့် စကားတို့ဖြစ်ကြသည်။ မြန်မာဘာသာ ပေါရာဏလူးတား၏ အဓိပ္ပာယ်မှာ အဆုံးမှတစ်ဖန်အစပြန်၍ ပြုလုပ်သည်ဟုဆိုလိုသည်။ လှေသမား၊ ဖောင်သမားများသည် ရေစီးသန်သည့် မြစ်ညာသို့ဆန်တက်ရသည့် အခါများတွင် လှေနှင့်အတန်ကွာ ရေညာအရပ်တွင် ချည်သာချိတ်သာရှိမည့်နေရာ၌ လှေဦးမှကြိုးစကို ချည်ထား၍ လှေသို့ ပြန်လာကာ ထိုကြိုးစကို အမှီတံကဲဆွဲငင်ဆန်တက်ကြပြီးလျှင် တစ်ဖန် ကြိုးစဆုံးပြန်က အထက်နည်းတူ ပြုလုပ်ကာ ဆန်တက်ကြသည်ကို ယခုတိုင် လူးတားပေါက်သည်ဟုခေါ်သည်။ လူးတားဟူသောကဗျာမှာလည်း အဆုံးစကားများကို အစထား၍ ပြန်လည်စပ်ဆိုရေးသားကြခြင်းဖြစ်သည်။

အလောင်းမင်းတရားကြီးလက်ထက် စိန္တကျော်သူဆို ကုန်းဘောင်မင်္ဂလာလူးတားတွင် ပထမအပိုဒ်၌ "ဘုန်းပဒေသာ၊ ခက်ဖြာဆင့်စ၊ ပွင့်စလေ"ဟု အစချီ၍ "အာဟိန္ဒကျီး၊ ပွင့်နီးနီး"ဟုအဆုံးသတ်သည်။ ဤပထမအပိုဒ်၏ အဆုံးစကားကိုပင် ဒုတိယအပိုဒ်၌ "အာဟိန္ဒကျီး၊ ပွင့်နီးမှန်လှ၊ ကန်လှလေ"ဟု အစချီ၍ စပ်ပြန်၏။ ကျန်နောက်အပိုဒ်များကိုလည်း ဤနည်းအတိုင်းစပ်ဆိုထား၏။ ထို့ကြောင့် လူးတားကဗျာ စပ်ထုံးမှာ လှေသမား၊ ဖောင်သမားများ လူးတားပေါက်သကဲ့သို့ အဆုံးမှတစ်ဖန် အစပြန်လည်ကောက်ငင်စပ်ဆိုရသဖြင့် လူးတားဟုခေါ်ဟန်တူသည်ဟုဆိုကြသည်။ သက္ကတဘာသာ ပ္လုတမှာ "ပ" နှင့် "လ" ကို ဆင့်၍ ပါဠိဘာသာအလိုမှာ မဆင့်ဘဲ ထားခြင်းမျှသာထူး၏။ ပါဠိဆင့်အတိုင်း ပ္လုတဟူ၍လည်း ပါဠိစာပေတွင် အသုံးရှိသည်။ ပါဠိဘာသာ ပလုတမှ လူးတားဖြစ်လာသည်ဟုဆိုရာ၌ ပလုတမှ ပြုတဖြစ်လာ၍ ထိုတွင် "ပ" ကျေပြီး လုတဖြစ်သည်။ ထိုလုတကိုပင် ဦဒီဃအာဒီဃပြုရာ လူးတားဖြစ်လာသည်။ အဓိပ္ပာယ်ကား ရှည်လျားစွာဆွဲငင်၍ ဆိုအပ်သောအသံဟုဖြစ်သည်။ ပလုတသံမှာ မျက်စိသုံးမှိတ်၊ လျှပ်သုံးပြတ်ခန့်ကာလထက် ရှည်လျားစွာ ဆွဲငင်ရွတ်ဆိုအပ်သော အသံဖြစ်သည်ဟုဆိုသည်။

ဦးသော်ဇင်ကမူ သူ၏ကဗျာလမ်းညွှန်တွင် လူးတားကို "ချိုလှလေ၊ စာပေမျက်ရှင်၊ ထွန်းတင်ညွှန်ကြား၊ ဆရာများက၊ လူးတားမည်သာ၊ ဤကဗျာသည်၊ ဘာသာမူလ၊ ပလုတမှ၊ လျှောကျသည်ဟု၊ ဝိဂြိုဟ်ပြုလည်း၊ တွေးရှုဆင်ခြင်၊ သုတ်သင်သောခါ၊ လူးတားမှာကား၊ လင်္ကာမျိုးနွယ်၊ ကာရန်သွယ်လျက်၊ သံကြွယ်ဂီတ၊ ပလုတနှင့်၊ သဘာဝခြား၊ မျိုးနွယ်ပြားသည်၊ သုံးပါးကြည်ဖွယ် စသည်လေး၊ သာစွပေါင်းရုံး၊ ခုနစ်လုံးကို၊ နောက်ဆုံးနှစ်ဆင့်ချတည့်လေး"ဟု ဆိုလေသည်။ အကြောင်းမှာ လူးတားသည် ဂီတမျိုးမဟုတ်ဘဲ အလင်္ကာမျိုးဖြစ်သောကြောင့်ဆိုသည်။ လူးတားအကြောင်း ထပ်ပြောရဦးမည်ဆိုလျှင် လူးတားအစတွင် ချီးကျူးခြင်း၊ အမွှမ်းတင်ခြင်း၊ ကြည်ညိုခြင်း၊ လေးစားခြင်း အစရှိသော အာလုပ်သံနှင့်ချီရသည်။ ဥပမာ တင့်လှလေ၊ မြင့်လှလေ၊ စွင့်လှလေဟူ၍လည်းကောင်း၊ အေးစွလေ၊ မွေးလှလေ၊ သွေးစလေဟူ၍ လည်းကောင်း အရာဌာနနှင့်အားလျော်စွာ အစပြုနိုင်သည်။ အာလုပ်၏အဆုံး "ဧ"ကာရန်ကိုလည်း စာကိုယ်နှင့် ချိတ်ဆက်ပေးရမည်ဖြစ်သည်။

ကဗျာသင်္ဂဟမေဒနီတွင် စလေဦးပုညအနေဖြင့် ဘုန်းတော်ဘွဲ့တွင် လူးတားကို ရှစ်ဆယ်ပေါ်တေးထပ်၏ အလယ်၌လည်း ညှပ်၍စပ်ထားလေသည်။

၁။ သုံးသိန်းသုံးသောင်း လေးတောင်ထိပ်
၂။ နှစ်ကျိပ်ရှစ်ဆက် မဟာဝင်
၃။ အတိတ်ဖြစ်ပျက် ကမ္ဘာတွင်အောင်
၄။ ဘယ်ရာဇာပင် မစံမြန်း။
၅။ လေးဆယ့်ရှစ်ရပ် ပြာသာဒ်ရံသည်
၆။ နတ်ဝိသုကံ သစ်လောင်းဖန်သည့် (နန်း)။
(လူးတားညှပ်)
ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သား
ရန်အောင်ဗဟို မြဖြင့်မိုရ်ဝယ်
ရေညိုရွှေချပ် ဟေထပ်လျက်
မြေစပ်ခန်းဝါ ကဲ့ပမာသို့
မန္ဒာဘူဒ္ဓပတ် မြေဥဂ္ဂင်၌လည်း
လူနတ်ချီးပင့် ပလ္လင့်သဏ္ဍာန်
ဘုံဗိမာန်ဝယ်
ဝေယန်ကြွင်နန်း သိကြားနန်းသို့
တသန်းခြည်ရောင် သုံးတိုက်လောင်သည်
အခေါင်သေဋ္ဌ မန်းတည့်လေ။
ဝိသုဒ္ဓိပွင့်ပန်း တည်သည့်(နန်း)။
(တေးထပ် ပြန်ကောက်)
၇။ ရေယာဉ်နဝတတ် နှုန်းတန္တီလို
၈။ ရွှေကျုံဂမ္ဘီ ကာရန်သန်း။
၉။ ပြည်ကြီးမွန်ဘောင် လောင်ကမန်း
၁၀။ ရွှေဆောင်ရွှေနန်း အထွေထွေ။
၁၁။ ရွှေလောင်းရွှေလှေ ပွေပွေရှက်
၁၂။ တေဇာထွေဖက် ရေလကျာရစ်ခွေ။
၁၃။ ရတနာဘုမ္မိ တိုင်းဌာနေမှာ
၁၄။ သမိုင်းစာခွေ ထိန်ထိန်သစ်လို့
၁၅။ နေက္ခန္တရာဇ် နတ်ရှင့်ခေတ်ပေ
၁၆။ သာမျိုးစုံစွာထွေ။
၁၇။ ရွှေနန်းစံဆက် မဂ္ဂဒေလို
၁၈။ ပုန်းတောင်းစက်ရွှေ ဆိုက်ပွဲခံလို့လေး။

တေးထပ်တွင်ညှပ်သောအခါ ရှေးက အာလုပ်မပါတော့ဘဲ အာလုပ်အစား တေးထပ်၏အစကိုခံ၍ထားသည်။ လူးတား၏ နောက်ဆုံးကာရန်သည်ကား ပြန်ကောက်ရမည့် တေးထပ်၏ကာရန်နှင့်တူရမည်ဖြစ်သည်။ လူးတား၏အချမှာ ရတု၏ခိုင်ညွှန့် ခက်ဖြာအချတွင် "တည့်"ဟူသော စာလုံးတစ်လုံးပါဝင်စေခြင်းသာထူးသည်။ လူးတားဟူသည် စင်စစ်အားဖြင့် နန်းတွင်း၌ သီဆိုအပ်သော နန်းဘွဲ့သီချင်းတစ်မျိုးဖြစ်သည်ဟုလည်းဆိုနိုင်ပေသည်။ ရာဇကြောင်းဖြစ်သော မြင်းခင်း၊ ဓားရေး၊ တက်ရေး၊ ဘောင်တော်စုံဘွဲ့၊ ရာသီဘွဲ့အစရှိသော မင်္ဂလာရှိသည့် အကြောင်းအရာများနှင့်ပတ်သက်၍သာ စပ်ဖွဲ့လေ့ရှိသည်။

လူးတားကဗျာများကို စိစစ်ကောက်ယူကြည့်သောအခါ ဆီသည်ရွာစား ဦးအောင်ကြီး၏ အင်းဝမြို့ဘွဲ့ဆယ့်နှစ်ရာသီလူးတား၊ စိန္တကျော်သူဦးဩ၏ အလောင်းမင်းတရား ယိုးဒယားချီလူးတား၊ ပုံ့ချီ ရွှေတောင်ရတနာ၏ ရွှေဘောင်တော်ဘွဲ့ လူးတားနှင့် သိင်္ဂုတ္တရစုံဘောင်တော်ဘွဲ့လူးတား၊ ဦးယာ၏ အမရပူရမြို့ဘွဲ့လူးတား၊ ရွှေကျောင်းဦးပု၏ အလောင်းစည်သူလူးတား၊ တွင်းသင်းတိုက်ဝန်၏ တောကစားထွက်လူးတား၊ တက်ရေး ၃၇ ချင်းလူးတားနှင့် ဓားရေး ၃၇ ချင်းလူးတား၊ နန္ဒမိတ်၏ ဓားရေး ၃၇ ချင်းလူးတား၊ ဝက်မစွတ်ဒုတိယနဝဒေး၏ဓားရေး ၃၇ ချင်း လူးတား၊ ဦးပေါ်ဦး၏ ရေသဘင်ပွဲတော်တရားပြလူးတား၊ အမည်မသိစာဆို၏ ရာဇဝင်လူးတား၊ ရွှေယင်းမာရွာစား၏ မင်္ဂလာလူးတား၊ အမည်မသိစာဆို၏ ဝဋ္ဋတော်ခန်းလူးတား၊ အမည်မသိစာဆို၏ ဝေသာလီချီလူးတား၊ အမည်မသိစာဆို၏ အောင်မျှို့မင်္ဂလာချီလူးတား၊ မဟာဓမ္မသင်္ကြံ၏ အဲမောင်း ၃၇ ချင်းလူးတား၊ ကင်းဝန်မင်းကြီး၏ သမီးတော်နားထွင်းမင်္ဂလာလူးတား၊ ဝက်မစွတ် ဝန်ထောက်၏သမီးတော် နားထွင်းမင်္ဂလာလူးတားဟူ၍ လူတားပုဒ်ရေ ၂၀ တွေ့ရှိထားသည့်အပြင် ဦးယာ၏ သိဟ်ရာသီ ဝါခေါင်လလူးတားနှင့် နတ်တော်လဖွဲ့ လူးတားများကိုလည်း တွေ့ရှိထားရာ အခြားစာရင်းကောက်ယူ ဖြည့်တင်းရမည့် လူးတားများစွာရှိနေပေမည်။ **စာမျက်နှာ ၅ သို့**

❖ လူးတားဟူသောစကား၏ အနက်အဓိပ္ပာယ်ကို နှစ်မျိုးဖွင့်ဆိုနိုင်ရာ မြန်မာဘာသာပေါရာဏသက်သက်ဖြစ်သော "လူးတား"ဟူသည့်စကားနှင့် သက္ကတဘာသာ ပ္လုတ၊ ပါဠိဘာသာ ပလုတမှ ရွေ့လျောလာ၍ လူးတားဟူသည့် စကားတို့ဖြစ်ကြသည်။ မြန်မာဘာသာ ပေါရာဏ လူးတား၏အဓိပ္ပာယ်မှာ အဆုံးမှတစ်ဖန်အစပြန်၍ ပြုလုပ်သည်ဟု ဆိုလိုသည်။ လှေသမား၊ ဖောင်သမားများသည် ရေစီးသန်သည့် မြစ်ညာသို့ဆန်တက်ရသည့်အခါများတွင် လှေနှင့်အတန်ကွာ ရေညာ အရပ်တွင် ချည်သာချိတ်သာရှိမည့်နေရာ၌ လှေဦးမှကြိုးစကိုချည်ထား ၍ လှေသို့ပြန်လာကာ ထိုကြိုးစကို အမှီတံကဲဆွဲငင်ဆန်တက်ကြ ပြီးလျှင် တစ်ဖန်ကြိုးစဆုံးပြန်က အထက်နည်းတူပြုလုပ်ကာ ဆန်တက်ကြသည်ကို ယခုတိုင်လူးတားပေါက်သည်ဟုခေါ်သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ အားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**မြောင်းမြ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ အားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၁၄၃၀၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေ အားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစပါးများ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အိမ်မဲမြို့နယ်အတွင်း စပါးကေ ၁၄၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ စပါးတွေ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒီနှစ်ဒေသမှာ ရာသီဥတုက အဆင်ပြေကောင်းမွန်တာကြောင့် မိုးစပါးကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ စပါးတွေကို ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေကို ပံ့ပိုးပေးမှာဖြစ်ပါတယ်။ လိုအပ်တဲ့ သွင်းအားစုတွေကိုလဲ စပါးမစိုက်ခင်အချိန်ကတည်းက ကူညီပံ့ပိုးပေးခဲ့တာရှိပါတယ်။ မိုးစပါးတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့အတူ အခြားဌာနတွေကလဲ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် ပေါ်ဆန်းမွှေး၊ သီးထပ်ရင်၊ ရက် ၉၀၊ GW/ 11၊ GW/1၊ ပခန်း၊ ရှေမင်း၊ မနောသုခ၊ ကျားပျံ၊ ဆင်းသုခ၊ နံ့ကား၊ မြီးတုံး စသည့်စပါးမျိုးများကို စိုက်ပျိုးထားကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် စပါးများ အထွက်နှုန်းကောင်းစေရန်၊ အပျက်အစီး အလေအလွင့်မရှိစေရန်၊ တစ်ကေချင်း အထွက်နှုန်းညီစေရန်၊ စပါးအရည်အသွေးကောင်းစေရန်၊ စနစ်တကျ ရိတ်သိမ်းနိုင်ရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့်စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

á **စာမျက်နှာ ၄ မှအဆက်**

**ဦးအောင်ကြီး၏ အင်းဝမြို့ဘွဲ့ဆယ့်နှစ်ရာသီလူးတား**

အဆိုပါလူးတားတွင် တန်ခူးလတွင် အတာပွဲ၊ စိတြနက္ခတ်၊ မိဿရာသီနှင့် စောင်းညှင်းကာ အဲသီချင်းနှင့် ကံ့ကော်ပန်း၊ ကရမက် အတာရေနှင့် ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝိသာခါနက္ခတ်၊ ပြိဿရာသီ၊ ကွမ်းဖူးကာ စံကားပန်းပွင့်ကြောင်း၊ နယုန်လတွင် စာပြန်ပွဲ၊ဇေဋ္ဌနက္ခတ်၊ မေထုန်ရာသီနှင့်စံပယ်၊ မြတ်လေးပွင့်ကြကြောင်း၊ ဝါဆိုလတွင် ပဥ္စင်းခံပွဲ၊ အာသဠ်နက္ခတ်၊ ကရကဋ်ရာသီ၊ ပုန်းညက်၊ သရဖီပန်းတို့ပွင့်ကြကြောင်း၊ ဝါခေါင်လတွင် စာရေးတံပွဲ၊ သရဝဏ်နက္ခတ်၊ သိဟ်ရာသီ၊ ကတ္တရီနှင့် ခတ္တာပန်းများ ပွင့်ကြကြောင်း၊ တော်သလင်းလတွင် လှေပြိုင်ပွဲ၊ ဘဒြပိုဒ်နက္ခတ်၊ ကန်ရာသီနှင့် ရင်းမာပန်းတို့ပွင့်ကြကြောင်း၊ သီတင်းကျွတ်လတွင် မီးမြင်းမိုရ်ပွဲ၊ အသဝနီနက္ခတ်၊ တူရာသီနှင့် ကြာမျိုးစုံပွင့်ကြကြောင်း၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ ကြတ္တိကာ နက္ခတ်၊ ဗြိစ္ဆာရာသီနှင့် ခဝဲပန်းတို့ပွင့်ကြကြောင်း၊ နတ်တော်လတွင် မဟာပိန္နဲနတ်ပွဲ၊ မိဂသီနက္ခတ်၊ ဓနု ရာသီ၊ ဂမုန်း၊ အင်နှင့် သဇင်ပန်းတို့ ပွင့်ကြကြောင်း၊ ပြာသိုလတွင် မြင်းခင်းပွဲ၊ ဖုဿျှနက္ခတ်၊ မကရရာသီနှင့် ခွာညိုပန်းတို့ပွင့်ကြကြောင်း၊ တပို့တွဲလတွင် မီးဖုန်းပွဲ၊ ထမနဲပွဲ၊ မာဃနက္ခတ်၊ ကုံရာသီ၊ ပေါက်၊လဲပန်းတို့ပွင့်ကြကြောင်းနှင့် တပေါင်းလတွင် သဲပုံစေတီပွဲ၊ ဖလဂုနီနက္ခတ်၊ မိန်ရာသီ၊ သရဖီ၊ ပိတောက်တို့ပွင့်ကြကြောင်း ရေးစပ်ထားရာရာသီမသိပါက ပွဲလမ်း သဘင်၊ နက္ခတ်၊ တာရာ၊ ပန်းတို့နှင့် ညှိကြပါဟု လမ်းညွှန်ရေးဖွဲ့ထားသကဲ့သို့ဖြစ်နေပေသည်။

**ကိုးကား**

- **ဆီသည်ရွာစားဦးအောင်ကြီး၏ အင်းဝမြို့ဘွဲ့ဆယ့်နှစ်ရာသီလူးတား**
- **ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း**
- **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၁၂)**

## လူ့ဘဝ တန်ဖိုးမြင့်ဖို့

\- လူ့ဘဝ လူ့တန်ဖိုး
စံထိုးလို့ ပမာတင်၊
ကျင့်သိက္ခာ သမာဓိ
သီလရှိလျှင်၊
ဂုဏ်တင့်လိမ့် လူဝန်းကျင်
အမွှမ်းတင် လေးစားကြ၊
ရှင်သန်ရာ ဘဝလမ်း
ငြိမ်းချမ်းပါလှ။

\- အကြင်နာ ချစ်ခြင်းပြလို့
အပြစ်ကင်းမှ လူအမှန်၊
ဒုစရိုက် အမိုက်မှား
မလိုက်စားရန်၊
တရားမျှတ အခြေခံ
ကျင့်ကြံရာ အမြတ်လမ်း၊
တတ်ပညာ ဗဟုသုတ
ပြည့်ဝဉာဏ်စွမ်း။

\- လောကစံ ဘယ်သို့ကြမ်း
ဘဝလမ်း ကောင်းအောင်နေ၊
စွမ်းနိုင်ရာ အများအကျိုး
သယ်ပိုးကြစေ၊
ကူညီဖေးမ အပြုံးများဝေ
နှလုံးသားအခြေ လှပလျက်၊
လူ့ဘဝ စံနှုန်းမြင့်လို့
ဂုဏ်တင့်ဖို့တွက်။ ။

**အဝေရာကိုကို**

# လှိုင်းဘွဲမြို့နယ် နားဒိုက်ကျေးရွာ၌ မြေသားလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ စက်တင်ဘာ ၈**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နားဒိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် မြေသားလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နားဒိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် မြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြေသားလမ်းကို သတ်မှတ်ရက်အတွင်း အရည်အသွေးပြည့်မီစွာပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ နားဒိုက်ကျေးရွာ၌ လမ်းအရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေသားလမ်းခင်းခြင်း လုပ်ငန်းနှင့် Pipe Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၄ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၇ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားကိုယ်တိုင် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကိုသက်**

# နိုင်ငံတကာ သတင်းများ

## အမေရိကန်နိုင်ငံ၌ လုပ်ငန်းလည်ပတ်နေသည့် ပြည်ပကုမ္ပဏီများ အမေရိကန်အလုပ်သမားများကို ခေါ်ယူရန် သမ္မတဒေါ်နယ်ထရမ့်တိုက်တွန်း




ဝါရှင်တန် စက်တင်ဘာ ၈

အမေရိကန်နိုင်ငံ၌ အခြေစိုက် လုပ်ငန်းလည်ပတ်နေသည့် ပြည်ပကုမ္ပဏီများအနေဖြင့် အမေရိကန် အလုပ်သမားများကို ခေါ်ယူအလုပ်ပေးရန်၊ လေ့ကျင့်မှုများပေးရန် လိုအပ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က စက်တင်ဘာ ၇ ရက်တွင် ပြောကြားခဲ့သည်။

အလားတူ အမေရိကန်ပြည်တွင်းရှိ ပြည်ပကုမ္ပဏီများ အနေဖြင့် အမေရိကန်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဥပဒေများကို လည်း လိုက်နာရန်လိုကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

ဂျော်ဂျီယာပြည်နယ်အတွင်းရှိ တောင်ကိုရီးယား အခြေစိုက် ဟွန်ဒိုင်းကုမ္ပဏီက တည်ဆောက်နေသောမော်တော်ယာဉ်ဘက်ထရီစက်ရုံကို အမေရိကန်လူဝင်မှုကြီးကြပ်ရေးဌာနတာဝန်ရှိသူများက စီးနင်းခဲ့ပြီးနောက် သမ္မတဒေါ်နယ်ထရမ့်က အဆိုပါအတိုင်း ထုတ်ဖော် ပြောကြားထားခြင်း ဖြစ်သည်။

ဟွန်ဒိုင်းကုမ္ပဏီ မော်တော်ယာဉ်ဘက်ထရီစက်ရုံကို စက်တင်ဘာ ၄ ရက်က ဝင်ရောက်စီးနင်းခဲ့စဉ် အမေရိကန်လူဝင်မှုကြီးကြပ်ရေးဌာနသည် တောင်ကိုရီးယား အလုပ်သမား ၃၀၀ အပါအဝင် အလုပ်သမား ၄၇၅ ဦးကို ဖမ်းဆီးခဲ့သည်။

အမေရိကန်နိုင်ငံ၌ လုပ်ငန်းလည်ပတ်နေသည့် ပြည်ပကုမ္ပဏီများအနေဖြင့် မိမိတို့နိုင်ငံသား ကျွမ်းကျင် အလုပ်သမားများကို တရားဝင်ခေါ်ယူနိုင်သလို အမေရိကန်အလုပ်သမားများကိုလည်း ခေါ်ယူရန်၊ လေ့ကျင့်ပေးရန် လိုအပ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏လူမှုမီဒီယာ စာမျက်နှာပေါ်တွင် ရေးသားထားသည်။

အလားတူ ဟွန်ဒိုင်းမော်တော်ယာဉ်ဘက်ထရီစက်ရုံ၏အလုပ်သမားများဖမ်းဆီးခံရမှုကြောင့် အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားတို့ကြား နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်လိမ့်မည်မဟုတ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

Ref : RT

Trs : KKO

## ရွေးကောက်ပွဲအရှုံးရလဒ်ကို တာဝန်ယူသည့်အနေဖြင့် ဂျပန်ဝန်ကြီးချုပ်ရာထူးမှ အီရှီဘာ နုတ်ထွက်

တိုကျို စက်တင်ဘာ ၈

ရွေးကောက်ပွဲအရှုံးရလဒ်များကို တာဝန်ယူသည့်အနေဖြင့် ဂျပန်ဝန်ကြီးချုပ်အီရှီဘာသည် စက်တင်ဘာ ၇ ရက်တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

မိမိအနေဖြင့် လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ လွှတ်တော်ရွေးကောက်ပွဲ အရှုံးရလဒ်များအတွက် မိမိအနေဖြင့် တာဝန်ယူရလိမ့်မည်ဖြစ်ကြောင်း အသက် ၆၈ နှစ်အရွယ် အီရှီဘာက စက်တင်ဘာ ၇ ရက်သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် တစ်နှစ်ခန့်ကမှ ဝန်ကြီးချုပ်ရာထူး စတင်ရယူခဲ့သော အီရှီဘာ၏ ဦးဆောင်မှုအောက်တွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် အောက်လွှတ်တော်နှင့်အထက်လွှတ်တော် နှစ်ရပ်စလုံးကို အမတ်နေရာအများစုဖြင့် ထိန်းချုပ်ထားနိုင်စွမ်း လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

အီရှီဘာ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့ခြင်းကြောင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအနေဖြင့် ပါတီခေါင်းဆောင်သစ်ရွေးချယ်ပွဲကို အရေးပေါ်ကျင်းပရန် လိုအပ်လာပြီဖြစ်သည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီခေါင်းဆောင်သစ်ရွေးချယ်ပွဲ၌အနိုင်ရရန်အလားအလာကောင်းနေသူများထဲတွင် စိုက်ပျိုးရေးဝန်ကြီး ရှင်ဂျီရိုကိုအိုဇုမိနှင့် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ် ဆာနာအီတာကာအီချိတို့လည်း ပါဝင်သည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီအနေဖြင့် ပါတီခေါင်းဆောင်သစ်ရွေးချယ်နိုင်ချိန်ထိ ဝန်ကြီးချုပ်ရာထူးကို အီရှီဘာက ယာယီ ရယူပေးထားမည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အစ္စရေးနိုင်ငံ ဂျေရုဆလင် ဘတ်စကားမှတ်တိုင်၌ သေနတ်ပစ်ခတ်မှုကြောင့် ငါးဦးသေဆုံး

ဂျေရုဆလင် စက်တင်ဘာ ၈

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ ဘတ်စကား မှတ်တိုင်တစ်ခု၌ ယနေ့တွင် သေနတ်ပစ်ခတ်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူပေါင်း ငါးဦးသေဆုံးခဲ့ရသည်။

ပစ်ခတ်မှုကျူးလွန်သူများကို အခင်းဖြစ်ရာနေရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း အစ္စရေးရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ပစ်ခတ်မှုကျူးလွန်သူမှာ မည်သူမည်ဝါများဖြစ်ကြသည်၊ အဘယ်ကြောင့် ပစ်ခတ်မှု ကျူးလွန်ခဲ့ရသည်ဟူသောအချက်များကို မသိရသေးကြောင်း သိရသည်။

သို့ရာတွင် ဂျေရုဆလင် ဘတ်စကားဂိတ်သေနတ်ပစ်ခတ်မှုကို ပါလက်စတိုင်းခုခံရေးသမားများက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက သတင်းထုတ်ပြန်ထားသည်။

ဘတ်စကားမှတ်တိုင်သေနတ်ပစ်ခတ်မှုတွင် အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ရပြီး ၁၁ ဦး ဒဏ်ရာများရခဲ့ကြောင်း အစ္စရေးရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပစ်ခတ်မှုကျူးလွန်သူ နှစ်ဦးသည် ဘတ်စကားမှတ်တိုင်ရှိရာ မော်တော်ယာဉ် တစ်စီးဖြင့် ရောက်ရှိလာပြီးနောက် ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏အဆိုအရ သိရသည်။

Ref : RT

Trs : KKO



## ဗီယက်နမ်၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ကမ္ဘာ့ဘဏ်ပြန်လည်လျှော့ချ

ဟနွိုင်း စက်တင်ဘာ ၈

ဗီယက်နမ်နိုင်ငံ၏ ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ကမ္ဘာ့ဘဏ်က ယနေ့တွင် ပြန်လည် လျှော့ချသတ်မှတ်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၆ ဒသမ ၆ ရာခိုင်နှုန်းထိ ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ယနေ့တွင် ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်သည် ယခင်က ဗီယက်နမ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၆ ဒသမ ၈ ရာခိုင်နှုန်းထိ ခန့်မှန်းထားသည်။




ဗီယက်နမ်နိုင်ငံ၏ ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ခန့်မှန်းချက်ကို ကမ္ဘာ့ဘဏ်က ပြန်လည် လျှော့ချထားမှုသည် ဗီယက်နမ် စီးပွားရေးအပေါ် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒဆိုးကျိုးသက်ရောက်မှုကို ပြသလျက်ရှိသည်။

အမေရိကန် အစိုးရသည် ဗီယက်နမ်ထုတ်ကုန်များအပေါ် ၂၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်ထားရာ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း ကမ္ဘာ့ဘဏ်က သုံးသပ်ထားသည်။

အမေရိကန်နိုင်ငံသည် ဗီယက်နမ် ထုတ်ကုန်များအတွက် အကြီးမားဆုံးပို့ကုန်ဈေးကွက် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း သက်ဆင် ဗန်ကောက်မြို့သို့ ပြန်လည်ရောက်ရှိ

ဗန်ကောက် စက်တင်ဘာ ၈

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် ယနေ့တွင် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိ လာကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်းသက်ဆင်သည် ၎င်း၏သမီးဖြစ်သူ ပေတုံထန် ရှင်နာဝပ်အား ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ရာထူးမှဖယ်ရှားခဲ့သည့် ဩဂုတ် ၂၉ ရက်တွင် ထိုင်းနိုင်ငံမှ ထွက်ခွာသွားခြင်းဖြစ်သည်။

သို့ရာတွင် ယနေ့ ဝန်ကြီးချုပ်ဟောင်း သက်ဆင် လိုက်ပါလာသည့် ကိုယ်ပိုင်ဂျက်လေယာဉ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဒွန်မောင်းလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် ၎င်းအပေါ်ချမှတ်ထားသည့် ထောင်ဒဏ်ပြစ်ဒဏ်နှင့်ပတ်သက်၍ ထိုင်းတရားလွှတ်တော်ချုပ်က စီရင်ချက်မချမှတ်မီ ထိုင်းနိုင်ငံသို့ ပြန်လည် ရောက်ရှိလာခြင်း ဖြစ်သည်။

အသက် ၇၆ နှစ်အရွယ် စီးပွားရေးလုပ်ငန်းရှင် ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် ထိုင်းနိုင်ငံရေးလောက၌ ဩဇာကြီးမားနေဆဲဖြစ်သည်။

၎င်းသည် ပြည်ပနိုင်ငံများ၌ ၁၅ နှစ်ကြာ ပြည်ပြေးအဖြစ် နေထိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိ ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၈**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စက်တင်ဘာ ၆ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

စတားလင့်ခ် ဂြိုဟ်တုများကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

အထက်ပါဆင်းသက်မှုသည် ဖယ်လ်ကွန်-၉ ဒုံးပျံပထမအဆင့် ပင်မကိုယ်ထည်များ၏ အကြိမ် ၅၀၀ မြောက် ပြန်လည်ဆင်းသက်နိုင်မှုဖြစ်သည်ဟု စပေ့စ်အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လွှတ်တင်ပြီး ၁ နာရီနှင့် ၄ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါမစ်ရှင်အောင်မြင်မှုကြောင့် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုကွန်ရက်၌ ဝန်ဆောင်မှုပေးနေသည့် စတားလင့်ခ်ဂြိုဟ်တုစင်းရေမှာ ၈၃၇၀ ထိရှိလာခဲ့ပြီဖြစ်သည်။

**Ref : Sputnik News**
**Trs : KKO**


## မဟာပေါက်ကွဲမှုကြီးပေါ်ပေါက်ခဲ့ပြီး မကြာမီမှာပင် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သော အာကာသတွင်းနက်တစ်ခုကို ဗြိတိန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**လန်ဒန် စက်တင်ဘာ ၈**

Big Bang ခေါ် မဟာပေါက်ကွဲမှုကြီး ပေါ်ပေါက်ခဲ့ပြီး မကြာမီမှာပင် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သော အာကာသတွင်းနက်တစ်ခုကို ဗြိတိန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ အာကာသတွင်းနက်သည် မဟာပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့ပြီး နှစ်သန်း ၆၀၀ နှင့်သန်း ၇၀၀ ကြားတွင် ပေါ်ထွက်လာသည့် အာကာသတွင်းနက်ဖြစ်ကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းအာကာသတွင်းနက်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) လွှတ်တင်ထားသည့် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



၎င်းအာကာသတွင်းနက်၏ ဒြပ်ထုမှာ နေ၏ဒြပ်ထုထက် အဆပေါင်း သန်း ၅၀ ပို၍ကြီးမားကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ရှေးအကျဆုံး အာကာသတွင်းနက်အဖြစ် သတ်မှတ်နိုင်မည့် အဆိုပါ အာကာသတွင်းနက်ကို QSO-1 ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

သာမန်အားဖြင့် QSO-1 ကဲ့သို့ ဒြပ်ထုအလွန်ကြီးမားသည့် မဟာအာကာသတွင်းနက်များကို ကြယ်စုကြီးများ၏ ဗဟိုချက်တွင်သာ တွေ့ရတတ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## 31/ATLAS ကြယ်တံခွန်၏ တဖြည်းဖြည်းကြီးမားလာသည့် အမြီးတန်းကို အမေရိကန်သိပ္ပံပညာရှင်များက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၈**

နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်သည့် 31/ATLAS ကြယ်တံခွန်၏ တဖြည်းဖြည်းကြီးမားလာသည့် အမြီးတန်းကို အမေရိကန်သိပ္ပံပညာရှင်များက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း စက်တင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ချီလီနိုင်ငံ ဂျီမီနီဆောက်သ် ရေဒီယိုတယ်လီစကုပ်ကိုအသုံးပြု၍ 31/ATLAS ကြယ်တံခွန်၏အမြီးတန်းကို ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁ ရက်တွင် စတင်တွေ့ရှိခဲ့သည့် 31/ATLAS ကြယ်တံခွန်၏ အမြီးတန်းမှာ နေနှင့်နီးလာသည်နှင့်အမျှ အရွယ်အစားပိုကြီးမားလာသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်၏ အမြီးတန်းကို လေ့လာခြင်းဖြင့် ကြယ်တံခွန်၏အရောင်အသွေးနှင့် ဓာတုဖွဲ့စည်းပုံတို့ကို ဖော်ထုတ်နိုင်မည်ဖြစ်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ 31/ATLAS ကြယ်တံခွန်၏ ဓာတုဖွဲ့စည်းပုံမှာ နေအဖွဲ့အစည်းအတွင်း ဖွဲ့စည်းဖြစ်ပေါ်လာသည့် ကြယ်တံခွန်များ၏ ဓာတုဖွဲ့စည်းပုံနှင့် တူညီမှုရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## Motor Neurone ရောဂါကို သွေးစစ်နည်းဖြင့် ၁၀ နှစ်ကြိုတင်၍ ဖော်ထုတ်နိုင်ဖွယ်ရှိ

**နယူးယောက် စက်တင်ဘာ ၈**

ရိုးစင်းသည့် သွေးစစ်နည်းတစ်မျိုးသည် Motor Neurone ရောဂါကို ရောဂါလက္ခဏာမပေါ်မီ ၁၀ နှစ်အလိုလောက်ကပင် ကြိုတင် ဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

သွေးနမူနာများထဲတွင် ပါဝင်သော ပရိုတင်းများကို လေ့လာစူးစမ်းခြင်းဖြင့် Motor Neurone ရောဂါကို ရောဂါလက္ခဏာမပေါ်မီ ဖော်ထုတ်နိုင်ကြောင်း အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Motor Neurone ရောဂါသည် ရောဂါလက္ခဏာမပေါ်မီ ၁၂ လ နှင့် ၁၈ လအလိုတွင် စတင်ဖြစ်ပွားခဲ့သည်ဟု ရှေးယခင်က ယူဆခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ ရောဂါလက္ခဏာမပေါ်မီ ၁၀ နှစ် လောက်မှာပင် Motor Neurone ရောဂါဖြစ်ပွားမှု စတင်နေနိုင်ကြောင်း၊ သို့ဖြစ်ရာ သွေးနမူနာများအတွင်း ပါဝင်နေသည့် Motor Neurone ရောဂါနှင့် ဆက်စပ်နေသော ပရိုတင်းများကို စစ်ဆေးခြင်းဖြင့် ၎င်းရောဂါကို ရောဂါလက္ခဏာ မပေါ်မီမှာပင် ဖော်ထုတ်နိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

လက်ရှိအချိန်တွင် အမေရိကန် သုတေသန ပညာရှင်များသည် Motor Neurone ရောဂါနှင့်ဆက်စပ်နေသောပရိုတင်း ၂၈၈၆ မျိုးကို ဖော်ထုတ်တွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အလွန်အကျွံပြုပြင်ထားသော အစားအစာများတွင် သကြားဓာတ်ပါဝင်မှုကြောင့် နှလုံးဖောက်နိုင်ခြေမြင့်မားလာနိုင်

**ပေကျင်း စက်တင်ဘာ ၈**

အလွန်အကျွံပြုပြင်စီရင်ထားသော အစားအစာများတွင် သကြားဓာတ်ပါဝင်မှုများကြောင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ မြင့်မားလာနိုင်ကြောင်း စက်တင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

နှလုံးသွေးကြောရောဂါများ၏ နောက်ခံ အကြောင်းတရားဖြစ်သော သွေးဖိအားပုံမှန်ထက်မြင့်တက်မှုပြဿနာမှာ ဆားအလွန်အကျွံစားသုံးမှုနှင့် ဆက်စပ်နေကြောင်း အများနားလည်ထားကြပြီးဖြစ်သည်။

သို့ရာတွင် တရုတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများနှင့် အချိုရည်များတွင် ပါဝင်သော သကြားဓာတ်များကို စားသုံးမှုလွန်ကဲပါကလည်း သွေးဖိအားပုံမှန်ထက် မြင့်တက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို ပုံမှန်စားသင့်သည်ထက် ဂရမ် ၁၀၀ ပို၍ စားသုံးတိုင်းသွေးဖိအားပုံမှန်ထက် မြင့်တက်လာနိုင်ခြေ ၁၄ ဒသမ ၅ ရာခိုင်နှုန်းထိ မြင့်မားလာနိုင်သည်ဟု တရုတ်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ထို့ပြင် နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့မှာလည်း ခြောက်ရာခိုင်နှုန်းခန့်ထိ မြင့်တက်လာနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# Aramco Houston Championship ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို နူရီယာ ဆွတ်ခူး

**တက္ကဆက် စက်တင်ဘာ ၈**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပခဲ့သော Aramco Houston Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စပိန်ဂေါက်သီးရိုက်မယ် နူရီယာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

၅၄ ကျင်းသာ ယှဉ်ပြိုင်ကစားခဲ့ရသည့် Aramco Houston Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဒုတိယနေ့အပြီးထိ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် စပိန်ဂေါက်သီးရိုက်မယ် စီဂန်ဒါနှင့် အင်္ဂလန်ဂေါက်သီးရိုက်မယ်ချာလေဟူးလ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

စင်ကာပူ ဂေါက်သီးရိုက်မယ် ရှန်နွန်တန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

နူရီယာက " PIF Global Series ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ဝမ်းသာပါတယ်။ အမေရိကန်မြေမှာ အသင်းအနေနဲ့ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ဖူးတယ်။ ဒီတစ်ကြိမ်မှာတော့ တစ်ဦးချင်းပြိုင်ပွဲမှာ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ကစားသမားဘဝသက်တမ်းတစ်လျှောက် အောင်မြင်မှုတွေရရှိဖို့အတွက် တော်တော်လေးကို ခက်ခက်ခဲခဲ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လဲ အောင်မြင်မှုတွေနဲ့အလှမ်းဝေးခဲ့ပြီးတော့ အခုတော့ အခက်အခဲတွေကို ကျော်ဖြတ်ပြီး ချန်ပီယံဖြစ်ခွင့်ရလာခဲ့ပြီ။ ကျွန်မရဲ့ ကက်ဒီဖြစ်တဲ့ ဒေးဗစ်ရဲ့ကျေးဇူးကြောင့် အခုလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒေးဗစ်ဟာ အမေရိကန်က ဂေါက်ကလပ်တွေနဲ့ အရမ်းရင်းနှီးနေတဲ့ သူဖြစ်ပြီးတော့ သူ့ရဲ့အကြံပြုချက်တွေက ကျွန်မအတွက် အရေးပါခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL




## အားကစားသတင်းအတိုအထွာများ

- လာလီဂါပြိုင်ပွဲ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကို အသင်းအား နိုင်ပွဲသုံးပွဲရယူပေးခဲ့သည့် နည်းပြအလွန်ဆိုက ဘီလ်ဘာအိုအသင်းနည်းပြ ဗယ်ဗာဒီနှင့် အက်စ်ပန်ညိုအသင်းနည်းပြ ဂွန်ဇာလက်ဇ်တို့ကို ကျော်ဖြတ်၍ အကောင်းဆုံးဆု ရရှိခဲ့သည်။
- လိုက်ပ်ဇစ်အသင်း တိုက်စစ်မှူးဆိုင်မွန်က အသင်းဖော်ဟောင်း တီမိုဝါနာအနေဖြင့် စပါးအသင်းသို့ပြောင်းရွှေ့ရန် တိုက်တွန်းပြောကြားခဲ့မှုကြောင့် ပြောင်းရွှေ့ခဲ့သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘီလ်ဘာအိုအသင်း ခံစစ်ကစားသမား အယ်ကာရက်ဇ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ယူအသင်းနှင့် ကစားခဲ့သည့် ယူရိုပါလိဂ် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အပြီးတွင် တားမြစ်ဆေးသုံးစွဲမှုနှင့် ၁၀ လ ပွဲပယ် ပြစ်ဒဏ်ကျခံရသဖြင့် လာမည့်နှစ်ဧပြီလမှသာ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်သော်လည်း လာမည့်နှစ် ဖေဖော်ဝါရီ ၂ ရက်မှစတင်ကာ ကလပ်အသင်းနှင့်အတူ လေ့ကျင့်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ML

# ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် မာရင်နို စပိန်အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူ

**မက်ဒရစ် စက်တင်ဘာ ၈**



ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယပွဲစဉ်တွင် တူကီယဲအသင်းကို စပိန်အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ကွင်းလယ်ကစားသမား မာရင်နိုက စပိန်အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

တူကီယဲအသင်းနှင့် ပွဲစဉ်တွင် စပိန်အသင်းက ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ကစားနိုင်ခဲ့ရာ ပွဲကစားချိန် ခြောက်မိနစ်တွင် ဝီလျံ၏ ဖန်တီးပေးမှုမှ ပက်ထရီ၊ ပွဲကစားချိန် ၂၂ မိနစ်၊ ပွဲကစားချိန် ၄၅ မိနစ်တို့တွင် မာရင်နိုတို့၏ သွင်းဂိုးများဖြင့် ပထမပိုင်းတွင် သုံးဂိုးပြတ် ဦးဆောင်နိုင်ခဲ့သကဲ့သို့ ဒုတိယပိုင်းတွင်လည်း ပွဲချိန် ၅၃ မိနစ်တွင် ဖာရန်တောရက်စ်၊ ပွဲကစားချိန် ၅၇ မိနစ်တွင် မာရင်နို၊ ပွဲချိန် ၆၂ မိနစ်တွင် ပက်ထရီတို့က ဦးဆောင်ဂိုးအသီးသီးသွင်းယူ၍ ခြောက်ဂိုးပြတ်ဖြင့် နိုင်ပွဲရခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဟက်ထရစ်ဂိုးသွင်းယူခဲ့သည့် မာရင်နိုသည် ကစားသမားဘဝတွင် စပိန်အသင်းအတွက် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်၌ ပထမဆုံးအကြိမ် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး စပိန်အသင်းအနေဖြင့်လည်း ကမ္ဘာဖလား ခြေစစ်ပွဲအဆင့်တွင် နောက်ဆုံးကစားခဲ့သည့် အဝေးကွင်း ၁၅ ပွဲဆက်တွင် ၁၁ ပွဲထိ ဂိုးမပေးရသည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့သည်။

စပိန်အသင်းသည် ခြေစစ်ပွဲ အုပ်စု(E)တွင် နှစ်ပွဲကစားအပြီး ရမှတ် ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေကာ ဒုတိယနေရာမှ ဂျော်ဂျီယာအသင်းက ရမှတ်သုံးမှတ်ဂိုးကွာခြားချက်ဖြင့် အဆင့်(၂)၊ တူကီယဲအသင်းက ရမှတ်သုံးမှတ်ဖြင့်အဆင့်(၃)၊ လူဇင်ဘတ်အသင်းက ရမှတ်မရရှိသေးဘဲအုပ်စုအောက်ဆုံးအဆင့်တွင် ရပ်တည်နေကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ကယ်ဟာနိုဂလူကိုခေါ်ယူရန် အောင်မြင်မှုမရခဲ့ကြောင်း ဂါလာတာစာရေးအသင်းနည်းပြ ဘူရက် ထုတ်ဖော်ပြောကြား

**အင်ကာရာ စက်တင်ဘာ ၈**

တူကီယဲကလပ် ဂါလာတာစာရေးအသင်းသည် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် အင်တာမီလန်အသင်းမှ ကယ်ဟာနိုဂလူကို ခေါ်ယူရန် အပြောင်းအရွှေ့ကာလနောက်ဆုံးချိန်တွင် ကြိုးပမ်းခဲ့သော်လည်း အင်တာမီလန်အသင်းကပယ်ချခဲ့မှုကြောင့် ခေါ်ယူနိုင်ခြင်းမရှိခဲ့ကြောင်း နည်းပြ ဘူရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဂါလာတာစာရေးအသင်း အနေဖြင့် ကယ်ဟာနိုဂလူကိုခေါ်ယူရန် ကစားသမားနှင့် သဘောတူညီမှုရရှိခဲ့ပြီးနောက် ကစားသမားအနေဖြင့် လုပ်ခလစာလျှော့ယူ၍ ပြောင်းရွှေ့မည် ဖြစ်သော်လည်း အင်တာမီလန်အသင်းက ပြောင်းရွှေ့ကြေး ယူရို ၄၅ သန်းထိ အလိုရှိနေသဖြင့် ခေါ်ယူရန်ကြန့်ကြာခဲ့သည်။

သို့သော် နည်းပြ ဘူရက်က အပြောင်းအရွှေ့ နောက်ဆုံးချိန်တွင် အင်တာမီလန်အသင်းက တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေး ယူရို ၄၅ သန်းထက် တိုးမြှင့်ကမ်းလှမ်းခဲ့သော်လည်း အင်တာမီလန်အသင်းက တွေ့ဆုံဆွေးနွေးမှုမရှိခဲ့သဖြင့် ကယ်ဟာနိုဂလူကို ခေါ်ယူရန် အောင်မြင်မှုမရခဲ့ကြောင်း ပြောကြားခဲ့သည်။


အသက် ၃၁ နှစ်ရှိ ကွင်းလယ်ကစားသမားသည်မကြာသေးမီက စီးရီးအေပြိုင်ပွဲတွင် ဆက်လက်ကစားသွားမည်ဟု ကြေညာထားသော်လည်း အသင်းတွင် ခက်ခဲသည့်အချိန်များ ရှိလာခဲ့ပြီးနောက် ဂါလာတာစာရေး အသင်းသို့ လုပ်ခလစာလျှော့ယူ၍ ပြောင်းရွှေ့ရန်ကြိုးပမ်းခဲ့ရာ အသင်းက ၎င်းကိုရောင်းချရန် အစီအစဉ်မရှိခဲ့သောကြောင့် အသင်းပြောင်းရွှေ့ရန် အောင်မြင်မှုမရခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# နယ်သာလန်အသင်း၏ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် တိုက်စစ်မှူး ဒီပေး ရပ်တည်

**အမ်စတာဒမ် စက်တင်ဘာ ၈**



နယ်သာလန် အသင်းက လစ်သူယေးနီးယား အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူပေးခဲ့သည့် တိုက်စစ်မှူး ဒီပေးသည် သွင်းဂိုး ၅၂ ဂိုးထိ ရှိလာခဲ့ပြီး နိုင်ငံ့လက်ရွေးစင် အသင်းအတွက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်ခဲ့သည်။

နယ်သာလန်အသင်းသမိုင်းတွင် တိုက်စစ်မှူးဟောင်း ဗန်ပါစီက သွင်းဂိုး ၅၀ ဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသော်လည်း တိုက်စစ်မှူးဒီပေးက ယခုပွဲစဉ်တွင် ပွဲကစားချိန် ၁၁ မိနစ်၌ အသင်းဖော် ကစားသမား ဂတ်ပို၏ဖန်တီးမှုမှ သွင်းဂိုး တစ်ဂိုးနှင့် ပွဲချိန် ၆၃ မိနစ်တွင် ဒမ်ဖရိုင်း၏ ဖန်တီးမှု သွင်းဂိုး တစ်ဂိုး စုစုပေါင်း နှစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် သွင်းဂိုး ၅၂ ဂိုးဖြင့် ဗန်ပါစီ၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် တိုက်စစ်မှူးဒီပေးသည် ပြီးခဲ့သည့် ပိုလန်အသင်းနှင့် ပွဲစဉ်တွင် ဒမ်ဖရိုင်းသွင်းယူသည့် သွင်းဂိုးကို ဖန်တီးမှုပြုလုပ်နိုင်ခဲ့ပြီးနောက် ဂိုးဖန်တီးမှု ၁၅ ကြိမ် အများဆုံး ပြုလုပ်ပေးထားသည့် ကွင်းလယ် ကစားသမားဟောင်း ရှက်နိုက်ဒါ၏ စံချိန်ကိုလည်း လိုက်မီနိုင်ခဲ့သည်။

ဒီပေးသည် နယ်သာလန်အသင်းအတွက် ၂၀၁၃ ခုနှစ်က စတင်ပါဝင်ကစားပေးခဲ့ပြီးနောက် အသင်းနှင့် ပြိုင်ပွဲစုံ ၁၀၂ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ၅၂ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပြီး ၂၀၂၂ ခုနှစ်က အသင်းနှင့် ကစားခဲ့သည့် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း သွင်းဂိုး ၁၇ ဂိုးထိ သွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အယ်ကာရက်ဇ်ဆွတ်ခူး




နယူးယောက် စက်တင်ဘာ ၈

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပခဲ့သည့် US Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ကမ္ဘာ့အဆင့်(၂)တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၂ ၊ ၃-၆ ၊ ၆-၁၊၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာအနေဖြင့် စပိန်ကစားသမား အယ်ကာရက်ဇ်နှင့် တွေ့ဆုံတိုင်း အကောင်းဆုံးကစားနိုင်ခဲ့သော်လည်း ဗိုလ်လုပွဲစဉ်တွင် ဂျန်နစ်ခ်ဆင်နာသည် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ပြတ်သားသည့်ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အသက် ၂၂ နှစ် အရွယ်သာရှိသေးသည့် အယ်ကာရက်ဇ်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက်ဂရန်းစလန်းဆုဖလား ခြောက်လုံးထိ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပြီး တင်းနစ်လောကတွင် ဆွီဒင် ဂန္ဓဝင်တင်းနစ်ကစားသမား ဘွန်ဘော့နောက်ပိုင်း ဂရန်းစလန်းဆုဖလား ခြောက်လုံးထိ ဆွတ်ခူးနိုင်ခဲ့သည့် အသက်အငယ်ဆုံးသော ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာအား အနိုင်ကစားသွားနိုင်ခဲ့သည့် အယ်ကာရက်ဇ်၏ စွမ်းဆောင်ရည်နှင့် ပတ်သက်ပြီး အယ်ကာရက်ဇ်၏ နည်းပြဖြစ်သူ ဂျူအန်ကားလို့စ်ကအယ်ကာရက်ဇ်သည် ပြီးပြည့်စုံသည့် စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ခြင်းဖြစ်ကြောင်း ချီးကျူးပြောကြားခဲ့သည်။

အယ်ကာရက်ဇ်က “မိမိရဲ့နည်းပြကို အခုလိုဂုဏ်ယူစွာချီးကျူးနိုင်အောင် စွမ်းဆောင်ပြနိုင်ခဲ့တာကို အားရကျေနပ်မိပါတယ်။ကျွန်တော့်နည်းပြဟာ အနိုင်ရလိုစိတ် ပြင်းထန်တဲ့သူပါ။ ပါဝင်ယှဉ်ပြိုင်တဲ့ ပွဲတိုင်းမှာလဲ ကျွန်တော့်ကို အနိုင်ရစေချင်တယ်။ အခုလိုမျိုး ကျွန်တော့်ရဲ့ကစားပုံကို ပြီးပြည့်စုံတယ်ဆိုတဲ့ စကားမျိုး သိပ်ပြောလေ့မရှိပါဘူး။ ကျွန်တော့်အတွက်တော့ တကယ့်ကို ဂုဏ်ယူစရာကောင်းတဲ့ အောင်မြင်မှုဖြစ်ပါတယ်။ သူပြောခဲ့သလိုပဲ ကိုယ်တိုင်လဲ ဗိုလ်လုပွဲစဉ်က စွမ်းဆောင်ရည်ဟာ ပြီးပြည့်စုံခဲ့တယ်လို့ ခံစားမိပါတယ်” ဟု ပြောကြားခဲ့သည်။

ဂျန်နစ်ခ်ဆင်နာအား အနိုင်ရရှိခဲ့ခြင်းကြောင့် အယ်ကာရက်ဇ်အနေဖြင့် ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရရှိရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : Irish Examiner
Trs : AZL

# လေဗာကူဆင်အသင်းက နည်းပြတန်ဟတ်နေရာတွင် ကက်စပါဂျူးလ်မန်းကို ခန့်အပ်

ဘာလင် စက်တင်ဘာ ၈

လေဗာကူဆင် အသင်းသည် ရာသီအစ အဖွင့်ပွဲစဉ်သုံးပွဲကစားအပြီးတွင် ပုံစံကောင်းပြသနိုင်ရန် ခက်ခဲခဲ့သည့် နည်းပြ တန်ဟတ်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် ယခင် ဒိန်းမတ်အသင်းနှင့် မိန့်ဇ်အသင်း နည်းပြဟောင်း ကက်စပါဂျူးလ်မန်းကို ခန့်အပ်ခဲ့သည်။

အသင်း တာဝန်ရှိသူများက ကက်စပါဂျူးလ်မန်းကို လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆို၍ နည်းပြတန်ဟတ်နေရာတွင် အစားထိုးနိုင်ခဲ့ပြီးနောက် နိုင်ငံတကာပြိုင်ပွဲကာလ ပြန်လည်စတင်ချိန်တွင် ဖရန့်ဖတ်အသင်းနှင့် ကစားရမည့်ပွဲစဉ်ကို စတင်တာဝန်ယူမည်ဖြစ်သည်။

အသက် ၅၃ နှစ်ရှိ ဒိန်းမတ်လူမျိုး ကက်စပါဂျူးလ်မန်းသည် နည်းပြဘဝကို ၂၀၁၁ ခုနှစ်က မွေးရပ်မြေကလပ် အသင်းဖြစ်သည့် နော့ဇ်ဂျေးလန်အသင်းနှင့် စတင်ခဲ့ပြီးနောက် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ဂျာမန်ကလပ် မိန့်ဇ်အသင်းကို တာဝန်ယူခဲ့ကာ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ နော့ဇ်ဂျေးလန်အသင်းကို ဒုတိယအကြိမ်ကိုင်တွယ်၍ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်ထိ ဒိန်းမတ်အသင်းကိုတာဝန်ယူခဲ့ကြောင်း သိရသည်။

လေဗာကူဆင် အသင်းသည် နည်းပြအလွန်ဆိုလက်ထက်တွင် အသင်းကိုအကောင်းဆုံးပြန်လည်တည်ဆောက်နိုင်ခဲ့ဖြင့် ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ရှုံးပွဲမရှိချန်ပီယံဆုနှင့် ပိုကယ်ဖလားတို့ ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အလွန်ဆိုသည် ရီးရဲလ်မက်ဒရစ်အသင်းသို့ ထွက်ခွာသွားသဖြင့် ၎င်းနေရာတွင် နည်းပြတန်ဟတ်ကိုခန့်အပ်ခဲ့ရာ စွမ်းဆောင်ရည်ပိုင်း ကျဆင်းသွားခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ရာထူးမှ ထုတ်ပယ်ခဲ့ပြီး ယခုအခါ ဘွန်ဒက်လီဂါ အတွေ့အကြုံရှိသည့် နည်းပြကက်စပါဂျူးလ်မန်းကို ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Bundesliga
Trs : ML



# အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက်တွင် ISPE အသင်း မဲအိုးနံပါတ်(၄)၌ ကျရောက်

ရန်ကုန် စက်တင်ဘာ ၈

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက်တွင် ISPE အသင်း မဲအိုးနံပါတ်(၄)တွင် ကျရောက်နေကြောင်း သိရသည်။

ISPE အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အတွက် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ISPE အသင်းသည် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင်လည်း ရလဒ်ကောင်းများရရှိခဲ့ပြီး ခြေစစ်ပွဲအုပ်စုသုံးပွဲကစားခဲ့ရာ သုံးပွဲစလုံး အနိုင်ရရှိခဲ့ပြီး အုပ်စုပထမနေရာဖြင့် ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက်၌ မဲအိုးနံပါတ်(၁)တွင် မဲလ်ဘုန်းစီးတီးအသင်း၊ ဆူဝန်အသင်း၊ တိုကျိုဘာဒိုင်ဘာလီဇာအသင်းမဲအိုးနံပါတ် (၂)တွင် ဝူဟန်ဂျန်ဒါအသင်း၊ ဟိုချီမင်းစီးတီးအသင်း၊ ဗန်ခါတွန်အသင်း၊ မဲအိုးနံပါတ် (၃)တွင် စတယ်လိုင်းယွန်းအသင်း၊ အရှေ့ဗန်ဂေါအသင်း၊ နာဂျီယိုယန်းအသင်း၊ မဲအိုးနံပါတ် (၄)တွင် ISPE အသင်း၊ နာဆက်ဖ်အသင်းနှင့် လိုင်းယွန်းစီးတီးအသင်းတို့ပါဝင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် လက်ရှိချန်ပီယံအသင်းအဖြစ် တရုတ်ကလပ် ဝူဟန်ဂျန်ဒါအသင်းကရပ်တည်နေကြောင်း သိရသည်။

STA

# တရုတ်ဖိတ်ခေါ်ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာဖူဆယ်အသင်း ဆီမီးဖိုင်နယ်အဆင့် တက်ရောက်

ရန်ကုန် စက်တင်ဘာ ၈

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ ကျင်းပလျက်ရှိသည့် တရုတ်ဖိတ်ခေါ်ဖလား ဖူဆယ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာဖူဆယ်အသင်းက ကမ္ဘောဒီးယားအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ် အသင်းသည် ယခုနှစ်အတွင်း ကျင်းပမည့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် တရုတ်ဖိတ်ခေါ်ဖလားပြိုင်ပွဲကို ဝင်ရောက်ကစားခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနှင့်ကမ္ဘောဒီးယားအသင်းတို့ပွဲစဉ်တွင် မြန်မာအသင်းအတွက် သွင်းဂိုးများကို ထွန်းအောင်ကျော်၊ ဝေဇင်ဦး၊ အောင်ဇင်ဦးနှင့်နိုင်လင်းထွန်းကျော်တို့က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်ဖိတ်ခေါ်ဖလား ပြိုင်ပွဲတွင် မြန်မာဖူဆယ်အသင်းသည် အုပ်စုပွဲစဉ်များတွင် နယူးဇီလန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ဒုတိယပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အုပ်စုနောက်ဆုံးပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရမှတ် ခြောက်မှတ် အုပ်စုဒုတိယနေရာဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

STA

# နေရှင်နယ်လိဂ်ယူ-၂၁ပြိုင်ပွဲ ပွဲစဉ် (၁၉)တွင် ရှောဝတီယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာ နေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ် (၁၉)တွင် ရှောဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ် (၁၉)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ ဗဟန်း အားကစားကွင်းတွင် ရှောဝတီယူနိုက်တက် အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ရှောဝတီယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှောဝတီယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် ဖြူနိုင်ဝင်း၊ ၃၆ မိနစ်တွင် ဝိုင်းထက်ပိုင်နှင့် ၈၃ မိနစ်တို့တွင် ကျော်မင်းခန့်တို့က သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက သီဟဒီပ အားကစားကွင်းတွင် ရခိုင်ယူနိုက်တက် အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၈ မိနစ်နှင့် မိနစ် ၈၀ တွင် သူရအောင်နှင့်



ပွဲချိန် ၆၆ မိနစ်တွင် စီကေချစ်တို့က သွင်းယူနိုင်ခဲ့ကာ ရခိုင်ယူနိုက်တက်အတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၂၅ မိနစ်တွင် သော်ဇင်နိုင်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# စဉ်းစားစရာပါ

**မောင်သံလွင်**

မထင်မှတ်ဘဲ တွေ့ရာကောက်ကိုင်လိုက်မိတဲ့ စာအုပ်တစ်အုပ်က တော်တော်စိတ်ဝင်စားစရာကောင်းနေတယ်။ ကိုးနှစ်၊ ဆယ်နှစ်ကျောင်းသားလေးတွေ သူတို့အချင်းချင်း စာတိုရေးပို့ကြတဲ့ ပေးစာလေးတွေကိုစုပြီး မှတ်တမ်းတင်ထားတဲ့ အခန်းတစ်ခန်းပါတဲ့ စာအုပ်ကလေးတစ်အုပ်ပါ။ စာကြီးပေကြီးတော့လဲ မဟုတ်ပါ။ ဒါပေမဲ့ ဖတ်တဲ့လူကိုတော့ အကျိုးပြုစေတဲ့ စေတနာလေးတွေပါကြတာ တွေ့ရပါတယ်။ ကြည့်ပါအုံးဗျာ။

တစ်ယောက်ကရေးထားတယ်-

**"မင်းစိတ်ရှုပ်နေတဲ့အခါ အေးအေးဆေးဆေး ထိုင်ပြီးအဖြေရှာပါ။ စဉ်းစားပါ။ မင်းကိုဖိနှိပ်ချင်တဲ့သူ၊ နှိမ့်ချချင်တဲ့လူ၊ သူတို့ကို လျစ်လျူရှုလိုက်ပါကွာ။ မင်းကိုယ်မင်းသာ အရှုံးမပေးတဲ့သူ ဖြစ်အောင် စဉ်းစားပါ"**တဲ့။

နောက်တစ်ယောက်က-

**"ရေခဲသေတ္တာထဲမှာ ဘာမှမရှိရင်လဲ ဗိုက်စာလို့ ခွေးစာကိုတော့ သွားမစားလိုက်နဲ့နော်။ မင်းဖုံးကွယ် လိမ်ညာနေရလိမ့်မယ်။ လိမ်တာညာတာနဲ့ မတော်တာစားမိတာက မတန်ပါဘူးကွာ"**တဲ့။

အခြားတစ်ယောက် ဒီလိုရေးထားတာတွေ့ရတယ်-

**"မင်းအိမ်သာထဲ မထိုင်ခင် သန့်စင်စက္ကူရှိရဲ့လား။ ရေရှိရဲ့လား။ ဆပ်ပြာရှိရဲ့လား အရင်ကြည့်သင့်တယ်။ ကြိုတင် မစဉ်းစားမိခဲ့ရင် ဒုက္ခတစ်ခုခုကြုံရတတ်တယ်ဟ"**

နောက်ကျောင်းသားတစ်ဦးရေးထားတာက-

**"အတန်းထဲမှာ လပတ်စာမေးပွဲဖြေစရာရှိနေရင် အိမ်မှာကတည်းက တစ်ခေါက်နှစ်ခေါက်တော့ ကြိုဖတ်သွားပါကွာ။ မေးခွန်းတွေကို အဖြေမှန်မရေးနိုင်ဘဲ ဖြီးနေရရင် စိတ်ညစ်ရလိမ့်မယ်"**တဲ့။

ကျောင်းသူလေးတစ်ယောက် ရှစ်နှစ်သမီးလေး ရေးတာက-

**"အဖေ၊ အမေတွေစကားပြောနေကြရင် ကြားဖြတ်ဝင်မပြောဘဲ သူတို့စကားဆုံးအောင်နားထောင်၊ အဲဒါကောင်းတယ်။ အဲ တစ်ယောက်ယောက် သွေးထွက်သံယိုမဖြစ်သမျှအထိပေါ့ကွယ်"**တဲ့။

ကိုးနှစ်သမီး ကျောင်းသူလေးတစ်ယောက်က ဒီလိုရေးတယ်-

**"တကယ်လို့မင်းဟာ ကလေးဝတ်ဆိုက်ကြီးဝတ်ရတဲ့ အရွယ်ဆိုပါစို့။ လူကြီးဝတ်အငယ်ဆုံးဆိုက်က မင်းအတွက် အကြီးကြီးဖြစ်နေအုံးမှာပဲ။ လူတွေကို မြင်ရုံနဲ့ အဆိုးအကောင်း မဆုံးဖြတ်ပါနဲ့။ ကမ္ဘာပေါ်မှာ ရုပ်အဆိုးဆုံးလူဖြစ်ပေမဲ့ စိတ်သဘောက အကောင်းဆုံးလူလဲ ဖြစ်နေနိုင်တာပဲ"** တဲ့။

မိန်းကလေးတစ်ယောက်က ရေးထားတယ်-

**"လူတစ်ယောက်ရဲ့ နာမည်ကိုမှားရေးတာဟာ သူ့ကိုစိတ်ထိခိုက်စေပါတယ်"**တဲ့။ သူ့နာမည်ကိုမှားရေးခံရတာ ကြုံဖူးလေသလားတော့ မပြောတတ်ပါ။

ဆယ်နှစ်သား ကျောင်းသားလေးတစ်ယောက် ရေးထားတဲ့စာက တစ်ကြောင်းတည်းပေမဲ့ နိမိတ်ပုံအလင်္ကာသဘောနဲ့ ပြောတာလို ဂယက်အနက်တွေ ဖြာထွက် နေသလိုပဲ။

**"မင်းဆွယ်တာကိုချွတ်လိုက်ရင် အတွင်းက ရုပ်အင်္ကျီပေါ်လာမှာပဲ"**တဲ့။

ဆယ်နှစ်အရွယ် မာရီယာမက်ကလင်းဆိုသူ ကလေးမလေး ရေးထားတာက တော်တော်လေးနက်တဲ့ အတွေးပါတယ်လို့ ဆိုရမလိုပဲ။

**"မင်းမှာ အသက်တစ်ချောင်းပဲရှိတယ်။ အပိုမပါဘူး။ ဒါကြောင့် ပိုပြီးဂရုစိုက်ပါ။ မင်းသူငယ်ချင်းတွေ မိုက်မှားတဲ့အလုပ်တွေလုပ်နေလို့ အဖော်ခေါ်ရင် သူတို့လုပ်ရာ လိုက်ပါမလုပ်မိစေနဲ့"**တဲ့။

နောက်တစ်ယောက်ရေးတဲ့ သတိပေးချက်က-

**"ဘယ်တော့မှ လိမ်မပြောမိစေနဲ့။ လိမ်ဖူးရင် ဆက်ပြီးလိမ်နေရလိမ့်မယ်။ ဒီလိုနဲ့ လိမ်ညာစကားနဲ့ မင်းနဲ့တွဲမိပြီး မင်းဟာလူလိမ်တစ်ယောက် ဖြစ်သွားနိုင်တယ်။ သတိပြုပါ"**တဲ့

နောက်တစ်ယောက်က-

**"လူတစ်ယောက်ကို မျက်ရည်ကျအောင်လုပ်မိရင်မင်းကဝမ်းနည်းပါတယ်လို့တောင်းပန်ဖို့လိုတယ်။ စိတ်ကောင်းမွေးပါ။ စိတ်ကောင်းထားရှိတယ်ဆိုရင် ရောက်ရာအရပ်မှာ ကောင်းတာတွေပဲတွေ့မယ်"**တဲ့။

**❖ ဘဝလမ်းကြောင်းနဲ့ချီပြီး အကောင်းအဆိုးအမျိုးမျိုးကို တွေ့ကြုံဖြတ်သန်းရမဲ့ ရွေးချယ်မှုမျိုးမှာ ဘာမှချင့်ချင့်ချိန်ချိန် နှိုင်းနှိုင်းဆဆ မစဉ်းစားဘဲ၊ သူများယောင်လို့ယောင်ရတယ်။ အမောင်တောင်မှန်း မြောက်မှန်းမသိဆိုသလို ကိုယ်စီးတဲ့မြင်းကိုတောင် အထီးမှန်း၊ အမမှန်း မသိကြတဲ့လူ တော်တော်များများ တွေ့ရတဲ့အခါ ဖော်ပြပါ ရှစ်နှစ်၊ ကိုးနှစ်၊ ဆယ်နှစ်အရွယ် မူလတန်းကျောင်းသူ၊ ကျောင်းသားလေးတွေလောက်တောင် အတွေးမကျယ်ပြန့်ခဲ့ရှာပါလား။ ဘဝတစ်ခုကို အတွေးတိမ်တိမ်လေးနဲ့ ရွှေ့လျားနေကြပုံက သူတို့မိဘ၊ ဆွေမျိုး၊ အသိုင်းအဝိုင်းမဆိုထားနဲ့ ကြားရတဲ့သူ၊ မြင်ရတဲ့သူတောင် စိတ်ပျက်ရလောက်တယ်။ ❖**

ကိုးနှစ်၊ ဆယ်နှစ်ကလေးငယ်များရဲ့ စိတ်ကူးနဲ့ သူတို့သူငယ်ချင်း အတန်းဖော်တွေအတွက် စိတ်ထဲရှိရာ သူ့စိတ်မှာ ရှိတာလေးတွေ ရေးချထားလိုက်တာနော်။

ကလေးဘဝတွေ လွန်မြောက်ဖြတ်သန်းခဲ့ကြပြီးတဲ့ မိမိတို့လူလတ်ပိုင်း၊ လူကြီးပိုင်းတွေအတွက်လဲ သူတို့ကပေးတဲ့အသိပညာ၊ သင်ခန်းစာတွေက ရိုးမသွားဘဲ အသုံးဝင်နေဆဲပဲ။ စဉ်းစားသင့်တယ်လို့ ထင်မြင်ပါတယ်။

**"သင်ဟာမခုန်ခင်ကြည့်ပါအုံး"**လို့ဆိုတဲ့ အင်္ဂလိပ်ဆိုရိုးစကားဟာ စကားမပြောခင်ဖြစ်ဖြစ်၊ အလုပ်တစ်ခုမပြုလုပ်မီဖြစ်ဖြစ်၊ အကောင်းအဆိုး၊ အကျိုးအပြစ် စဉ်းစားချင့်ချိန်သင့်တယ်ဆိုတဲ့ သင်ခန်းစာ၊ ဘဝတစ်လျှောက်လုံး ဘယ်တော့မဆို မရိုးနိုင်ပါဘူး။

ရှည်မှာစိုးလို့၊ များမှာစိုးလို့ ချန်ထားခဲ့တဲ့ သူတို့ရေးထားတာလေးတစ်ပိုဒ်ဆိုရင် ဒီလိုတွေ့ရတယ်-

**"ဖိနပ်ကြိုးမချည်ဘဲ ဘယ်တော့မှမပြေးသင့်ပါ။**
**စက်ဘီးစီးတိုင်း ရှေ့ဘီးရိတ်ကို အရင်မဖမ်းပါနှင့်။**
**အပြေးအလွှား အားသွန်ပြေးမှ ရောက်ရမဲ့**
**ကိုယ့်ခရီးမှာ ဘယ်သူကဘာပဲထင်ထင် မင်းဟာ**
**အားသွန်ပြေးသွားလိုက်ပါ"**တဲ့

ဘဝလမ်းကြောင်းနဲ့ချီပြီး အကောင်းအဆိုးအမျိုးမျိုးကို တွေ့ကြုံဖြတ်သန်းရမဲ့ ရွေးချယ်မှုမျိုးမှာ ဘာမှချင့်ချင့်ချိန်ချိန် နှိုင်းနှိုင်းဆဆ မစဉ်းစားဘဲ၊ သူများယောင်လို့ယောင်ရတယ်။ အမောင်တောင်မှန်း မြောက်မှန်းမသိ ဆိုသလို ကိုယ်စီးတဲ့မြင်းကိုတောင် အထီးမှန်း၊ အမမှန်း မသိကြတဲ့လူ တော်တော်များများ တွေ့ရတဲ့အခါ ဖော်ပြပါ ရှစ်နှစ်၊ ကိုးနှစ်၊ ဆယ်နှစ်အရွယ် မူလတန်းကျောင်းသူ၊ ကျောင်းသားလေးတွေလောက်တောင် အတွေးမကျယ်ပြန့်ခဲ့ရှာပါလား။ ဘဝတစ်ခုကို အတွေးတိမ်တိမ်လေးနဲ့ ရွှေ့လျားနေကြပုံက သူတို့မိဘ၊ ဆွေမျိုး၊ အသိုင်းအဝိုင်းမဆိုထားနဲ့ ကြားရတဲ့သူ၊ မြင်ရတဲ့သူတောင် စိတ်ပျက်ရလောက်တယ်။ အသက်မွေးဝမ်းကျောင်းပညာ ဘာတစ်ခုမှမတတ်၊ ဘာသာစကားလဲ ဘာမှမတတ် (တရုတ်ပြည်ဘက်သွား အလုပ်လုပ်ချင်သူ၊ ထိုင်း၊ လာအို၊ မလေးရှား၊ စင်ကာပူနိုင်ငံ စသဖြင့်သွားပြီး အလုပ်ရှာမဲ့သူ) တရားဝင်အစိုးရချင်း တိတိကျကျ ချိတ်ဆက်ပြီး အစီအမံနဲ့ တရားဝင်အလုပ်လုပ်ရန် မဟုတ်ဘဲ ခွေးတိုးပေါက်ကနေခိုးထွက်၊ ငွေညစ်တဲ့လူ တောင်းသမျှပေးရ၊ ပုန်းရ၊ ရှောင်ရ၊ လှေခိုးစီးရ၊ ကားထဲပိတ်လှောင်ပြီး ခိုးစီးရ၊ လူမသိသူမသိရပ်ကွက်ထဲ၊ အိမ်ထဲပိတ်လှောင်ထားခံရ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းဟူသမျှ ဘာဆိုဘာမှ မသိနားမလည်၊ သွားချင်ရာသွားတယ်၊ သူများခေါ်လို့ လိုက်တယ်။ သူများသူပုန်ထလို့ ရောရောင်လက်နက်ကိုင်သူပုန်ဖြစ်လာခဲ့တယ်။ စစ်တိုက်တာတော့ ဟုတ်ပါပြီ။

လက်နက်ကိုင်တိုက်ပွဲဆိုတာ အမှန်တကယ်က နိုင်ငံရေးမူဝါဒလမ်းစဉ်အရ ညှိနှိုင်းဖြေရှင်းလို့ မရတော့လောက်အောင် တင်းမာနေလို့ နိုင်ငံရေးပဋိပက္ခကို အကြမ်းဆုံးနည်းနဲ့ ဖြေရှင်းအားပြိုင်တဲ့ (အညံ့ဆုံး အဆိုးဆုံး)နည်းလမ်း။ နောက်ဆုံးရွေးချယ်ရတဲ့ နှစ်ဖက်စလုံးရှုံးရတဲ့လမ်း။

နှစ်ဖက်စလုံးက အရှုံးလေးနဲ့ အရှုံးကြီးသာ။

နိုင်ငံရေးဘယ်လောက်နားလည်သလဲဆိုတော့ ဒီမိုကရေစီလိုချင်လို့ တိုက်ပွဲဝင်တဲ့တော်လှန်ရေးဆိုပဲ။

စစ်အာဏာရှင်ကို ချုပ်ငြိမ်းအောင်တိုက်မယ်ဆိုပဲ။ အရှေ့အနောက်၊ တောင်နဲ့မြောက်တောင် မသိနိုင်အောင် နိုင်ငံရေးတောနက်ထဲဝင်မိပြီး မျက်စိလည်တဲ့ တော်လှန်ရေးအမည်ခံ လည်သူစားတမ်း သူပုန်ထကြေးစားဒေါ်လာ ထောက်ပံ့ကြေးသန်းနဲ့ချီ လှည့်စားကြတဲ့ အနောက်နိုင်ငံ နယ်ချဲ့စီးပွားရေးအရင်းရှင်တွေရဲ့ အသေခံတပ်သားသက်သက် လူငယ်တွေပါကလား။ နိုင်ငံပြိုကွဲလောက်တဲ့ အန္တရာယ်ပဲ။

တကယ်တော့ သူတို့စစ်နိုင်အောင် တိုက်နိုင်အုံးတော့ ဒီမိုကရေစီစနစ်ကိုတော့ ရလိမ့်မယ်မဟုတ်။ နယ်ချဲ့အရင်းရှင်တွေရဲ့ အင်အားနည်းတဲ့ အသိပညာနည်းတဲ့ နိုင်ငံလေးတွေအပေါ် ခြယ်လှယ်ဖို့ရာအတွက် လက်ကိုင်တုတ်မွေးထားတဲ့ "ကြေးစားစစ်သား" ဆိုတာ မသိကြရှာတာ။

ထားပါတော့၊ ပြီးခဲ့တာတွေ ရှိပါစေလေ။

လက်ရှိပကတိအခြေအနေမှန်ကိုသာ မြင်အောင်ကြည့်ကြစေချင်တာ။ အမှန်အတိုင်းမြင်အောင် ဗဟုသုတ ကျယ်ကျယ်ပြန့်ပြန့် လေ့လာမိကြပါစေ။

သတင်းခေတ်မှာ ဘာသတင်းမှ အမှန်အတိုင်း မသိမမြင်ဘဲ လိမ်ညာလှည့်စား၊ သတင်းတု၊ သတင်းယောင်၊ မှိုင်းတိုက်တဲ့ သတင်းမှားတွေကိုသာ အခါခါ အကြိမ်ကြိမ် အလွဲအမှားကို စွဲမြဲအောင် နားသွင်းခံခဲ့ရတာကိုး။

မယုံမလွယ်မိပါစေနဲ့။ ကိုယ့်လူတို့ရေ။

**ပြောင်းလဲချိန်တန်ပြီဆိုတာ နိုင်ငံတကာအလှည့်အပြောင်းရဲ့ ကြီးမားလှတဲ့ သမိုင်းကြောင်းအရ မှန်ကန်တဲ့ရေစီးကြောင်းမှာ အမှန်အတိုင်းလိုက်ပါရှင်သန်နိုင်အောင် ပြောင်းလဲသစ်လွင်ကြစေချင်တာပါ။**

အချိန်ဆိုတာက ဘယ်သူမှမပြောင်းလဲအောင် စွဲမြဲရပ်တန့်ဖို့ ချုပ်ကိုင်လို့မရနိုင်ပါ။

ကမ္ဘာကြီးရဲ့ နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုအရ နှစ်ပေါင်း ၂၀၀ ကျော် ကမ္ဘာ့နိုင်ငံပေါင်းများစွာအပေါ် **နယ်ချဲ့စိုးအုပ် ကုပ်သွေးစုပ်ခဲ့တဲ့ နယ်ချဲ့အရင်းရှင် အနောက်နိုင်ငံများရဲ့ နေဝင်ချိန်ရောက်ရှိလာခဲ့ပြီ။**

လက်နက်ကိုင် သူပုန်ထရတဲ့ အာဏာရှင်ဆန့်ကျင်ရေး၊ **ဒီမိုကရေစီစနစ်ရရှိရေးဆိုတဲ့ လိမ်ညာလှည့်စားတဲ့ မျက်နှာဖုံးကလဲ အခုအချိန်မှာတော့ အဟုတ်ထင်မှတ်မှားပြီး ယုံစားမနေနဲ့တော့။ အမှောင်မှအလင်းဘက် ထွက်ခဲ့ပေတော့။ အမှားမှအမှန်သို့ ထင်ထင်ရှားရှားကြီး မြင်လာကြရပြီမို့ (မျက်နှာဖုံးက ကွာကျသွားခဲ့ပါပြီ)။ အထင်မှား၊ အယူမှား၊ အတွေးမှား၊ အလုပ်မှားတွေအားလုံးကို ပစ်ချခဲ့ပြီး လမ်းခွဲရမဲ့ ပြောင်းလဲချိန်ရောက်ပေပြီ။**

တော်လှန်ရေးခေါင်းစီးတပ်ပြီး မသိနားမလည်သူ ထောင်ပေါင်းများစွာသော အချောင်သမားနိုင်ငံရေးလူလည် လူနပ်များကိုယ်တိုင် မင်းတို့မမြင်သေးတဲ့ နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုကိုတော့ မငြင်းပယ်နိုင်တော့ကြောင်း သိနေခဲ့ပါပြီ။ **ကမ္ဘာပေါ်မှာ နှစ်ပေါင်း ၂၀၀ ကျော် ဗိုလ်ကျစိုးမိုးခဲ့ကြတဲ့ နယ်ချဲ့အရင်းရှင် အဆောက်အအုံကြီးဟာ ယခုတော့မျက်စိအောက်တင် နေလာနှင်းပျောက်၊ နှင်းခဲတွေအရည်ပျော်ဆင်းသွားသလို ပြိုကျ၊ ပြိုကွဲနေပေပြီ။**

လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က အမေရိကန် သန်းကြွယ်သူဌေးကြီးတစ်ယောက်လဲဖြစ်၊ သူ့စာအုပ်တွေက ရောင်းအကောင်းဆုံးစံချိန်တင်တဲ့ နိုင်ငံရေး၊ စီးပွားရေး သုံးသပ်ဖော်ထုတ်ချက်တွေကြောင့် နာမည်ကြီးတဲ့ ရေမွန်ဒါလီယို(Ray Dalio)ရေးတာကို ဖတ်ဖူးပါတယ်။ ထင်ရှားတဲ့စာအုပ် လေးငါးအုပ်အနက် **"CHANGING WORLD ORDER ပြောင်းလဲနေတဲ့ ကမ္ဘာ့အစဉ်"**ဆိုတဲ့ စာအုပ်ကတော့ မိမိအတွက် အံ့သြစရာ နိမိတ်ဖတ်ရှေ့ဖြစ်ဟောကျမ်းစာဖြစ်ခဲ့ပါတယ်။ အခုတော့ မှန်ကန်ခဲ့ပြီ။

**စာမျက်နှာ ၁၁ သို့ á**

# တစ်ပွဲလုံးဆူလို့ညံလို့ ရုပ်ရှင်ဇာတ်ကားကို Mahar Application မှ ထုတ်လွှင့်ပေးသွားမည်




**ရန်ကုန် စက်တင်ဘာ ၈**

Gloden Mountain Picture ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားသည့် တစ်ပွဲလုံးဆူလို့ညံလို့ ရုပ်ရှင်ဇာတ်ကားကို Mahar Application မှ HD Qual-ity ဖြင့် စက်တင်ဘာလတတိယပတ်အတွင်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ကျော်ကျော်ဗိုက ပြောပြ၍ သိရသည်။

အဆိုပါ တစ်ပွဲလုံးဆူလို့ညံလို့ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ကိုရွှေထူး(ပြည်)က ရေးဖွဲ့ထားပြီး လှဝင်း (အောမ်း)က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ခင်စောမျိုး(အဖေ့ပညာ)က Gloden Mountain Picture ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားက ၂၀၂၂ ခုနှစ်က ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားကြီးပါ။ ဟာသဇာတ်မြူးပါပဲ။ ဘောလုံးအားကစားကို သဘောကျနှစ်ခြိုက်တဲ့ ရွာတစ်ရွာမှာ Tiger FC နဲ့ Elephant FC ဆိုပြီး အသင်းနှစ်သင်းခွဲပြီး ကစားကြရင်းက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်လေးကို ကျေးလက်သဘာဝ ဟာသအနေနဲ့မြင်ရမှာပါ"ဟု သရုပ်ဆောင် ကျော်ကျော်ဗိုက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ကျော်ဗို၊ ရာဇာနေဝင်း၊ နေမျိုးအောင်၊ ရဲလေး၊ အရိုင်း၊ ဇော်ဝင်းနိုင်(မန်း)၊ ခတ်လင်း၊ ညီဂျော်၊ ရွှေအိုး၊ ဗေဒါ၊ ခိုင်သင်းကြည်၊ အေးမြတ်သူ၊ ဆောင်းအိန္ဒြေထွန်း၊ ဘေဘီမောင်၊ မှူးသခင်၊ ဆုရှိုင်းနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Saturn Return ဇာတ်ကား၌ ချားမယ်တန်နှင့် ရာချယ်ဘရော့စနာဟန်တို့ ပါဝင်မည်ဖြစ်

**နယူးယောက် စက်တင်ဘာ ၈**

Netflix ကုမ္ပဏီ၏ Saturn Return အမည်ရှိဒရာမာဇာတ်ကား သစ်၌ မင်းသားချားမယ်တန်၊ မင်းသမီး ရာချယ်ဘရော့စနာဟန်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၇ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ချီကာဂိုမြို့ကို ဇာတ်အိမ်နောက်ခံထားရိုက်ကူးမည့် Saturn Return ဇာတ်ကားသည် လူငယ်ဘဝနှင့် အရွယ်ရောက်သူများဘဝ ၁၀ နှစ်တာကာလအတွင်း ကြုံတွေ့ခဲ့သည့်လူသုံးဦး၏အဖြစ်ကို ပုံဖော်ထားသည့်ဇာတ်ကားဖြစ်သည်။

Saturn Return ဇာတ်ကားကို ဒါရိုက်တာ ဂရက်ဝီဒါက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဂါလင်းဂိုးက ရေးသားပေးထားကြောင်း သိရသည်။

ဒါရိုက်တာ ဂရက်ဝီဒါသည် Sing Sing ဇာတ်ကားဖြင့် ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် အကောင်းဆုံးဇာတ်ညွှန်းဆုဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Saturn Returnဇာတ်ကားရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို Net-flix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# အကြီးကြီး ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၂ ရက်တွင် နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၈**

ခေတ်သစ်အရုဏ်ဦး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အကြီးကြီး အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၂ ရက်တွင် နိုင်ငံတစ်ဝန်းရှိရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ဖန်တီးထားသူ ဒါရိုက်တာ ပွင့်သိင်္ဂီဇော်(အရုဏ်ဦး) ထံမှ သိရသည်။




အဆိုပါ အကြီးကြီး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဒါရိုက်တာ ပွင့်သိင်္ဂီဇော်(အရုဏ်ဦး)က ရေးသားထားပြီး ခေတ်သစ်အရုဏ်ဦး ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာပွင့်သိင်္ဂီဇော်(အရုဏ်ဦး)ကပင် တာဝန်ယူပုံဖော်ရိုက်ကူး တင်ဆက်ထားသည့် အချစ်ဟာသဇာတ်မြူးဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ အကယ်ဒမီဖွေးဖွေးကို ထူးထူးခြားခြား ငွင် အကြီးကြီးတွေပဲဖန်ပြီး လိမ်နေတဲ့ ဂျစ်တူးမလေးအဖြစ် မြင်ရမှာဖြစ်ပါတယ်။ ဂျစ်တူးမရဲ့အလွဲတွေ၊ ရယ်စရာ အဖြစ်အပျက်တွေက ဘာတွေဖြစ်မလဲဆိုတာ ပိတ်ကားထက်မှာ စောင့်ကြည့်ပေးပါအုံး" ဟု ဒါရိုက်တာ ပွင့်သိင်္ဂီဇော်က ပြောပြသည်။

အကြီးကြီးရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေဝင်း၊ ငှက်ပျောကြော်၊ ဖွေးဖွေး၊ စိုးမြတ်သူဇာ၊ ယွန်းရွှေရည်၊ စိုးမိုးကြည်၊ အထူးဧည့်သည်သရုပ်ဆောင် သိန်းလင်းစိုး၊ ခြူးလေး၊ ညီညီမောင်(စမ်းချောင်း)နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Violent Night-2 ဇာတ်ကား၌ ဂျိုးပန်တိုလီယာနိုနှင့် ဂျရတ်ဟားရစ်တို့ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၈**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Violent Night-2 ဇာတ်ကားတွင် မင်းသား ဂျိုးပန်တိုလီယာနိုနှင့် ဂျရတ်ဟားရစ်တို့လည်း ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း စက်တင်ဘာ ၇ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Violent Night-2 ဇာတ်ကားတွင်မင်းသားဂျိုးပင်တိုလီယာဒိုနှင့် ဂျရတ်ဟားရစ်တို့သည် မင်းသား ဒေးဗစ်ဟာဘာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Violent Night-2 ၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ယူနီဗာဆယ်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ တွမ်မီဝါကိုလာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ပက်ကေစီက ရေးသားပေးထားကြောင်း သိရသည်။

Violent Night-2 ဇာတ်ကား စတင်ရိုက်ကူးမည့် အချိန်ကို ယူနီဗာဆယ်ကုမ္ပဏီက ပြောကြားခြင်းမရှိသေးကြောင်း၊ အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ရုံတွင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




á **စာမျက်နှာ ၁၀ မှ အဆက်**

မော့စ်လီနင်ဝါဒ ကွန်မြူနစ်စနစ်အရ လူ့သမိုင်းကုန်ထုတ်လုပ်မှုနဲ့ ကုန်လုပ်ဆက်ဆံရေးမှာ (၁) သမိုင်းဦးဘုံမြေစနစ်၊ (၂) ကျေးပိုင်ကျွန်ပိုင်စနစ်၊ (၃) မြေရှင်ပဒေသရာဇ်စနစ်၊ (၄) အရင်းရှင်စနစ်၊ နယ်ချဲ့အရင်းရှင်စနစ်(လက်ဝါးကြီးအုပ်အရင်းရှင်စနစ် စသဖြင့် အဆင့်ဆင့်ရင့်ကျက်ဖြစ်ထွန်းမှုတွေလဲ ပါဝင်ခဲ့)၊ (၅) ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်ဝါဒဆိုပြီး ဖော်ပြခဲ့တာ ရှိခဲ့ဖူးပါတယ်။ ပဒေသာပင်ခေတ်ဟာ အသေအချာပင်ဖြစ်မှာလို့ဆိုရဲ့။

မြန်မာနိုင်ငံနယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေး ပါဝင်တိုက်ပွဲဆင်ခဲ့ကြတဲ့ တော်လှန်ရေးသမား၊ နိုင်ငံရေးသမားတွေကလဲ ဒီလိုမဟာဗျူဟာယုံကြည်ချက်နဲ့ မျှော်မှန်းချက်ရှိခဲ့ကြဖူးပါရဲ့။ လက်ဝဲလို့ပဲဆိုပါတော့။

သို့ပေမဲ့ အနောက်တိုင်းအုပ်စုက မှိုင်းတိုက်ပြီး လူ့အခွင့်အရေး၊ ဒီမိုကရေစီစနစ်အရေး ခေါင်းစီးတပ်ကာ နိုင်ငံအတွင်း အစိပ်စိပ်အမြွှာမြွှာပြိုကွဲရေးကို စီမံတဲ့နယ်ချဲ့အရင်းရှင်၊ စီးပွားရေးလက်ဝါးကြီးအုပ်အရင်းရှင်တွေ ကြိုးဆွဲရာပါမိခဲ့တဲ့ ဆယ်စုနှစ်အချို့မှာတော့ မြန်မာပြည်သူတွေဟာ ဆိုရှယ်လစ်စနစ်လမ်းပျောက်။ ဒီမိုကရေစီငါးစာချတာနောက် ကောက်ကောက်ပါခဲ့မိကြပါရဲ့။ ပြီးခဲ့တာတွေရှိပါစေတော့။ ဘယ်သူမှပြန်ပြင်လို့လဲ မရနိုင်ဘူးလေ။ ငြင်းမနေသင့်ပါ။

လက်ရှိအခြေအနေပကတိတရားကိုတော့ **အမှန်အတိုင်းမြင်အောင် စာများများဖတ်ကြရမှာပါ။** ဟိုဘက်ဒီဘက်ပြောနေကြတာကို နားကျယ်ကျယ် နှစ်ဖက်ဖွင့်ပြီး သေသေချာချာစဉ်းစဉ်းစားစား နားထောင်ကြရမှာပါ။ ဒစ်ဂျစ်တယ်ခေတ်၊ အေအိုင်ခေတ်မှာ **သူများလိုမ့်သမျှ၊ ညာသမျှမယုံစားသင့်တော့ပါဘူး။** ၂၁ ရာစု ခေတ်သစ်တစ်ခုကတော့ သမိုင်းလိုအပ်ချက်အရ ဝုန်းဝုန်းဒိုင်းဒိုင်းပြောင်းလဲနေတာ အမှန်ပါပဲ။ "မဖြစ်မနေစဉ်းစားမိစေဖို့ အရေးကြီးတဲ့ စကားတစ်ခွန်းတော့ ပြောပါရစေ။ **နိုင်မဲ့မြင်းကို ရွေးစီးပါ။"** ရှုံးတဲ့ဘက်ကို မိုက်မဲစွာ အမြီးဆွဲမလိုက်ပါလေနဲ့။

# Further invitation in the interest of the Union

Armed groups, including those identified as PDFs, were invited in the interests of the Union to return to the legal fold, with the expectation of building a Union based on democracy and a federalism. Understanding the State's genuine goodwill, members of armed groups, including PDFs, who returned to the legal fold, have been handed back to their parents.

For the voter lists errors in the 2020 general election, requests to address the following were rejected. However, an attempt made to convene the Hluttaw based on the disputed election results was an attempt to seize State power by wrongful forcible means, according to Section 417 of the Constitution -

(a) rejecting the request to address the errors in the voter list and electoral fraud found during scrutiny
(b) rejecting the request to solve these errors by convening the special session of the Pyidaungsu Hluttaw
(c) rejecting the request to seek the best ways by the government, the Pyidaungsu Hluttaw and the Union Election Commission
(d) failure to take action over the two-time formal requests to convene the National Defence and Security Council to discuss the aforesaid measures

Such actions not only revealed the inability to transparently clarify the electoral fraud, but also showed that the then President himself was directly involved in the attempt to forcibly unlawfully seize State power, which constituted personal criminal misconduct beyond the duties assigned by the Constitution. Therefore, the Acting President declared a State of Emergency in accordance with the Constitution and transferred the State power to the Commander-in-Chief of Defence Services.

The Commander-in-Chief of Defence Services exercised State power in accordance with the Constitution for the Tatmadaw to scrutinize and expose electoral frauds in order to hold a free and fair election again. In this regard, groups such as the CRPH and NUG were illegally formed, attempting to present themselves as elected governments by spreading the acts of propaganda that the Tatmadaw had reversed democracy to misunderstand the people both at home and abroad. They misled the public and youth with false hopes and pushed them toward the path of armed struggle. The CRPH and NUG organized groups under the name of PDFs, sending them under the control of certain EAOs to obtain arms and ammunition. They also used the PDFs as tools in the terror activities and area expansion of some EAOs, thereby sacrificing the lives of the PDFs.

At present, as the government cooperates with neighbouring countries, some terrorist EAOs are finding it difficult to maintain their positions, and those identified as PDFs are also facing greater hardship. **Now is the time to recognize the reality that the setback to democracy has resulted from the path of armed struggle.**

The Union based on democracy and a federal system is aspired and shared in vision not only by the government, the people, the Tatmadaw, and political parties, but also by the PDFs. **The CRPH and NUG, however, who wear the mask of democracy and covet State power for themselves, have chosen the path of armed violence to maintain their claim as the so-called elected government. It is solely due to their obstruction that the journey toward democracy has been delayed and hindered.**

Armed groups, including PDFs, are once again invited to cooperate with the government and the Tatmadaw **if they wish to contribute to the upcoming general election and help build a genuine, disciplined democracy and a Union based on democracy and a federal system, which everyone hopes for. They are welcome to work in the interests of the State and the regions, either individually or in groups, by contacting and coordinating with nearby military units and local authorities.**

**Information Team**
**National Defence and Security Council**

# Farmers finish cultivation of green gram in Shwebo Township

**Shwebo September 8**

Local farmers have planted 4,4,06 acres of green gram as monsoon crops in Shwebo Township of Sagaing Region, according to the township Agriculture Department.

For the 2025–2026 monsoon crop season, it was planned to cultivate 2,651 acres of green gram in Shwebo Township. Cultivation began in May this year, and as of today, 4,405 acres have already been planted, exceeding the target.

Shwebo Township Agriculture Department Head, U San Oo, said: "This year, the target for green gram in Shwebo Township was over 2,600 acres. Up to now, more than 4,400 acres have been planted, surpassing the plan. Regarding green gram cultivation, we are providing education to farmers to encourage expansion and to use good quality and pure seeds to achieve higher yields."

This year, the Township Agriculture Department is providing farmers with knowledge on using high-quality and locally suitable seeds, ensuring seed purity, following proper cultivation practices, preventing pest infestation, applying fertilizers systematically, and improving yields.

During this monsoon crop season, in cultivating different varieties of pulses, the department has also been working with farmers to provide the necessary good-quality and pure seeds, inputs, and post-harvest techniques to ensure better yields and improved quality of pulse crops. 206

# Homalin District expands cultivation of vegetables exceeding the target

**Homalin September 8**

According to Homalin District Agriculture Department, local farmers expanded cultivation of vegetables in Homalin District of Sagaing Region, exceeding the target cultivation.

For the 2025–2026 monsoon crop season, it is planned to cultivate 1,260 acres of vegetables in Homalin District. Cultivation began in May this year, and so far, 1,105 acres have been planted in Homalin Township and 271 acres in Mopailuk Town, totaling 1,376 acres—already exceeding the target.

The Homalin District Agriculture Department Head, Daw Su Su Htwe, said: "This year, the target for Homalin District was 1,260 acres of vegetables, but cultivation has already reached 1,376 acres, which is above the plan. The crops include mustard, chili, coriander, potato, cauliflower, eggplant, and cabbage. Farmers are being trained to grow all vegetables under the GAP (Good Agricultural Practices) system. Technical guidance is also being provided to minimize the use of chemical residues and ensure health safety."

By township, the initial plan was 1,110 acres in Homalin Township and 150 acres in Mopailuk Town, totaling 1,260 acres. During this crop season, the Township Agriculture Departments are conducting training for farmers on GAP cultivation, providing knowledge to ensure the vegetables produced are safe for consumption, and encouraging expanded vegetable cultivation.

In Homalin District, seasonal vegetable cultivation is carried out every year. These crops have proven successful, generating household income. The Township Agriculture Departments are also providing technical knowledge to farmers on proper cultivation methods, pest prevention, the use of natural fertilizers, as well as the preparation and use of natural pesticides and repellents. 206

# 5 killed in Jerusalem bus shooting attack

**Jerusalem September 8**

At least five people were killed on Monday when two gunmen opened fire on a bus near a busy junction, Israeli authorities said.

Police said security personnel and a civilian returned fire shortly after the shooting began, killing the attackers.

Israel's Magen David Adom ambulance service said the fatalities included a woman and four men. Hospitals in Jerusalem, where the injured were taken, reported that at least seven people were seriously injured, two moderately injured, and three sustained minor injuries.

The attack took place at Ramot Junction, near Ramot, a settlement neighborhood in East Jerusalem.

Israel's state-owned Kan TV News reported that the assailants, armed with a handgun and an improvised submachine gun, opened fire after boarding a bus. Citing Israeli security officials, the broadcaster said the attackers were Palestinians from the villages of Qatanna and Al-Qubeiba in the Ramallah Governorate of the occupied West Bank.

Footage from the scene showed two buses with shattered windows and bullet holes. Dozens were seen fleeing a crowded bus stop during the morning rush hour. First responders described a chaotic scene strewn with broken glass. Xinhua



Police work at the site of a shooting attack in Jerusalem on Sept. 8, 2025.

# UN condemns killing of 50 civilians in NE Nigeria attack

**Abuja September 8**

The United Nations Office for the Coordination of Humanitarian Affairs in Nigeria has condemned an attack that killed more than 50 civilians in the country's northeastern state of Borno over the weekend, citing preliminary reports.

In a statement issued on Sunday, Mohamed Fall, the UN resident and humanitarian coordinator in Nigeria, said an unknown number of people were also allegedly abducted, with others fleeing with injuries during the attack on dozens of civilians in Darajamal village of the Bama Local Government Area of Borno late Friday.

Xinhua

# Danubyu Township sends large volume of 90-day rice to Yangon market in July


A warehouse stocked with bags of rice.

**Danubyu September 8**

Local entrepreneurs from Danubyu Township of Ayeyawady Region supplied a large number of 90-day rice bags to Yangon market in July, said Daw Moe Moe, the owner of rice and paddy trading commodity in Danubyu Township.

From Danubyu Township, up to 45,000 bags of 90-day rice (24-pyi bags) were transported and sold to the Yangon market during June this year. In July, sales of rice bags reached up to 60,000 bags within the month.

Daw Moe Moe said: "Last month, a large volume of 90-day rice bags was shipped and sold to the Yangon market. Agricultural produce and local products from Danubyu Township are mostly supplied to Yangon. The Yangon market has strong demand for the 90-day rice variety, and there are already purchase arrangements for this month as well. The rice bags are mainly transported and sold by road."

It is reported that during the past month, the 90-day rice (24-pyi bags) sold to the Yangon market fetched prices of up to K98,500 per bag. With improved rice trade, farmers, traders, cargo handlers, and truck rental operators have been gaining employment and livelihood opportunities.

Kyaw Kyaw Lin

# YeU Township completes planting of 2,989 acres of monsoon sesame in current season

**YeU September 8**

In YeU Township, YeU District, Sagaing Region, 2,989 acres of monsoon sesame have been successfully planted during this year's monsoon crop season, according to records from the YeU YeU District Agriculture Department.

For the 2025-2026 monsoon crop season, YeU Township had planned to cultivate 3,211 acres of monsoon sesame. Planting began in June this year, and as of today, 2,989 acres have been completed.

"This year, for the monsoon crop season in YeU Township, we planned to cultivate 3,211 acres of sesame. As of today, 2,989 acres have been planted. We are working to ensure the target acreage is fully met. Efforts are also underway to expand sesame cultivation, improve yield rates, and promote planting using Good Agricultural Practices (GAP) techniques," said Zaw Myint Tun, head of the YeU District Agriculture Department.

The township's Agriculture Department has been providing farmers with education on expanding sesame cultivation, adopting proper planting techniques, using GAP methods, selecting high-quality and pure seeds, and planting varieties that ensure better yields.

Crops produced using GAP methods are of higher quality compared to those grown with other techniques, fetch better market prices, and can be sold not only in domestic markets but also exported to international markets. As a result, farmers adopting GAP practices are expected to see greater economic benefits, leading to improvements in their socio-economic conditions, according to the department.

206

# Plan underway to grow more than 6,000 acres of chick pea in Kawlin District

**Kawlin September 8**

According to the data of Yinmabin District Agriculture Department, local authorities earmarked cultivation of 6,900 acres of chick pea as winter crop in Kawlin District of Sagaing Region coming year.

In the 2025–2026 winter crop season, it is planned to cultivate a total of 6,980 acres of chickpea in Kawlin District—6,614 acres in Kawlin Township, 341 acres in Wuntho Township, and 25 acres in Pinlebu Township, according to the district's crop plan.

"This winter season, Kawlin District has set a target of over 6,900 acres of chickpea cultivation. We are working to ensure the target acreage is fully achieved. Chickpea cultivation has been improving year by year. To ensure good yields and quality, we will work together with farmers to provide pure, quality seeds, necessary inputs, and post-harvest technologies," said U Win Thein, Head of the Kawlin District Department of Agriculture.

Farmers in Kawlin District are cultivating chickpeas with Yezin-8 and Yezin-11 varieties which are well-suited to local conditions and yield good results. The average cultivation cost is over K300,000 per acre.

This year, during the winter crop season, the Department of Agriculture is working with farmers to provide quality seeds, inputs, and post-harvest technologies for multiple types of pulses to improve yield and quality. Extension activities also include awareness programs to promote the use of Trichoderma beneficial fungi in pulse cultivation.

Sagaing Region is the largest pulse-producing region in Myanmar. Pulses are grown not only as a main crop but also as an intercrop, making them a profitable source of income for farmers.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Rainfed paddy grown in Kani Township this year

**Kani September 8**

Agricultural data of Yinmabin District Agriculture Department indicated that a total of 11,156 acres of farmlands have been placed under rainfed paddy in Kani Township of Sagaing Region this year.

For the 2025–2026 monsoon crop season, it was planned to cultivate 23,285 acres of rainfed paddy in Kani Township. Cultivation began in May this year, and as of today, a total of 11,156 acres have been planted.

Yinmabin District Agriculture Department Head, Daw Myat Moe Win, said: "This year, the target for Kani Township is over 23,000 acres of rainfed paddy. So far, more than 11,000 acres have been planted against the target cultivation, and cultivation is ongoing. Efforts are being made to reach the planned acreage. For rainfed paddy cultivation, we are providing farmers with the necessary techniques and seed varieties, and also carrying out field visits to help ensure timely planting."

This year, to ensure systematic cultivation without difficulties, the respective Township Agriculture Departments are working together with local farmers in rainfed paddy cultivation.

In Kani Township, farmers are being provided with technical knowledge on cultivation methods, pest prevention, measures to avoid crop loss, and awareness to ensure harvested paddy is properly stored under shelter in time.

The rainfed paddy fields planted this year in Kani Township are thriving. To achieve good yields, Township Agriculture Department personnel are conducting field visits to guide farmers on using high-quality and pure seeds, pest prevention, weeding, rouging of off-types, and systematic application of fertilizers. 206


A monsoon paddy field.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက Type B အမျိုးအစားတိုက်ခိုက်ရေးဒရုန်းကို ထုတ်ဖော်ပြသခဲ့



တရုတ်နိုင်ငံသည် ပေကျင်းမြို့တွင် ကျင်းပခဲ့သော ဂျပန်ခုခံတော်လှန်ရေး စစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ် အဖြစ် စစ်ရေးပြအခမ်းအနားတွင် Type B ဒရုန်းအသစ်များစွာကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ပြသခဲ့ကြောင်း သိရသည်။

အဆိုပါပွဲ၌ ယခင်က မသိရှိရသေးသော မော်ဒယ်ငါးမျိုး ပေါ်ထွက်လာခဲ့သော်လည်း ၎င်းတို့အနက် တစ်ခုမှာ အရွယ်အစား၊ ပုံစံနှင့် ဖြစ်နိုင်ခြေရှိသော စွမ်းရည်များကြောင့် အထူးပင်အာရုံစိုက်ခံခဲ့ရသည်။ ၎င်းမှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ်(PLAAF)၏ J-10 တိုက်လေယာဉ်နှင့် အရွယ်အစားအချိုးအစားတူညီပြီး အမြီးမပါဘဲ ပုံစံထုတ်ထားသည့် ကြီးမားသောကိုယ်ပျောက်စွမ်းရည်ပါရှိသည့် ဒရုန်းတစ်စင်းဖြစ်သည်။ တရားဝင်သတ်မှတ်ထားသော အမည်မရှိသေးသည့်အတွက် လေ့လာသူများက ၎င်းကို Type B ဟု ယာယီသတ်မှတ်ခေါ်ဝေါ်ခဲ့ကြပြီး အချို့ကမူ ၎င်းကို မောင်းသူမဲ့လေကြောင်းအသာစီးရယူရေး တိုက်လေယာဉ်အဖြစ်ပင် ဖော်ပြခဲ့ကြသည်။

ဤစနစ်သည် စွမ်းဆောင်ရည်မြင့်တိုက်ခိုက်ရေးဒရုန်းနယ်ပယ်တွင် အဆင့်မြင့်သုတေသနပြုထားကြောင်း ပြသနေသည့် နည်းပညာဆိုင်ရာ ထူးခြားချက်များစွာဖြင့် ထင်ရှားသည်။ ၎င်းသည် သမားရိုးကျထိန်းချုပ်မျက်နှာပြင်များနေရာတွင် လှုပ်ရှားနိုင်သော တောင်ပံအဖျားများပါဝင်သည့် စိန်ပုံသဏ္ဍာန် အမြီးမဲ့တောင်ပံကို အသုံးပြုထားသည်။ လေယာဉ်၏ဦးပိုင်းတွင် အနောက်နိုင်ငံများမှ အီလက်ထရို-အော့ပ်တစ်အာရုံခံကိရိယာတစ်ခုပါရှိပြီး အင်ဂျင်ဝင်ပေါက်များ၏ ဘေးနှစ်ဖက်တွင် ပုန်းကွယ်ပျံသန်းနိုင်သည့် ဆက်သွယ်ရေးအင်တင်နာများကို တပ်ဆင်ထားကြောင်း သိရသည်။

လေယာဉ်တွင် ရှေ့ဘက်သို့မျက်နှာမူထားသော လေလမ်းကြောင်းလွှဲ အသံထက်မြန်သည့် ဝင်ပေါက်နှစ်ခုပါရှိပြီး ၎င်းတို့သည် WS-10C အမျိုးအစား tur-bofan အင်ဂျင်တစ်ခုတည်းသို့ လေကို ပို့ဆောင်ပေးသည်။ လေယာဉ်၏အနောက်ဘက်တွင် F-35 တိုက်လေယာဉ်နှင့်ဆင်တူသည့် ခွေးသွားစိပ်ပုံစံရှိသော ပြောင်းလဲနိုင်သည့် geometry nozzle က လေခွင်းအားဆိုင်ရာစွမ်းဆောင်ရည်၊ ရေဒါထောက်လှမ်းနိုင်မှုလျှော့ချရေးနှင့် ကုန်ကျစရိတ်သက်သာမှုတို့ကြား ဟန်ချက်ညီစေရန် ဖော်ပြနေသည်။

ဤဒီဇိုင်း ရွေးချယ်မှုများသည် ထိရောက်သောကိုယ်ထည်နှင့် လေယာဉ်မှူးဆိုင်ရာစနစ်များ မပါဝင်ခြင်းကြောင့် ဖြစ်နိုင်သော အသံထက်မြန်သည့်စွမ်းရည် အပြင် ပိုမိုကျယ်ပြန့်သောပျံသန်းနိုင်သည့် အကွာအဝေးကိုလည်း ပြသနေကြောင်း သိရသည်။

Type B ၏ ကိုယ်ထည်တွင် ကြီးမားသော အလယ်ဗဟိုအောက်ဘက်လက်နက်သိုလှောင်ခန်းပါဝင်ပြီး ၎င်းသည် ဒရုန်းကို ပုန်းကွယ်ပျံသန်းနိုင်မှု ထိန်းသိမ်းရန်နှင့် လက်နက်များကိုအတွင်းပိုင်းတွင် သယ်ဆောင်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည်။ ဤပုံစံသည် ဒရုန်းကိုလေကြောင်းအသာစီးရယူရေးတာဝန်များကို လုပ်ဆောင်နိုင်ပြီး တိကျစွာတိုက်ခိုက်မှုနှင့် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ခြေရာခံရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်ကြောင်း ဖော်ပြထားသည်။ Type B ဒရုန်းသည် လူသား၏ကြီးကြပ်မှုဖြင့်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတိုင်းအတာတစ်ခုထိဖြစ်စေ လေထဲရှိ ပစ်မှတ်များကို တိုက်ရိုက်တိုက်ခိုက်ရန်ရည်ရွယ်သည်ဟူသော ဖြစ်နိုင်ခြေကိုလည်း ပိုမိုကျယ်ပြန့်စွာ ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**China's New Stealth Drone Type B Highlights Drive Toward Super-sonic Air Combat ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ကုမ္ပဏီ Epirus က ဒရုန်းများကိုချေမှုန်းဖျက်ဆီးရန် အထူးထုတ်လုပ်ထားသည့် မိုက်ခရိုဝေ့စနစ်ကို မိတ်ဆက်ပြသ



အမေရိကန်ကုမ္ပဏီ Epirus သည် ဒရုန်းများကို ချေမှုန်းဖျက်ဆီးနိုင်ရန် အထူးထုတ်လုပ်ထားသည့် မိုက်ခရိုဝေ့စနစ်ကို မကြာသေးမီက မိတ်ဆက်ပြသခဲ့ကြောင်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် Militarnyi သတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါစမ်းသပ်မှုတွင် တစ်ဦးတည်းမီဒီယာကိုယ်စားလှယ်များအဖြစ် ပါဝင်ခဲ့သည့် Axios သတင်းဌာန၏ ဖော်ပြချက်အရ Leonidas စနစ်သည် စမ်းသပ်ခဲ့သမျှတွင် အကြီးမားဆုံးသော ဒရုန်းအုပ်စုဖြစ်သည့် quadcopter ၄၉ စင်းကို တစ်ပြိုင်နက်တည်း အောင်မြင်စွာချေမှုန်းဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။ စနစ်ကို အသက်သွင်းလိုက်သည်နှင့် ဒရုန်းအားလုံး ချက်ချင်းနီးပါး မြေပြင်ပေါ်သို့ ပြုတ်ကျခဲ့သည်။ အဆိုပါစနစ်ကို အမေရိကန်ကြည်းတပ်တွင် စတင်အသုံးပြုနေပြီဖြစ်ကြောင်းလည်း သိရသည်။ စနစ်ဝယ်ယူရေးအတွက် စာချုပ်တစ်ရပ်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၅၅ သန်းဖြင့် လက်မှတ်ရေးထိုးခဲ့ကြသည်။

မိုက်ခရိုဝေ့လက်နက်သည် အုပ်စုလိုက် လာရောက်တိုက်ခိုက်သော ဒရုန်းများကို ထိရောက်စွာတန်ပြန်ရန်နှင့် အရေးကြီးသော အခြေခံအဆောက်အအုံများကို ကာကွယ်ရန်အတွက် Epirus ကုမ္ပဏီမှတီထွင်ခဲ့သည်။ ထုတ်လုပ်သူ၏ အဆိုအရ ဒုတိယမျိုးဆက်စနစ်များသည် ၎င်းတို့၏ ယခင်မျိုးဆက်များထက် သိသိသာသာ သာလွန်ကောင်းမွန်လာကြောင်း သိရသည်။ ထိရောက်သော တိုက်ခိုက်နိုင်သည့်အကွာအဝေးသည် နှစ်ကီလိုမီတာထိ နှစ်ဆကျော် တိုးတက်လာခဲ့ပြီး စွမ်းအင်ထုတ်လွှတ်မှုသည်လည်း ၃၀ ရာခိုင်နှုန်းခန့် တိုးလာခဲ့သည်။ ၎င်းစနစ်တွင်တပ်ဆင်ထားသည့် ဘက်ထရီများကြောင့် ပြင်ပစွမ်းအင်မရှိသည့်အချိန်တွင် မိနစ် ၃၀ ထိ ဘက်ထရီဖြင့် လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် မေလတွင် Epirus ကုမ္ပဏီသည် မိုက်ခရိုဝေ့စနစ်လေးစုံကို အမေရိကန်ကြည်းတပ်သို့ ပေးအပ်ခဲ့သည်။ အဆိုပါစနစ်များသည် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များ၊ စစ်ဆင်ရေးတပ်ဖွဲ့များနှင့်ပူးပေါင်း၍ ကျယ်ပြန့်သော စမ်းသပ်မှုများကို ဖြတ်သန်းခဲ့ကြောင်း သိရသည်။ ဤစနစ်များကို အမှတ်(၁) ဘက်စုံတိုက်ခိုက်ရေးတပ်ဖွဲ့မှ အသုံးပြုလျက်ရှိကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် မေလတွင် ဖိလစ်ပိုင်၌ ပြုလုပ်ခဲ့သည့် အမေရိကန်စစ်ရေးလေ့ကျင့်မှုအတွင်း၌လည်း ဤစနစ်ကိုအသုံးပြုခဲ့ကြောင်း သိရသည်။

အဆိုပါ မိုက်ခရိုဝေ့သည် ဒရုန်းများ၊ ဒုံးကျည်များနှင့် အမြောက်ကျည်များ အပါအဝင် လေကြောင်းခြိမ်းခြောက်မှုများကို ကာကွယ်ရန်အတွက် အမေရိကန်ကြည်းတပ်၏ အလွှာလိုက်ကာကွယ်ရေးစနစ် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သမားရိုးကျလေကြောင်းရန် ကာကွယ်ရေးစနစ်များကဲ့သို့ ပစ်မှတ်များကို ရုပ်ပိုင်းဆိုင်ရာတိုက်ခိုက်မှုဖြင့် ဖျက်ဆီးခြင်းမျိုးမဟုတ်ဘဲ မိုက်ခရိုဝေ့စနစ်သည် ရန်သူ့စနစ်များ၏ အီလက်ထရွန်နစ်ပစ္စည်းများကို ပျက်စီးအောင် သို့မဟုတ် အလုပ်မလုပ်နိုင်အောင် ပြုလုပ်ခြင်းဖြစ်သည်။ ဤစနစ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒရုန်းအုပ်များနှင့် ခေတ်မီလေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် ထိရောက်သော ဖြေရှင်းချက်များဖန်တီးရေးကို အဓိကထားသည့် အမေရိကန်ကြည်းတပ်၏ ပိုမိုကျယ်ပြန့်သော ခေတ်မီရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

မိုက်ခရိုဝေ့စနစ်သည် အခြားသော အာရုံခံကိရိယာများနှင့် ထိန်းချုပ်ရေးစနစ်များနှင့် ပေါင်းစပ်ထားသောကြောင့် တိုက်ခိုက်ရေးကွန်ရက်၏ အစိတ်အပိုင်းတစ်ခုအဖြစ် လည်ပတ်နိုင်ပြီး ပစ်မှတ်ဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရယူနိုင်သည်။ ဤလက်နက်၏ အဓိကအားသာချက်မှာ ထပ်ခါတလဲလဲ အသုံးပြုနိုင်ပြီး ကုန်ခန်းမသွားခြင်းကြောင့် ရေရှည်စစ်ဆင်ရေးများ သို့မဟုတ် မဟာဗျူဟာမြောက်အဆောက်အအုံများကို ကာကွယ်ရာတွင် အထူးပင်ဆွဲဆောင်မှုရှိစေကြောင်း သိရသည်။

**Leonidas: New U.S. Microwave Weapon Instantly Destroys 49 Drones ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး





# ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၂၆၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၂၆၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့်ရေဦးမြို့နယ်တွင် ၁၇၂၁ ဧက၊ တန့်ဆည်မြို့နယ်တွင် ဧက ၄၄၀၊ ဒီပဲယင်းမြို့နယ်တွင်၄၃၉ ဧက စုစုပေါင်းဧက ၂၆၀၀ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်သွားမှာပါ။ ကြက်သွန်နီဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးတာတွေ ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက် တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက် ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မျိုးထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ် ပျဉ်စိန်ကျေးရွာ၌ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး



**ဟသ်ာတ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် လယ်တီကျေးရွာအုပ်စု ပျဉ်စိန်ကျေးရွာ၌ ချောင်းကျောက်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းရာတွင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပျဉ်စိန်ကျေးရွာ၌ ချောင်းကျောက်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပျဉ်စိန်ကျေးရွာ၌ လမ်းအရှည်ပေ ၁၀၀၀၊ အကျယ် ၁၁ ပေ၊ အမြင့်ခြောက်လက်မရှိ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်းငွေကျပ် သိန်း ၂၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ယခုနှစ် ဇွန် ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းထံမှ သိရသည်။

**ဇင်မာ**

# ဒေးဒရဲမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဒေးဒရဲ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဒေးဒရဲမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ကြက်ဟင်းခါးသီးများ ထွက်ရှိပြီး ယခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်ကာ ယနေ့ထိ ဒေသထွက် ကြက်ဟင်းခါးသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ရောင်းတန်းဝင်ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ် ကောင်းနေပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေဖြစ်လို့ အရည်အသွေးကောင်းပြီး လတ်ဆတ်မှုလဲ ရှိပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်အပြင် အခြားဈေးကွက်က ဝယ်လက်တွေက အဝယ်များနေလို့ ရောင်းအားကောင်းနေတာ ဖြစ်ပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်တာတွေ့ရပါတယ်။ အထွက်နှုန်းလဲ ကောင်းနေတယ်လို့ သိရပါတယ်" ဟု ဒေးဒရဲမြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။



ဒေးဒရဲမြို့နယ်မှ စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချနေကြောင်းသိရသည်။

**ကျော်ကျော်လင်း**

# ရွှာင်မြို့နယ် ယကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေး

**ရွှာင် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယကြီးကျေးရွာအုပ်စု ယကြီးကျေးရွာ၌ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှာင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ယကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် စီမံကိန်းမှ တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ယကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၅ ဒသမ ၂၅ သန်းကိုအတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**




# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Qu Zhe လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၈**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Qu Zhe သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် သင်တန်းသားများစေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Qu Zhe က ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။**

# ညောင်ရွှေမြို့ရှိ အားကစားကွင်းများ ကွင်းဆင်းကြည့်ရှုပြီး ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်၊ တည်းခိုရိပ်သာများမှ လုပ်ငန်းရှင်များနှင့် ဟူပင်ဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။







တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၃ ဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန သင်တန်းကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးရှိသော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အမြန်ဆုံးပြန်လည်ပြုပြင်မွမ်းမံ၍ ဧည့်သည်များလက်ခံနိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံ ဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ယင်းနောက် ညောင်ရွှေမြို့ရှိ ဝန်ကြီးဌာနမှ ငှားရမ်းထားရှိသည့် ဟိုတယ်များ၏ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တည်းခိုနေထိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန သတင်းနှင့်ပြန်ကြားရေးကောင်တာ၌ ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ၊ ခရီးသွားလမ်းညွှန်မြေပုံများနှင့် စာအုပ်၊ စာစောင်များစီစဉ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် ရှမ်းပြည်နယ်ကလောခရိုင် ညောင်ရွှေမြို့နယ်အားကစားကွင်းရှိ အားကစားကွင်းနှင့် ပွဲကြည့်စင်များ ကြံ့ခိုင်မှုအခြေအနေ၊ အားကစားကွင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ပြည်နယ်အားကစားကွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်များအလိုက် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့တက်ရောက်ပြီး တတိယနေရာလုပွဲစဉ်အဖြစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲပြီးဆုံးချိန်ထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိသည့်အတွက် ပင်နယ်တီဆက်လက်ကစားရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ☆ ဂေါက်သီးရိုက်ပြိုင်ပွဲမှ

ကမ္ဘာ့အဆင့်(၂)တွင် ရပ်တည်နေသည့် မက်အီလ်ရှိုင်းသည် နောက်မှလိုက်ကစားခဲ့ရပြီးမှ နောက်ဆုံးနေ့တွင် စွမ်းဆောင်ရည်ကောင်းများကို ပြသနိုင်ခဲ့ပြီး လာဂါဂရင်အား အမီလိုက်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

မက်အီလ်ရှိုင်းက "ကျွန်တော့်ကို ပြိုင်ပွဲတစ်လျှောက်လုံး တစ်ခဲနက်အားပေးကြတဲ့ ပရိသတ်တွေရှေ့မှောက်မှာ ကစားခွင့်ရတာကို ဝမ်းသာဂုဏ်ယူပါတယ်။ အိုင်ယာလန်ပရိသတ်တွေရဲ့ အားပေးမှုကို ရရှိခဲ့တာဟာ ကျွန်တော့်ဘဝအတွက် ကံအကောင်းဆုံး ဆုတစ်ဆုပါ။ မျှော်လင့်ထားတာထက်ကို ပိုကောင်းအောင် လုပ်ပြနိုင်ခဲ့လို့လည်း ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref: RT

Trs: AZL

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ နည်းပညာအထောက်အကူပြု နည်းပြဆရာဖြစ်သင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဆိုင်ရာ နည်းပညာအထောက်အကူပြု နည်းပြဆရာဖြစ် သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံသစ်၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲရုံအသီးသီး၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံဝန်ထမ်းများအတွက် မဲပေးစက် ကိုင်တွယ် အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းနှင့် ဆင့်ပွားသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်နိုင်စေရန်အတွက်လည်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုသင်တန်းတွင် ရွေးကောက်ပွဲ၌ အသုံးပြုမည့် မဲပေးစက်များတွင် Battery တပ်ဆင်ခြင်း၊ ကိုယ်စားလှယ်လောင်း၊ ပါတီအမည်၊ ပါတီအမှတ်တံဆိပ်ပါစာရွက်များ ကပ်နှိပ်ခြင်းနှင့် မဲရုံများသို့ စက်များပို့ဆောင်ခြင်း စသည့်လုပ်ငန်းများကို အဆင့်လိုက် စာတွေ့၊လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ပြီးသူများအနေဖြင့် မြို့နယ်အလိုက် မဲပေးစက်ကို ကြိုတင်ဆောင်ရွက်ရမည့်အဖွဲ့များကို ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချပေးရမည်ဖြစ်သည့်အတွက် အလေးထားမှတ်သားလေ့ကျင့်ကြရန်လိုကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်၍တရားမျှတသော ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ရာတွင် နည်းပညာအထောက်အကူပြုအဖွဲ့များအနေဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေ လိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ နည်းပြဆရာဖြစ်သင်တန်းကို စက်တင်ဘာ ၈ ရက်မှ ၉ ရက်ထိ ဖွင့်လှစ်ပြီး သင်တန်းသား၊သင်တန်းသူ စုစုပေါင်း ၄၅ ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

**ပျဉ်းမနား စက်တင်ဘာ ၈**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သက်ကြီးပုဂ္ဂိုလ်များအတွက် အထောက်အပံ့ဖြစ်နိုင်စေရေးနှင့် ၎င်းတို့ကို လေးစားတန်ဖိုးထားခြင်းအားဖြင့် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်အဖြစ် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေးများကို ခြောက်လစာ တစ်စုတစ်စည်းတည်း ပေးအပ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင်ရပ်ရွာအတွင်း လူမှုရေးလိုအပ်ချက်များအပေါ် မူတည်ပြီး စေတနာကိုအရင်းခံ၍တည်ထောင်ဖွင့်လှစ်ဆောင်ရွက်နေကြသော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများ၊ အမျိုးသမီးဂေဟာများ၊ မသန်စွမ်းဂေဟာများနှင့် ဘိုးဘွားရိပ်သာများအတွက် နိုင်ငံတော်အနေဖြင့် ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ ဂေဟာ၊ ရိပ်သာများအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းများ၊ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရှိစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ဖြစ်သော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၁၁ ခု၊ အမျိုးသမီးဂေဟာ သုံးခုနှင့် ဘိုးဘွားရိပ်သာ သုံးခု စုစုပေါင်း ဂေဟာ၊ ရိပ်သာ ၁၇ ခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၆၀ တို့အတွက် ထောက်ပံ့ကြေးငွေကျပ် ၂၉၇ ဒသမ ၈၆၇ သန်း၊ ယာယီနေရပ်စွန့်ခွာပြည်သူ ၁၁၀၃၆ ဦးအတွက်




နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၆၆၂ ဒသမ ၁၆၀ သန်းနှင့် အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ် ၄၇၅၉ ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ကြေးငွေကျပ် ၂၈၄ ဒသမ ၄၀၀ သန်းကို နေပြည်တော်ကောင်စီဝင်များထံ ပေးအပ်ကြပြီး စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ ၄၇၅၉ ဦး၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက စောင့်ရှောက်ထားသူ ၂၇၀၄ ဦးနှင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၁၀၃၆ ဦး စုစုပေါင်း ၁၈၄၉၉ ဦးအတွက် စုစုပေါင်း ငွေကျပ် ၁၂၄၄ ဒသမ ၄၂၇ သန်း ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

လက်နက်၊ ခဲယမ်းရရှိရေးအတွက် အချို့သော EAO များ လက်အောက်သို့ သွတ်သွင်းခဲ့ပြီး အချို့သော EAO များ၏ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်း၊ နယ်မြေကျူးကျော် ချဲ့ထွင်ခြင်းများအတွက် PDF များကို လက်ကိုင်တုတ်အဖြစ်အသုံးပြုစေကာ PDF တို့၏ ဘဝများကို စတေးခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် အချို့သော အကြမ်းဖက် EAO တို့သည် ရပ်တည်ရန်ခက်ခဲလာကြပြီး PDF အမည်ခံတို့သည်လည်း ပိုမိုအတိဒုက္ခရောက်လာကြရသည်။ ဒီမိုကရေစီနောက်ပြန်ဆွဲခြင်းသည် လက်နက်ကိုင်လမ်းစဉ်ကြောင့်ဖြစ်သည်ကို အမှန်အတိုင်းရှုမြင်ကြရန် အချိန်တန်ပြီဖြစ်သည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် နိုင်ငံရေးပါတီများအပြင် PDF များသည်ပင် လိုလားကြပြီး ရည်မှန်းချက်ချင်းတူညီကြသည်။ ဒီမိုကရေစီ မျက်နှာဖုံးတပ်ပြီး နိုင်ငံတော်အာဏာကို မက်မောကြသည့် CRPH, NUG တို့၏ လိုလားချက်မှာ ၎င်းတို့သာရွေးကောက်ခံအစိုးရဆိုသည့် ရပ်တည်မှု မပျောက်ဆုံးရေးအတွက် အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်နေခြင်းဖြစ်သည်။ ၎င်းတို့၏ နှောင့်ယှက်မှုများကြောင့်သာ ဒီမိုကရေစီ ခရီးလမ်းနှောင့်နှေးကြန့်ကြာနေရခြင်းဖြစ်သည်။

PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် မကြာမီတွင် ကျင်းပတော့မည့် ရွေးကောက်ပွဲကြီးအလွန် အားလုံးမျှော်မှန်းထားသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးကို မျှော်မှန်းကာ နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ရန်ဆန္ဒရှိပါက နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကြိုဆိုလက်ခံမည်ဖြစ်ပြီး တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ နီးစပ်ရာ တပ်စခန်းများ၊ ဒေသအာဏာပိုင်များထံ ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်ပါကြောင်း ထပ်မံဖိတ်ခေါ်အပ်ပါသည်။

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေးမြေငလျင်ကြီးဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် စက်တင်ဘာ ၈ ရက်ထိ သေဆုံးသူ ၃၈၁၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ငါးဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၇၉ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြောင်းစုံလို့ အကျိုးစုံမည်..... တိုးတက်ဝေစည် တို့မြန်ပြည်.....

**ထက်မြတ်**

“မိသားစု စည်းလုံးညီညွတ်ပါက ကောင်းကျိုးချမ်းသာရရှိမည်” ဆိုတဲ့ ဆိုရိုးစကားတစ်ခုကို ကြားဖူးပါတယ်။ တရုတ်လူမျိုးများရဲ့ ဆိုရိုးစကားပါ။ သူ့ကို အရိုးရှင်းဆုံးအဓိပ္ပာယ်ဖွင့်ဆိုရလျှင် မိသားစုအတွင်း စည်းလုံးညီညွတ်မှုသည် အောင်မြင်မှုအတွက် အုတ်မြစ်ဖြစ်တယ်လို့ဆိုရမှာပါ။ သူနဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ချင်း အလားသဏ္ဍာန်တူတဲ့ မြန်မာဆိုရိုးစကားတစ်ခုလည်းရှိပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ ကလေးဘဝကတည်းက ကြားခဲ့ရတာပါ။ “စုပေါင်းညီညာအောင်ကြောင်းဖြာ” ဆိုတဲ့ ဆိုရိုးစကားပါပဲ။

ကျွန်တော်တို့ရဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောကြားဆုံးမမှုတစ်ခုကိုလည်း ဗုဒ္ဓဘာသာဝင်တိုင်းကြားဖူးကြမှာပါ။ “အကြောင်းကြောင့် အကျိုးဖြစ်တယ်” ဆိုတဲ့စကားပါ။ အဓိပ္ပာယ်က ဖြစ်တည်နေသမျှ၊ ဖြစ်ပေါ်လာသမျှ အရာအားလုံးက အကျိုးဖြစ်ပြီး ဒီအကျိုးကိုဖြစ်ပေါ်စေတာကအကြောင်းဖြစ်တာကြောင့် အကြောင်းနဲ့လွတ်ကင်းတဲ့အကျိုးမရှိဘူး၊ အကျိုးမဖြစ်တဲ့အကြောင်းဆိုတာလည်း မရှိဘူးလို့ သံဃာတော်များတစ်ဆင့် ပြန်လည်ဟောကြားပေးတဲ့တရားတော်တွေကနေတစ်ဆင့် နာယူမှတ်သားထားဖူးပါတယ်။ ဒါကြောင့်အပေါ်ကဆိုရိုးစကားကို ပြန်လည်သုံးသပ်ကြည့်ရင် အောင်မြင်မှုဆိုတာက အကျိုးဆိုရင် စည်းလုံးညီညွတ်မှုက အကြောင်းဖြစ်ပါလိမ့်မယ်။

အခုလက်ရှိမှာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စည်းလုံးညီညွတ်မှုလို့ ခေါ်နိုင်တဲ့အကြောင်းတွေ စုံလာပြီဖြစ်တဲ့အတွက်အောင်မြင်မှုဆိုတဲ့အကျိုးကိုလည်း ရရှိစံစားလာနိုင်တော့မှာပါ။ မြန်မာနိုင်ငံအတွင်းမှာ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက အဖျက်အမှောင့်လုပ်ရပ်တွေကို လုပ်နေတာတောင်မှ ဘာကြောင့်စည်းလုံးညီညွတ်မှုရှိတယ်လို့ သုံးနှုန်းရသလဲဆိုပြီး မေးစရာရှိပါတယ်။ တကယ်တော့ ပြည်တွင်းမှာအကြမ်းဖက်မှုတွေလုပ်ဆောင်နေတဲ့ လက်နက်ကိုင်သောင်းကျန်းသူတွေဆိုတာ ခေတ်မီတပ်မတော်တစ်ရပ်ကိုဖွဲ့စည်းပိုင်ဆိုင်ထားတဲ့ ယခုပစ္စုပ္ပန်ကာလ တာဝန်ရှိအစိုးရတစ်ရပ်အတွက်တော့ ကြီးမားတဲ့ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုမဟုတ်ပါဘူး။ အခုလည်း မြန်မာ့တပ်မတော်က နေရာအစုံမှာ အောင်ပွဲတွေဆွတ်ခူးနေတယ်ဆိုတဲ့သတင်းတွေကို ကြားသိမြင်တွေ့နေရပါတယ်။

ဒါဆိုရင် ဘာကြောင့်စည်းလုံးညီညွတ်မှုအကြောင်း ပြောရတာလဲဆိုတော့ ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား ချစ်ကြည်ရင်းနှီးမှု၊ လက်တွဲဆောင်ရွက်မှုအစရှိတဲ့ ပူးပေါင်းလုပ်ဆောင်မှုတွေမှာ စည်းလုံးညီညွတ်မှုရှိလာတာကို အဓိကပြောချင်တာဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတော်ရဲ့ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးစီးတဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ ပြုလုပ်တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)ထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထဲမှာ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံမဖြစ်သေးပေမယ့် ၂၀၂၃ ခုနှစ်မှာ ဆွေးနွေးဖက်နိုင်ငံအဖြစ်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဆိုတာ “ရှန်ဟိုင်းစိတ်ဓာတ်” ကိုအခြေခံပြီးဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုပါ။ “ရှန်ဟိုင်းစိတ်ဓာတ်” ဆိုတာ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်အကျိုးပြုမှု၊ တန်းတူညီမျှမှု၊ ညှိနှိုင်းတိုင်ပင်မှု၊ ယဉ်ကျေးမှုမတူညီတဲ့အပေါ် လေးစားမှုနဲ့ ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်ဆောင်ရွက်မှုတို့ဖြစ်ပါတယ်။ တကယ်တော့ “ရှန်ဟိုင်းစိတ်ဓာတ်” ဆိုတာ မိသားစုဝင်များမှသည် နိုင်ငံများကြား လိုက်နာစောင့်ထိန်း ကျင့်ကြံသင့်တဲ့ အခြေခံမှုများပါပဲ။ ဒီမူတွေကိုအခြေခံခြင်းအားဖြင့် မိသားစုအတွင်းမှာဆိုရင်လည်း အောင်မြင်မှုများရရှိမှာဖြစ်သလို နိုင်ငံများပေါင်းစည်းထားတဲ့ အဖွဲ့အစည်းအတွင်းမှာလည်း အောင်မြင်မှုများရရှိကာ ထိုမှတစ်ဆင့် ဒေသတွင်းအောင်မြင်မှုနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ အောင်မြင်မှုတို့ကိုပါ ရရှိလာစေနိုင်မှာပါ။ ပြောရမယ်ဆိုရင် “ရှန်ဟိုင်းစိတ်ဓာတ်” ကိုအခြေခံထားတဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဆိုတာ နောင်အနာဂတ်မှာ အောင်မြင်ဖို့အလားအလာအရှိဆုံး နိုင်ငံပေါင်းစုံအဖွဲ့အစည်းကြီးတစ်ခုဖြစ်ပါတယ်။ ဒီအခြေအနေကို မြန်မာအစိုးရအဆက်ဆက်က ကြိုတင်မြော်မြင်သုံးသပ်ကာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကြီးရဲ့ လှုပ်ရှားမှုတိုင်းမှာလိုက်ပါခဲ့ပါတယ်။ ဒီလိုမျိုးတွေ လိုက်ပါခဲ့လို့လည်း မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီကို နိုင်ငံတကာနဲ့အတူ ရင်ပေါင်တန်းနိုင်လာတာပါ။ မြန်မာနိုင်ငံနဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့တို့ကြား ဆက်ဆံရေးကို ပြန်ပြောင်းကြည့်ရင် မြန်မာနိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့စတင်ဖွဲ့စည်းစဉ် ၂၀၀၁ ခုနှစ်ကတည်းက ဒီအဖွဲ့ကြီးရဲ့လုပ်ဆောင်မှုတိုင်းမှာ ပါဝင်ခဲ့တာဖြစ်ပါတယ်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့စတင်ဖွဲ့စည်းမှုအဖြစ် ပထမဆုံးအကြိမ်ထိပ်သီးအစည်းအဝေးကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှာ ၂၀၀၁ ခုနှစ်တုန်းက ကျင်းပပါတယ်။ အဲဒီထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံပါဝင်တက်ရောက်ခြင်းအားဖြင့် ဒီအဖွဲ့ကြီးရဲ့လှုပ်ရှားမှုတိုင်းမှာပါဝင်မှုကို စတင်ခဲ့တာပါ။ ၂၀၀၂ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့အစည်းအဝေးတိုင်းမှာပါဝင်တက်ရောက်ကာ ဒေသတွင်းလုံခြုံရေးနဲ့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့နဲ့ ပတ်သက်လို့ ဝင်ရောက်ဆွေးနွေးမှုတွေလုပ်ဆောင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ မြန်မာနိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အတွက် ဆက်ဆံရေးအဖွဲ့ဝင်နိုင်ငံအဖြစ်သို့ တက်လှမ်းခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ စောင့်ကြည့်သူနိုင်ငံအဖြစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရဲ့ ထိပ်သီးအစည်းအဝေးများနဲ့ အခြားဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများနဲ့ သံတမန်ရေး၊ စီးပွားရေးဆက်ဆံမှုပိုမိုနက်ရှိုင်းခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်မှာတော့ ဆွေးနွေးဖက်နိုင်ငံအဖြစ်သို့ တက်လှမ်းကာ ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံနဲ့ ဒေသတွင်းလုံခြုံရေးကိစ္စရပ်တွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်နိုင်ခဲ့ပါတယ်။ အခု ၂၀၂၅ ခုနှစ်မှာတော့ မြန်မာနိုင်ငံက SCO Plus အစည်းအဝေးကိုပင် တက်ရောက်ပြီး ထဲထဲဝင်ဝင် ပါဝင်ဆွေးနွေးမှုတွေကို လုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။






ဒီအစည်းအဝေးမှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့အလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က တစ်ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုပဏာမအဆိုပြုချက် (၅)ချက်ကို တင်သွင်းပါတယ်။ အဲဒီအဆိုပြုချက်တွေကို ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်အပါအဝင် တက်ရောက်လာကြတဲ့ နိုင်ငံများမှ ခေါင်းဆောင်အများအပြားက သဘောတူကြောင်း တညီတညွတ်တည်းထောက်ခံခဲ့ကြပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း မစ္စတာရှီကျင့်ဖျင်ရဲ့ အဆိုပြုချက်များကို ထောက်ခံတဲ့အကြောင်း၊ ဒီအဆိုပြုချက်တွေက ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားရင်ဆိုင်နေရတဲ့ မမျှတမှုတွေကို ထိန်းသိမ်းဆောင်ရွက်နိုင်မယ့်အချက်တွေဖြစ်ပြီး လက်တွေ့လည်း အောင်မြင်မှုရလိမ့်မယ်လို့ယုံကြည်ကြောင်း သဘောထားမှတ်ချက်ပြုခဲ့ပါတယ်။

အဲဒီအစည်းအဝေးကိုမြန်မာနိုင်ငံကပါဝင်တက်ရောက်ခွင့်ရတာဟာ နိုင်ငံအတွက် တကယ့်ကို ဂုဏ်ယူစရာ၊ အားတက်စရာပါ။ ဘာဖြစ်လို့လဲဆိုရင် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဒီအစည်းအဝေးကို တက်ဖို့အတွက် တရုတ်နိုင်ငံကို အလုပ်သဘောခရီးရောက်ရှိနေစဉ် တရုတ်သမ္မတမစ္စတာရှီကျင့်ဖျင်၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မစ္စတာနာရန်ဒရာမိုဒီ၊ လာအိုနိုင်ငံသမ္မတ မစ္စတာသောင်လောင်ဆီဆိုလစ်တို့နဲ့ နှစ်နိုင်ငံကြား သီးခြားတွေ့ဆုံဆွေးနွေးမှုတွေ လုပ်နိုင်ခဲ့ပါတယ်။ ဒ့ါအပြင် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ မလေးရှားနိုင်ငံဝန်ကြီးချုပ် အပါအဝင် တခြားနိုင်ငံ့ခေါင်းဆောင်များနဲ့လည်း အစည်းအဝေးခန်းမထဲမှာ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဆောင်နိုင်ခဲ့ပါသေးတယ်။ တရုတ်၊ အိန္ဒိယ၊ လာအိုဆိုတာ မြန်မာနိုင်ငံရဲ့အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံတွေပါ။ ဒီလိုနိုင်ငံတွေနဲ့ တွေ့ဆုံခြင်းဟာ မြန်မာနိုင်ငံအတွက် အကျိုးမယုတ်တဲ့တွေ့ဆုံမှုဖြစ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံမှာ သူ့ရဲဘောကြောင်တဲ့နိုင်ငံရေးသမားတချို့က နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းခဲ့ခြင်းကြောင့် မတည်မငြိမ်ဖြစ်ခဲ့ရတဲ့မြန်မာ့နိုင်ငံရေးဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်တို့ရဲ့ မှန်ကန်တဲ့ဦးဆောင် ထိန်းကျောင်းမှုအောက်မှာ မကြာခင် တည်ငြိမ်အေးချမ်းလာတော့မှာဖြစ်ပါတယ်။ ပြည်သူအများရဲ့ဆန္ဒအမှန်ဖြစ်တဲ့ စစ်မှန်တဲ့ပါတီစုံဒီမိုကရေစီအတွက် အထွေထွေရွေးကောက်ပွဲကြီးကိုလည်း မကြာခင်အချိန်အတွင်းမှာ အောင်မြင်စွာကျင်းပပေးတော့မှာပါ။ အဲဒီရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်ချင်နေတဲ့ သူ့ရဲဘောကြောင်နိုင်ငံရေးသမားများက တရားမဝင်အဖြစ် သတ်မှတ်ချင်နေကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့သတ်မှတ်လိုမှုဟာ လေထဲမှာသာပျောက်ကွယ်သွားပါလိမ့်မယ်။

စာမျက်နှာ ၁၉ သို့

**စာမျက်နှာ ၁၈ မှအဆက်**

အကြောင်းရင်းကတော့ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ အစရှိတဲ့ အင်အားကြီးနိုင်ငံများက လက်ရှိအစိုးရရဲ့ရွေးကောက်ပွဲကျင်းပပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို အမှန်အတိုင်းရှုမြင်ပြီး လက်ခံထားတဲ့အတွက်ကြောင့်ပါပဲ။

မြန်မာနိုင်ငံယာယီသမ္မတဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ကြား တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဆောင်တဲ့အခါ တရုတ်နိုင်ငံအနေနဲ့ မြန်မာ့နိုင်ငံရေးမှာ ပြည်ပရဲ့ဝင်ရောက်စွက်ဖက်မှုတွေကို ဆန့်ကျင်တဲ့အကြောင်း၊ မြန်မာနိုင်ငံမှာ မကြာခင်ကျင်းပမယ့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်နေမှုများကို တရုတ်နိုင်ငံက ထောက်ခံအားပေးတယ်ဆိုတဲ့အကြောင်း မစ္စတာရှီကျင့်ဖျင်က ပြောကြားခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီနဲ့ တွေ့ဆုံစဉ်မှာလည်း အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ထောက်ခံအားပေးတဲ့အကြောင်း၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များကိုလည်း စေလွှတ်ပေးသွားမယ်ဆိုတဲ့အကြောင်း ပြောကြားခဲ့ပါသေးတယ်။

အိန္ဒိယနိုင်ငံဆိုတာ ကမ္ဘာပေါ်မှာ သက်တမ်းအရင့်ဆုံးဒီမိုကရေစီနိုင်ငံကြီးဖြစ်တဲ့အပြင် ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံလည်းဖြစ်တာကြောင့် သူတို့ရဲ့ထောက်ခံအားပေးမှုဟာ မြန်မာနိုင်ငံမှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအတွက် အားတစ်ခုဖြစ်တာ အသေအချာပါပဲ။ ဒါတင်မကသေးပါဘူး။ ယာယီသမ္မတအနေနဲ့ လာအိုနိုင်ငံသမ္မတနဲ့တွေ့ဆုံစဉ်မှာလည်း မြန်မာနိုင်ငံမှာရွေးကောက်ပွဲကိုအောင်မြင်စွာကျင်းပနိုင်ရေး လာအိုနိုင်ငံကထောက်ခံအားပေးတဲ့အပြင် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များကို စေလွှတ်ပေးသွားမယ်ဆိုပြီး ပြောထားပါသေးတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ရဲ့ လမ်းညွှန်မှုအောက်မှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟာ စစ်မှန်ပြီးတရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲဖြစ်လာမယ်ဆိုတာ ယုံမှားသံသယဖြစ်စရာမရှိပါဘူး။ ဒါတွေဟာ SCO အစည်းအဝေးတက်ရောက်ခြင်းကြောင့် ရရှိလာတဲ့အကျိုးကျေးဇူးများစွာထဲကမှ တစ်ခုလို့ပြောနိုင်ပါတယ်။

အဲဒီနောက် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ တရုတ်နိုင်ငံ ပေကျင်းမြို့မှာကျင်းပတဲ့ တရုတ်ပြည်သူများ၏ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကို ပါဝင်တက်ရောက်ပါတယ်။ ဒီလိုတက်ရောက်ရာမှာ ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တခြားသော ကမ္ဘာ့ခေါင်းဆောင်များနဲ့တန်းတူတက်ရောက်ရခြင်းဖြစ်ပါတယ်။ ဒီစစ်ရေးပြအခမ်းအနားက မြန်မာနိုင်ငံနဲ့လည်း ဆက်စပ်မှုများစွာရှိနေပါတယ်။ ဘာကြောင့်လဲဆိုရင် အာရှဒေသမှာ ဖက်ဆစ်တို့ရဲ့ကျူးကျော်မှုကို ခုခံတွန်းလှန်တဲ့နေရာမှာ မြန်မာနိုင်ငံရဲ့ ပါဝင်မှုက အရေးပါတဲ့အခန်းကဏ္ဍမှာ ရှိနေခဲ့လို့ပါ။ ဒါ့အပြင် တရုတ်ပြည်သူများရဲ့ သူ့ကျွန်မခံစိတ်ဓာတ်နဲ့အတူ နိုင်ငံများစွာရဲ့စုစည်းအားကြောင့် ဒီစစ်ပွဲကြီးကို အောင်မြင်မှုနဲ့အတူ အဆုံးသတ်နိုင်ခဲ့တာဖြစ်ပါတယ်။ တစ်နည်းပြောရရင် မိသားစုကဲ့သို့ စည်းလုံးညီညွတ်တဲ့ စိတ်ဓာတ်ကြောင့် အောင်မြင်မှုဆိုတဲ့အသီးအပွင့်ကို ရရှိခဲ့တာပါ။ ဒီလိုမျိုးအောင်မြင်မှုဟာ SCO အဖွဲ့နဲ့အတူ နောင်တစ်ချိန်မှာလည်းရရှိလာဦးမှာဖြစ်ပါတယ်။



ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ အခုတရုတ်နိုင်ငံခရီးစဉ်မှာ နောက်ထပ်အောင်မြင်မှုတစ်ခုလည်းရှိပါသေးတယ်။ အဲဒါကတော့ တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံအတွက် ဆောင်ကြဉ်းပေးနိုင်ခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ရင်းနှီးမြှုပ်နှံမှုက အင်မတန်အရေးကြီးပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံက ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့အတွက် အလားအလာကောင်းများစွာရှိတဲ့ ဒေသဖြစ်တယ်ဆိုတာကို ယာယီသမ္မတကရှင်းပြနိုင်ခဲ့ပါတယ်။ ဥပမာတစ်ခုပြရရင် ရုရှား-တရုတ်-မြန်မာဆိုတာ ပထဝီဝင်တည်ရှိမှုအရ အိန္ဒိယသမုဒ္ဒရာဘက်ကို ဦးတည်နိုင်သောတစ်တန်းတည်း တည်ရှိနေတဲ့နိုင်ငံများဖြစ်ပါတယ်။ တကယ်လို့များ ဒီသုံးနိုင်ငံကြားမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ပူးပေါင်းဆောင်ရွက်လိုက်နိုင်တယ်ဆိုရင် တစ်နိုင်ငံချင်းစီအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုသာမက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကိုပါ ဆောင်ကြဉ်းပေးနိုင်မှာဖြစ်ပါတယ်။ ဒီအခြေအနေရှိတယ်ဆိုတာကိုလည်း ကျွန်တော်တို့ရဲ့ယာယီသမ္မတကရှင်းလင်းပြောကြားနိုင်ခဲ့တာ တွေ့ရပါတယ်။ ဒါ့အပြင် ယာယီသမ္မတဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ချစ်ကြည်ရေးခရီးရောက်ရှိနေစဉ်အတွင်း မနေမနားသွားလာပြီး နိုင်ငံအတွက်အကျိုးဖြစ်ထွန်းစေနိုင်မယ့်နေရာတွေကို လှည့်လည်ကြည့်ရှုကာ ဆွေးနွေးမှုတွေလုပ်နိုင်ခဲ့ပါသေးတယ်။

အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အနေနဲ့ ဆွေးနွေးမှုတွေလုပ်ရာမှာ ဝူဟန်တက္ကသိုလ်မှ ဒုတိယအဓိပတိပါမောက္ခကောင်းဝေနဲ့ တွေ့ဆုံမှုက မြန်မာနိုင်ငံရဲ့အနာဂတ်နည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ တွေ့ဆုံမှုတစ်ခုဖြစ်တာကို တွေ့ရပါတယ်။ ဝူဟန်ဆိုတာ နည်းပညာဖွံ့ဖြိုးတိုးတက်တဲ့ နေရာတစ်ခုဖြစ်တယ်ဆိုတာကို ကျွန်တော်ကိုယ်တိုင်လည်း မျက်မြင်တွေ့ရှိခဲ့ပြီးဖြစ်ပါတယ်၊ ဒါကြောင့် ဝူဟန်တက္ကသိုလ်နဲ့ မြန်မာနိုင်ငံတို့ကြား ဆွေးနွေးမှုက မြန်မာနိုင်ငံအတွက် နည်းပညာတတ်ကျွမ်းတဲ့ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ဖို့ အလားအလာကောင်းများကို ပေါ်ထွန်းစေတာဖြစ်ပါတယ်။

မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ နောက်ထပ်လေ့လာရေးသွားရောက်ခဲ့တဲ့နေရာတွေထဲမှာ ခေတ်သစ်နည်းပညာတစ်ခုဖြစ်တဲ့ AI နည်းပညာကို အသုံးပြုနေတဲ့ တီယန်ကျင်းဆိပ်ကမ်းလည်းတစ်ခုအပါအဝင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ရှည်လျားလှတဲ့ပင်လယ်ကမ်းရိုးတန်းကိုပိုင်ဆိုင်ထားတာကြောင့် ဆိပ်ကမ်းများစွာကိုလည်း တည်ဆောက်အသုံးပြုလျက်ရှိပါတယ်။ ဒီအတွက် တီယန်ကျင်းဆိပ်ကမ်းကိုသွားရောက်လေ့လာခြင်းဟာ မြန်မာနိုင်ငံရဲ့ ဆိပ်ကမ်းများဖွံ့ဖြိုးတိုးတက်လာစေမယ့် အခွင့်အလမ်းတစ်ခုကို ပေါ်ပေါက်လာစေပါတယ်၊ နောက်ထပ်သွားရောက်လေ့လာခဲ့တဲ့နေရာတစ်ခုကတော့ ပေကျင်းမြို့ရှိ Tebian Electric Apparatus ကုမ္ပဏီဖြစ်ပါတယ်။ ဒီကုမ္ပဏီကိုသွားရောက်လေ့လာရာမှာ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအပြင် မြန်မာနိုင်ငံရဲ့ စွမ်းအင်ကဏ္ဍတိုးတက်ရေးအတွက် ဆွေးနွေးမှုတွေလုပ်ဆောင်နိုင်ခဲ့တာကိုတွေ့ရပါတယ်။

နောက်ထပ်မြန်မာနိုင်ငံအတွက် အကျိုးရှိစေမယ့်နေရာတစ်ခုကတော့ ဟာပင်းမြို့ရှိ Harbin Institute of Technology ကိုသွားရောက်လေ့လာတာပါ။ အဲဒါက အာကာသဆိုင်ရာနည်းပညာမှာ ထင်ရှားတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ဒီနေရာကိုသွားရောက်လေ့လာခြင်းအားဖြင့် မြန်မာနိုင်ငံအတွက် အာကာသဆိုင်ရာနည်းပညာများမျှဝေနိုင်မယ့်အခြေအနေများနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေလုပ်ဆောင်နိုင်ခဲ့ပါတယ်။ Harbin Electric Corporation ကိုရောက်တဲ့အခါမှာလည်း ယာယီသမ္မတက မြန်မာနိုင်ငံမှာ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်မှုတွေလုပ်နိုင်မယ့်အခြေအနေနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။



ဆိုလိုတာက ရင်းနှီးမြှုပ်နှံမှုကိုဖိတ်ခေါ်ခဲ့တာပါ။ နောက်ထပ်သွားရောက်တဲ့နေရာကတော့ Beidahaung Smart Agriculture Exhibition Center နဲ့ Heilongjiang Huida Technology Co., Ltd. တို့ဖြစ်ပါတယ်။ အဲဒီနေရာတွေက စိုက်ပျိုးရေးအတွက် အဆင့်မြင့်နည်းပညာများ၊ AI စနစ်များ၊ မောင်းသူမဲ့စနစ်များအသုံးပြုအကောင်အထည်ဖော်နေတဲ့ နေရာတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံက စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံဖြစ်တာနဲ့အညီ စိုက်ပျိုးရေးမှာအဆင့်မြင့်နည်းပညာကို အသုံးပြုနိုင်မယ်ဆိုရင် ကောင်းကျိုးများစွာကို ရရှိစေမှာပါ။ ဒါကြောင့်လည်း ယာယီသမ္မတဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က အဲဒီနေရာကိုသွားရောက်လေ့လာခဲ့တာဖြစ်ပါတယ်။

ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ အခုတရုတ်နိုင်ငံခရီးစဉ်ဟာ ကောင်းတဲ့အကြောင်းတွေကိုပဲ သွားရောက်လုပ်ဆောင်ခဲ့တာလို့ ကျွန်တော်ကတော့မြင်ပါတယ်၊ ကောင်းတဲ့အကြောင်းတွေကိုပဲလုပ်ဆောင်ခဲ့တာဖြစ်တဲ့အတွက် ကောင်းတဲ့အကျိုးတွေပဲဖြစ်လာမှာအမှန်ပါ။ ဘယ်သူ့အတွက်လဲဆိုရင် ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံကြီးအတွက်ပါ။ လက်ရှိထွက်ပေါ်လာတဲ့အကျိုးတွေထဲကမှ တစ်ခုကိုထုတ်ပြပါဆိုရင် မြန်မာနိုင်ငံရဲ့ဂုဏ်သိက္ခာဟာ ကမ္ဘာ့အလယ်မှာ တင့်တယ်စွာမြင့်တက်လာတာကို မြင်တွေ့ရတာဖြစ်ပါတယ်။ နောက်ထပ်ရရှိလာမယ့်အကျိုးတွေထဲမှာတော့ နိုင်ငံတကာရဲ့အသိအမှတ်ပြုမှုနဲ့အတူ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်မယ်၊ နိုင်ငံမှာစီးပွားရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း၊ နိုင်ငံတကာမှာ လူမှုရေးအရသော်လည်းကောင်း၊ နည်းပညာဆိုင်ရာနဲ့ အာကာသဆိုင်ရာမှာသော်လည်းကောင်း အကျိုးဖြစ်ထွန်းတဲ့ အောင်မြင်မှုတွေကိုရရှိလာတော့မှာပါ။

ဒီဆောင်းပါးရဲ့အစပိုင်းမှာဖော်ပြခဲ့တဲ့ “မိသားစုစည်းလုံးညီညွတ်ပါက ကောင်းကျိုးချမ်းသာရရှိမည်” ဆိုတဲ့ ဆိုရိုးစကားလေးအတိုင်းပဲ ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံဆိုတဲ့ မိသားစုအတွက် ဦးဆောင်ဦးရွက်ပြုပြီး ရှေ့ကနေ အကြောင်းကောင်းတွေကိုဖန်တီးနေချိန်မှာ မိသားစုဝင်များဖြစ်ကြတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးကလည်း ကမ္ဘာကြီးရဲ့ဘယ်နေရာမှာမဆိုရောက်နေသည်ဖြစ်စေ မြန်မာနိုင်ငံဆိုတဲ့ မိသားစုကြီးတစ်ခုလုံးအတွက် ကောင်းကျိုးတွေဖြစ်တည်လာနိုင်စေဖို့ နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးတို့ကိုလိုလားတောင့်တကာ တည်ငြိမ်အေးချမ်းရေးနဲ့ စည်းလုံးညီညွတ်မှုရှိရေးတို့ကို အကောင်အထည်ဖော်ရာမှာ မြန်မာဆိုတဲ့စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆောင်ရွက်ခြင်းအားဖြင့် အကြောင်းကောင်းတွေကို ဖန်တီးပေးဖို့ပါပဲ။ ဒါဆိုရင်တော့ အကြောင်းလည်းစုံသွားပြီဖြစ်တဲ့အတွက် အကျိုးလည်းစုံလာမည်ဖြစ်ကာ ကျွန်တော်တို့မြန်မာနိုင်ငံကြီးသည်လည်း စည်ပင်ဝေဆာတိုးတက်သာယာလာပြီး စုပေါင်းညီညာကြိုးပမ်းခြင်းကြောင့် အောင်ကြောင်းဖြာလာမှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ခိုင်မာစေရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာမုံခွန်းဝိစစ်စတန်အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ခိုင်မာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး အထူးသဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပါအဝင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ချောမွေ့စေရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာမုံခွန်းဝိစစ်စတန်အား လက်ခံတွေ့ဆုံစဉ်။

# ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ





**နေပြည်တော် စက်တင်ဘာ ၈**

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပညာရှင်အဖွဲ့များမှ ပညာရှင်ဆရာကြီး၊ ဆရာမကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "လူတိုင်းအတွက် ပညာရေး"သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့သည် ကုလသမဂ္ဂလက်အောက်ခံ ယူနက်စကိုအဖွဲ့ကြီးက ကြီးမှူး၍ အီရန်နိုင်ငံ တီဟီရန်မြို့၌ ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်ထိ ၁၂ ရက်ကြာ ကျင်းပခဲ့သော ကမ္ဘာ့နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ တက်ရောက်ခဲ့သည့် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဖရက်မှတစ်ဆင့် သဘောတူဆုံးဖြတ်ချက်ဖြစ်သည့် စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားများ စတင်ကျင်းပကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အဆိုပါနေ့ရောက်တိုင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ပါကြောင်း။

ယခုနှစ် UNESCO အဖွဲ့က ထုတ်ပြန်သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ Concept Note တွင် ဒစ်ဂျစ်တယ်စနစ်၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုနှစ်မျိုးလုံးကို အကျယ်တဝင့်ဖော်ပြထားပြီး ယခုနှစ်အတွက်ထုတ်ပြန်ထားသည့် "Promoting literacy in the digital era" "ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့" ဟူသော ဆောင်ပုဒ်ပါအတိုင်း မြန်မာနိုင်ငံအတွင်း ကျောင်းပြင်ပ ပညာရေးကဏ္ဍများဖြစ်သည့် စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် တန်းညှိပညာရေးဖြစ်သည့် (ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်)များကို နှစ်အလိုက် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမှသာ နိုင်ငံအတွင်းရှိ စာမတတ်သူဦးရေကို လျှော့ချပေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားထားသည့် "ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက်" နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမှသာ နိုင်ငံအတွင်း စာမတတ်သူဦးရေလျှော့ချနိုင်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်လွန် ကျောင်းပြင်ပသို့ ရောက်ရှိနေသည့် ကလေးဦးရေကိုပါ လျှော့ချသွားနိုင်မည်ဖြစ်သဖြင့် မိသားစု၊ ရပ်ရွာဒေသများဖွံ့ဖြိုးလာပြီး ထိုမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုထက်ပိုမိုလုပ်ဆောင်လာနိုင်မည် ဖြစ်သကဲ့သို့ ဖွံ့ဖြိုးမှုအညွှန်းကိန်းများ တိုးတက်လာမည်ဖြစ်သဖြင့် ယခုထက်ပိုမိုဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများနှင့် ကျောင်းပြင်ပ ပညာရေးကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများ Video Clip ကို ပြသပြီး အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စာတတ်မြောက်ရေး ဝိုင်းကူပေး" သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အခမ်းအနားတွင် သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးအဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးအဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက "ပညာသည်သာရတနာ" သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ရောက်ရှိရေး၊ ကျောင်းနေမြဲရေးနှင့် ကျောင်းပညာပြီးဆုံးသည်အထိ ပညာသင်ယူနိုင်ရေး၊ အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရေး၊ တန်းစဉ်ကူးပြောင်းမှု မြင့်မားရေးတို့အတွက် အလေးထား ဆောင်ရွက်နေပါကြောင်း၊ KG+9 ပြီးမြောက်သူများအနေဖြင့် ဝါသနာပါရာအလိုက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်အတွဲများ ကိုရွေးချယ်၍ တက်ရောက် ပညာသင်ယူနိုင်ရေးအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ စာမတတ်သူပပျောက်ရေးနှင့် စာမတတ်သူနှုန်း မတိုးလာစေရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု Video Clip ကိုပြသပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်ကြီးတံခွန်မြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေးမှ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုသီချင်းများဖြင့် သီဆိုတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၈**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ PJSC "Sberbank of Russia" ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ Mr. Ivan NOSOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်ပေးချေမှုများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနည်းလမ်းများ၊ အဓိကအားဖြင့် အထူးအိန္ဒိယရူပီးငွေစာရင်းဆိုင်ရာ ငွေပေးချေမှုစနစ် (Special Rupee Vostro Account-SRVA Mechanism) မှတစ်ဆင့် ငွေပေးချေမှုများ ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမအထူးအယူခံမှု ခြောက်မှုတို့ကို စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးသောင်းနိုင်၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပ ရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိ ခရိုင်တရားရုံး ရုံးခန်းအမှတ် (၁) ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၃/၂၀၂၅(ရန်ကုန်)၊ ၁၇/၂၀၂၅ (မန္တလေး)၊ ၁၈/၂၀၂၅ (ပဲခူး)၊ ၁၉/၂၀၂၅ (မန္တလေး)၊ ၂၀/၂၀၂၅ (မွန်)၊ ၂၂/၂၀၂၅ (ရှမ်း)၊ စုစုပေါင်း တရားမအထူးအယူခံမှု ခြောက်မှုတို့ကို စီရင်ချက်ချမှတ်သည်။

အလားတူ ရာဇဝတ်အထူးအယူခံမှု အမှတ် ၄/၂၀၂၅ (ရန်ကုန်)၊ ၅/၂၀၂၅ (ပဲခူး)နှင့် တရားမအထူးအယူခံမှုအမှတ် ၄/၂၀၂၅ (ရန်ကုန်)၊ ၂၆/၂၀၂၅ (ရန်ကုန်)၊ ၂၇/၂၀၂၅ (ဧရာဝတီ)၊ ၂၉/၂၀၂၅ (စစ်ကိုင်း)နှင့် ၃၀/၂၀၂၅ (ရှမ်း) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၆၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# ချမ်းမြသာစည်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ





**နေပြည်တော် စက်တင်ဘာ ၈**

ချမ်းမြသာစည်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည်မြို့နယ် မြို့သစ် (၄)ရပ်ကွက် ၁၁၀ လမ်း - ၁၁၁ လမ်း၊ ၆၂ လမ်း၌ လမ်းလျှောက်လာသူ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက်နေ သက်ဇော်လင်း(ခ)ထွယ်အောင် ၂၈ နှစ်အား စစ်ဆေးရှာဖွေရာ ကက်တမင်း တစ်ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀၀) ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သတင်းအရ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၂)ရပ်ကွက် ကျွန်းရွှေဝါလမ်းတွင် လမ်းလျှောက်လာသူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက်နေ ထိန်လင်းမြတ်(ခ)ကိုထိန် ၃၈ နှစ်ထံမှ အိုက်စ်(မက်သ်အဖက်တမင်း) ၁၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၇၅၀ ကို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ပဲခူးတိုင်းဒေသကြီး ဥက္ကာမြို့သစ် (၃)ရပ်ကွက်နေ သူရကြည် ၃၉ နှစ်နှင့် မွန်ပြည်နယ် မုဒုံမြို့ စက်သစ်ရပ်ကွက်နေ ကြည်ဘုန်းထက် ၂၅ နှစ်တို့ကို ညနေ ၃ နာရီခွဲတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက် ဘီ(၃)လမ်း၌ TOYOTA HIACE မော်တော်ယာဉ်နှင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက်နေ မမေမြတ်သင်းကြိုင်(ခ) ကိုကြိုင် ၂၈ နှစ်ကိုလည်းကောင်း၊ ည ၇ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက်နေ မအေးအေးမော်(ခ)မဝိုင်း ၄၉ နှစ်ကိုလည်းကောင်း၊ စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက်နေ မျိုးမြင့်အောင် ၄၈ နှစ်အား (ဈ)ရပ်ကွက်တွင်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့နေ ဖြိုးမင်းခန့် ၄၀ နှစ်အား လှည်းကူးမြို့နယ် ဇီးပင်ဝဲရွာ၌လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**



**❑ တရားမဝင်မှုအဆက်**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်း-မင်းကွန်းကားလမ်းမအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းအရိုင်းတုံးများနှင့် ကျောက်စိမ်းဖြတ်စများ ၂၄၂ ဒသမ ၃၆ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့ စေခမ်းရပ်ကွက်ရှိ ခြံဝင်းတစ်ခုနှင့် ဝမ်လုံရပ်ကွက်ရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၈၆၀၀၀၀ ကိုလည်းကောင်း၊ ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည့် ရွှေခရိုင် မြို့ကြီးအနီး၌ မော်တော်ယာဉ်ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း အမျိုး ၁၀၀၊ လုပ်ငန်းသုံးပစ္စည်း ၃၄ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၅၈၇၉၃၃၄ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Diamond TC-003 Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Howo Sino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်လေးတွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၀၀၀၀၀၀ ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း(ရွှေပြည်သာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၀၆ မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၁၁၃၆၂၀၉ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Shwe Sin Lamin ရေယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၄၀၅၄၅၅၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၆၉၃၀၀၉၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၆ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၈၄ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၇၅၂၃၀၀၉၃ ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသဖြင့် တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ''Htein Lin Aung'' Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရေဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မကျီးပင်ကွင်းကျေးရွာနေ ထိန်လင်းအောင်အား မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ကျောင်းကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၅၀၁)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“NUG၊ PDF တို့အတွက် အမှားကိုဝန်ချတောင်းပန်ပြီး ဥပဒေဘောင်ဝင်ရောက်ရုံမှတစ်ပါး အခြားမရှိ”** ခေါင်းစဉ်ဖြင့် ၁၀-၉-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအနီး အရပ်သားပြည်သူနဲ့ ခရီးသွားပြည်သူများ ကြောက်ရွံ့ထိတ်လန့်ထိခိုက်စေရန် KNU၊ PDF အကြမ်းဖက်သမားများက Drop Bomb ချတိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူ ၁၁ ဦး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ

၈ - ၉ -၂၀၂၅

| | | | | |
|---|---|---|---|---|
| မကွေး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နေပြည်တော် | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အာဖဂန်နစ္စတန်နိုင်ငံ မြေငလျင်ဒဏ်သင့်ပြည်သူများအတွက် ကုလသမဂ္ဂအဖွဲ့က ကန်ဒေါ်လာ ၁၀ သန်းတန်ကြေးရှိ အထောက်အပံ့ပစ္စည်းများ ပံ့ပိုးမည်



**ကဘူးလ် စက်တင်ဘာ ၈**

အမေရိကန်နိုင်ငံ အခြေစိုက် ကုလသမဂ္ဂအဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံမှ မြေငလျင်ဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားရေးအစီအစဉ်အရ အမေရိကန်ဒေါ်လာ ၁၀ သန်းတန်ကြေးရှိသော အထောက်အပံ့ပစ္စည်းများ ပံ့ပိုးသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့ လက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့် Coordination of Humanitarian Affairs (OCHA) က ထုတ်ပြန်သွားခဲ့ကြောင်း စက်တင်ဘာ ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် မြေငလျင်သုံးကြိမ် လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး မြေငလျင်ဒဏ်သင့်ခဲ့သောဒေသများမှာ ကူနာစီရင်စု၊ လက်မန်းစီရင်စု၊ နန်ဂါဟာစီရင်စု၊ နူရီစတန်စီရင်စုနှင့် ပန်ရှာစီရင်စုတို့ဖြစ်ကြောင်း အာဖဂန်နစ္စတန်အစိုးရက ထုတ်ပြန်ထားသည်။

"မြေငလျင်ဒဏ်သင့် ပြည်သူတွေဟာ လူသားချင်းစာနာထောက်ထားရေးအနေနဲ့ အကူအညီအထောက်အပံ့တွေ လိုအပ်နေပါတယ်။ မြေငလျင်ကြောင့် ခက်ခဲတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရသူတွေ မြင့်တက်လာခြင်းကြောင့်လဲ အကူအညီတွေ အများကြီးလိုအပ်နေတဲ့အတွက် UN အနေနဲ့ ပံ့ပိုးပစ္စည်းတွေ ပေးပို့ပံ့ပိုးသွားမှာဖြစ်ပါတယ်"ဟု Coordination of Humanitarian Affairs (OCHA) မှ တာဝန်ရှိသူ ဒူဂျာရစ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုမှ မီးခိုးငွေ့များကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားပြီး နှစ်ဦးသေဆုံးကာ သုံးဦးဒဏ်ရာရရှိ

**အော့တဝါ စက်တင်ဘာ ၈**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုမှထွက်ပေါ်လာသော မီးခိုးငွေ့ဖုံးလွှမ်းမှုကြောင့် စက်တင်ဘာ ၆ ရက်က ကိုကွီဟယ်လာအဝေးပြေးလမ်းမကြီးတွင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ကာ ခရီးသည် နှစ်ဦးသေဆုံးကာ ထိခိုက်ဒဏ်ရာရရှိသူ သုံးဦးရှိခဲ့ကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု စက်တင်ဘာ ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

အခင်းဖြစ်ပွားရာနေရာသို့ Royal Canadian Mounted Police (RCMP) ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးမှုပြုလုပ်ခဲ့ပြီး ယာဉ်မတော်တဆမှု ဖြစ်စဉ်တွင် မော်တော်ယာဉ်တစ်စီးမှာ မြင်ကွင်းမရှင်းမှုကြောင့် လမ်းမှား၍ မောင်းနှင်လာခဲ့ရာမှ ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အတည်ပြုထုတ်ပြန်သွားခဲ့သည်။

"ယာဉ်မတော်တဆ ဖြစ်ခဲ့တဲ့နေရာကို တာဝန်ရှိသူတွေသွားရောက်စစ်ဆေးခဲ့ပါတယ်။ ဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ယာဉ်တစ်စီးဟာ လမ်းမှားမောင်းပြီးတော့ အခုလို မတော်တဆဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာ ခရီးသွားပြည်သူနှစ်ယောက် သေဆုံးသွားခဲ့ပြီးတော့ ထိခိုက်ဒဏ်ရာရရှိသူ သုံးယောက် ရှိခဲ့ပါတယ်"ဟု Royal Canadian Mounted Police (RCMP) မှ တာဝန်ရှိသူ



တစ်ဦးဖြစ်သော မက်လက်လင်က ပြောကြားခဲ့သည်။

ကိုကွီဟယ်လာ အဝေးပြေးလမ်းမကြီးအနီးတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်မှာ စက်တင်ဘာ ၄ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုကိုလည်း ထိန်းချုပ်ရခက်သည့် အဆင့်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ဗန်ကောက်မြို့ MRT ဘူတာများတွင် ရေလွှမ်းမှုဖြစ်ပေါ်နေ

**ဗန်ကောက် စက်တင်ဘာ ၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး စက်တင်ဘာ ၆ ရက်က MRT ဘူတာများတွင် ရေလွှမ်းမှုဖြစ်ပေါ်နေကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု စက်တင်ဘာ ၇ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

MRT အပြာလိုင်းရှိ ဘူတာအများစုတွင် ရေလွှမ်းမှုဖြစ်ပေါ်နေပြီး ရေလွှမ်းမှုများဖြစ်ပေါ်နေသော်လည်း ခရီးစဉ်များကို ပုံမှန်အတိုင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ဗန်ကောက်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေအောက်ရထား အမိုးများရှိ လေဝင်လေထွက်ပေါက်များ ရက်ချာဒါဗီဆက်ခ် လမ်းမကြီးပေါ်မှ ရေများကိုလည်း ရေလွှဲမှုများပြုလုပ်ကာ မြေအောက်သို့ ရေလွှဲခဲ့ခြင်းကြောင့် MRT ဘူတာများတွင် ရေလွှမ်းမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"စက်တင်ဘာ ၅ ရက်က စတင်ပြီးတော့ ဗန်ကောက်မြို့မှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပါတယ်။ မိုးရေချိန်ဟာ ၁၀၀ မီလီမီတာကို ကျော်လွန်သွားတဲ့အတွက်ကြောင့် လမ်းမကြီးတွေမှာရေလွှမ်းလာတဲ့အတွက် ရေတွေကို မြေအောက်ထဲရေလွှဲတွေပြုလုပ်ပြီး ရေကြီးရေလျှံမှုမဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။ MRT အပြာလိုင်း ဘူတာတွေမှာ ရေလွှမ်းမှုတွေဖြစ်ပေါ်နေပါတယ်"ဟု Mass Rapid Transit Authority of Thailand (MRTA) တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

MRT လမ်းကြောင်းများတွင်လည်း ရေဘေးအန္တရာယ်တားဆီးရေးအစီအစဉ်များ တပ်ဆင်ထားသည့်အတွက်ကြောင့် လမ်းမကြီးပေါ်မှရေများကို မြေအောက်သို့ ရေလွှဲခဲ့ခြင်းဖြစ်ပြီး MRT ဘူတာများတွင် ရေလွှမ်းနေမှုမှာ လာမည့် ရက်ပိုင်းအတွင်း အခြေအနေပြန်လည်တည်ငြိမ်သွားမည်ဖြစ်ကြောင်း MRTA မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဟောင်ကောင်တွင် တာပါအပူပိုင်းမုန်တိုင်း နီးကပ်လာမှုကြောင့် စာသင်ကျောင်းများနှင့် စီးပွားရေးအဆောက်အအုံတချို့ ယာယီပိတ်ထား

**ပေကျင်း စက်တင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးအုပ်ချုပ်ရေးဒေသဖြစ်သော ဟောင်ကောင်သို့ တာပါအပူပိုင်းမုန်တိုင်း နီးကပ်လာပြီဖြစ်သည့်အတွက် ဟောင်ကောင်အာဏာပိုင်အဖွဲ့အစည်းက စာသင်ကျောင်းများနှင့် စီးပွားရေးအဆောက်အအုံတချို့ကို ယာယီပိတ်ထားကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တာပါမုန်တိုင်းသည် ယနေ့တွင် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအနီး ကီလိုမီတာ ၁၇၀ အကွာသို့ ရောက်ရှိနေပြီး မုန်တိုင်းကြောင့် လေတိုက်နှုန်းမြင့်မားလျက်ရှိသကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းမှုလည်း ဖြစ်ပေါ်နေကြောင်း၊ မုန်တိုင်းနီးကပ်လာသည့်အတွက် လေကြောင်းခရီးစဉ်တချို့ကိုလည်း ယာယီဆိုင်းငံ့ခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်သည့်အတွက် ရေဘေးအန္တရာယ်ကို ရင်ဆိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများလည်း ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

Hong Kong Observatory ၏ ခန့်မှန်း တိုင်းတာချက်များအရ မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၀၁ ကီလိုမီတာနှုန်းဖြစ်ပြီး အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၅၁ ကီလိုမီတာနှုန်းထိ မြင့်တက်သွားနိုင်ကြောင်းလည်း သိရသည်။

မုန်တိုင်းသည် အန္တရာယ်ရှိသည့်အဆင့် ဖြစ်သောကြောင့် မုန်တိုင်းတိုက်ခတ်မှုပမာဏပေါ်မူတည်ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍများ၊ စာသင်ကျောင်းများနှင့် စီးပွားရေးအခြေခံအဆောက်အအုံများကို ပုံမှန်အတိုင်းလည်ပတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း Hong Kong Observatory က ထုတ်ပြန်သွားခဲ့သည်။

တာပါမုန်တိုင်းသည် တရုတ်နိုင်ငံတောင်ဘက်ပိုင်း ဂွမ်ဒုန်ပြည်နယ်တွင် ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသသို့ ဦးတည်တိုက်ခတ်လာခဲ့ခြင်းဖြစ်ကြောင်းလည်း Hong Kong Observatory က ထုတ်ပြန်သွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အီတလီနိုင်ငံက သတ်မှတ်ထားသော ၂၀၃၀ ပြည့်နှစ်အတွက် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးရည်မှန်းချက် ခက်ခဲဖွယ်ရှိနေ

**ရောမ စက်တင်ဘာ ၈**

အီတလီနိုင်ငံတွင် ကာဗွန်ထုတ်လွှင့်မှုလျှော့ချရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီး ၂၀၃၀ ခုနှစ်အတွက် ရည်မှန်းချက်နှင့်ပတ်သက်ပြီး လေ့လာသုံးသပ်ရေးအဖွဲ့အစည်းဖြစ်သည့် TEHA Group ၏ လေ့လာသုံးသပ်ချက်အရ ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန် ခက်ခဲဖွယ်ရှိနေကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အီတလီနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်အတွက် သတ်မှတ်ထားသော ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်အတွက် ၁၀ နှစ်ကျော်ခန့်အထိ အချိန်လိုအပ်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် လေအားလျှပ်စစ် စွမ်းအင်ထုတ်လုပ်ခြင်းနှင့် ဆိုလာစွမ်းအင်စနစ်ကို တည်ဆောက်နေသော်လည်း ရေအားလျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေး၊ နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆောင်ရွက်သွားသင့်ကြောင်း TEHA Group က တိုက်တွန်းသွားခဲ့သည်။

"အီတလီနိုင်ငံအနေနဲ့စွမ်းအင်နည်းပညာပိုင်းမှာ ပြည်ပနိုင်ငံတွေအပေါ်မှာ မှီခိုနေရတာကို လျှော့ချနိုင်ဖို့ လိုအပ်ပါတယ်။ ကာဗွန်ထုတ်လွှင့်မှု လျှော့ချရေးအတွက် ဥရောပနိုင်ငံတွေနဲ့ ပူးပေါင်းပြီးတော့ ပြည်တွင်းမှာ ရေအားလျှပ်စစ်စွမ်းအင် ထုတ်လုပ်မှု၊ နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်မှုတွေကို ဦးစားပေးဆောင်ရွက်သွားသင့်ပါတယ်"ဟု အီတလီစွမ်းအင်ကုမ္ပဏီဖြစ်သော Edison ကုမ္ပဏီ၏ အမှုဆောင်ချုပ်ဖြစ်သူ နီကိုလာမွန်တီက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# မေတ္တာဟင်းလေးတစ်ခွက်

## အမေ့သား(နတ်မောက်)



(၁)

မြေဆီကလေးများ ဖြူဖွေးနေသည်ကို တွေ့သည်နှင့် ကိုထွန်းလှ အတိုင်းမသိပျော်သွားသည်။ အပေါ်ယံ အမှိုက်များကို ခေါ်ပြားကလေးနှင့် ခပ်ဖွဖွရှင်းလိုက်သည်။ ချုံထူထပ်သောကြောင့် မြွေပါးကင်းပါးဂရုစိုက်ရ၏။ ဘေးဘီဝဲ့ကြည့်တော့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပါချေ။ သည်နေရာကို ရွာသူ ရွာသား တော်တော်များများ သိကြသည်။ အချိန်မတန်သေး၍ ရောက်မလာကြသေးခြင်းဖြစ်မည်။ ကိုထွန်းလှသည်သာ ဆန္ဒစောစွာ ရောက်လာခဲ့ခြင်းဖြစ်သည်။ ဆန္ဒမစော၍ကလည်း မရ။ ဘော်ဒါဆောင်ရောက်နေသည့် သားတော်မောင်ဆီမှ အကြော်အလှော်မရှိတော့ဘူးဆိုသည့် သတင်းစကား ကြားရသည်မှာ သုံးရက်မျှပင်ကြာခဲ့ပြီ။ ဟင်းကောင်းဟင်းမွန်မရသေးသောကြောင့် သားတော်မောင်ဆီ ကိုထွန်းလှ မရောက်ဖြစ်သေး။ အသားဈေး၊ ငါးဈေးက အနားကိုပင် မကပ်နိုင်အောင် ခေါင်ခိုက်နေတော့သည်။ မတတ်နိုင်သည့်အဆုံး သားကြိုက်တတ်သည့် မြေဥကလေး ရလိုရငြား ကိုထွန်းလှ အရဲစွန့်ကာ ထွက်လာခဲ့လိုက်သည်။

အလကားဖြစ်သွားမည်စိုးသောကြောင့် နေရာအနှံ့အပြား မထိုးဆွရဲ။ နေရာကွက်ကျား ခပ်ဖွဖွထိုးဆွပြီး မြေဥရှိနိုင်မည့်နေရာကိုသာ ခန့်မှန်း၍ တူးဆွ၏။ နှစ်နေရာ သုံးနေရာမျှ ပြောင်းရွှေ့တူးကြည့်သည့်တိုင် မြေဥနှင့်တူသည်ကိုမတွေ့ရ။ ကိုထွန်းလှ မျှော်လင့်ချက်မဲ့သွားသည်။ ဆက်၍ပင် မတူးချင်ပေ။ ရောက်လက်စနှင့်မထူးတော့ပြီ သဘောထားကာ ခေါ်ပြားကလေးနှင့် အပေါ်ယံမြေသားကိုရှပ်၍ တူးကြည့်သည်။

လောက်စာလုံးသာသာ အလုံးလေးတစ်လုံး ခေါ်ပြားကလေးနောက် လိမ့်ပါလာသည်။ ကိုထွန်းလှ ကောက်ကိုင်ကြည့်သည်။ မြေဥကလေး။ ဝမ်းသာသွား၏။ ထိုနေရာတွင် ကျကျနနထိုင်ပြီး စိတ်ရှည်လက်ရှည် တူးကြည့်သည်။ ခပ်ကြီးကြီး မြေဥတစ်လုံး ထပ်ထွက်လာ၏။

"ဟန်ကျပြီဟေ့"

ကိုထွန်းလှ ပျော်သွားသည်။ သားက မြေဥကို ဆီပြန်ကလေး ချက်ကျွေးလျှင် အသားဟင်း၊ ငါးဟင်းထက်ပင် ကြိုက်သေးသည်။ မြေဥကလေးများကို ကြည့်ကာ ကိုထွန်းလှ သွားရည်များပင် ကျလာသည်။ သားအတွက် လုံလုံလောက်လောက် ဟင်းတစ်ခွက်စာရပြီ။ ကိုထွန်းလှ ဆက်မတူးတော့ပေ။ မဖြစ်ထွန်းသေးသည့် မြေဥကလေးများ ပျက်စီးသွားမည် စိုးသည်။ ဘယ်သူမျှမလာပါစေနှင့်ဟု ဆုတောင်းရင်း တက်ကြွသောခြေလှမ်းများနှင့် ပြန်လာလိုက်သည်။ နောက်နှစ်ပတ်ခန့်နေလျှင် သည်နေရာကို ရောက်အောင်ပြန်လာရဦးမည်။

(၂)

ကိုထွန်းလှ အပျော်ကြီး ပျော်နေသည့်တိုင် မအေးမေကတော့ မပျော်ရွှင်နိုင်ပေ။ အသားဟင်း၊ ငါးဟင်းမပါဘဲ ချဉ်ပေါင်ကြော်၊ မြေပဲဆန်ကြော်၊ မြေဥဟင်းကလေးနှင့်တော့ သားဆီသို့ မသွားချင်။ မျက်နှာပန်းမလှဟု မအေးမေ ထင်၏။ မအေးမေ ယူဆောင်သွားရမည့် ဟင်းလျာများက သားအတွက် အားမဖြစ်နိုင်။

"ဒီလောက်ကလေးနဲ့တော့ သွားလို့ အဆင်မပြေသေးဘူးထင်ပါရဲ့တော်"

ကိုထွန်းလှက မအေးမေကို နားမလည်သလို ကြည့်ကာ ခေါင်းကုတ်၏။ သားကြိုက်တတ်သည့် မြေဥကလေးရအောင် ကိုထွန်းလှ မနည်းရှာထားရသည်။ ဤသည်ကို သွား၍အဆင်မပြေသေးဘူးဆိုတော့ ကိုထွန်းလှ ဘယ်လိုမှပင် နားမလည်နိုင်ပေ။

"ဘာလို့ အဆင်မပြေရမှာတုံး အေးမေရ။ လူလေးက မြေဥဟင်း သိပ်ကြိုက်တာ နင်လဲ သိသားနဲ့"

"တော့်သားက အရင်လိုများ ထင်နေသလား"

အမှန်စင်စစ် အကြော်အလှော်များကို ကိုထွန်းလှ သွားပို့ရသည်မဟုတ်။ မအေးမေသာ မြို့ပေါ်ဈေးကလေးဝယ်ရင်း သွားပို့ရခြင်းဖြစ်၏။ သားဆီမရောက်ဖြစ်တော့ မအေးမေ ပြောသည်ကို ကိုထွန်းလှ သဘောမပေါက်ပါချေ။

"ဘယ်လို"

မျက်လုံးကလေး အပြူးသားနှင့် မေးလာတော့ မအေးမေ သက်ပြင်းမောကို တစ်ချက်ချ၏။

"တော့်သားက လူကြားသူကြားထဲမှာ နေရတာ ကိုထွန်းလှရဲ့။ အများတကာက အသားဟင်း၊ ငါးဟင်းနဲ့ ထမင်းစားနေချိန် တော့်သားက အသီးအရွက်ကလေးနဲ့စားနေရရင် မျက်နှာများ ငယ်နေမလားလို့ပါတော်"

သားဆီကိုမကြာခဏဆိုသလိုရောက်လေ့ရှိသည့် မအေးမေအနေဖြင့် အခြေအနေမှန်ကို သဘောပေါက်ပါ၏။ တစ်ယောက်တည်းရပ်တည်၍ မရသည်နှင့်အညီ သားဘေးတွင် သူငယ်ချင်း အပေါင်းအပါ မြောက်မြားစွာရှိသည်။ နေရာဒေသအသီးသီးမှ ရောက်လာကြသည့် လူတန်းစားပေါင်းစုံ ဖြစ်သည်နှင့်အညီ အစားအသောက်၊ အနေအထိုင် စုံလင်လှ၏။ ထိုသူများကြားဝယ် သားကလေးကို မျက်နှာမငယ်စေချင်ပေ။ သူများထက် မသာလျှင်တောင် သူများနှင့် တန်းတူ နေနိုင်စေချင်သည်။ စားနိုင်စေချင်သည်။

"ဟုတ်တော့လဲ ဟုတ်ပါတယ်။ ဒါပေမဲ့ အသားဈေး၊ ငါးဈေးက နင်သိတဲ့အတိုင်း အနားတောင် မကပ်နိုင်ဘူး"

ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်ခဲ့သည့် တောင်သူလုပ်ငန်းခွင်က တစ်နှစ်ထက်တစ်နှစ် ပို၍ပင်ဆိုးရွားလာသယောင်။ အဆင်မပြေမှုများလာသည်နှင့် မိရိုးဖလာလုပ်ငန်းကို စွန့်ပစ်ချင်လာ၏။ သို့သော် ကိုထွန်းလှ မစွန့်လွှတ်ရဲ။ အရင်းအနှီးမရှိသလို အတန်းပညာလေးပါ နိမ့်ပါးနေတော့ ကိုထွန်းလှ မစွမ်းသာ။ တတ်နိုင်သည့်နည်းနှင့် သားကလေးကိုတော့ ပညာတတ်တစ်ယောက်ဖြစ်စေချင်ခဲ့၏။ တောင်သူလုပ်ငန်းကိုတော့ လက်ဆင့်ကမ်းအမွေအဖြစ် မပေးခဲ့လိုပေ။ ထို့အတွက် သားကလေး အထက်တန်းရောက်သည်နှင့် အကောင်းဆုံးဘော်ဒါဆောင်သို့ပို့ခဲ့၏။ အကုန်အကျများသည်မှန်သော်ငြား သားကလေးက စာကြိုးစားတော့ ကိုထွန်းလှ ဖြေသာပါသည်။

(၃)

ဟင်းတစ်ခွက်အတွက် ကြံဖန်နေရသည်နှင့် ညဘက်များပင် ကောင်းကောင်းအိပ်မပျော်။ ပေါင်နှံ့ရောင်းချစရာကလည်း မကျန်သလောက်ဖြစ်နေလေပြီ။ အချေးအငှားလည်း မလုပ်လိုတော့ပေ။ သီးနှံကလေးများက ယခုမှ ဖြစ်ထွန်းစ။ အကျိုးခံစားရရန် အတော်လေး စောင့်ရဦးမည်။ မိုးကလေး မှန်နေတော့ အဖျက်အမှောင့်များ မဝင်ပါစေနှင့်ဟုကိုထွန်းလှ ဆုတောင်းနေရသည်။

"အေးမေ နင် ပြန်နှင့်လိုက်တော့။ ငါ နောက်က လိုက်ခဲ့မယ်"

နေကလေး စောင်းပြီ၊ အိမ်ပြန်ချိန် ရောက်ပြီဖြစ်သော်လည်း ကိုထွန်းလှ မပြန်ချင်သေးပေ။ သားအတွက် အသားဟင်းတစ်ခွက်လောက် ကြံဖန်ရှာဖွေချင်သေးသည်။

"တော်က ဘာလုပ်အုံးမလို့တုံး"

"သွားပါ၊ ပြန်မှာသာ ပြန်ပါ"

ကိုထွန်းလှ ရှည်ရှည်ဝေးဝေး မပြောလို။ ခေါ်ကို ခါးတွင်ထိုးပြီး လွယ်အိတ်ကို လွယ်၏။ မအေးမေက ပါလာသည့် ပစ္စည်းမှန်သမျှ ယူဆောင်ပြီး ကိုထွန်းလှကို လှည့်ကြည့်ရင်း ပြန်သွားတော့သည်။

"ကဲ... ဘုရား သကြား မလို့ အကောင်ပလောင် တစ်ကောင်လောက် ရလိုက်စမ်းပါဗျာ"

ကောင်း၏၊ မကောင်း၏ ကိုထွန်းလှ မသိ။ လွယ်အိတ်ထဲမှ လေးခွကို ဆွဲထုတ်၏။ ဆူညံစွာ အော်ဟစ်ရင်း အိပ်တန်းဝင်ရန်ပြင်နေသည့် ဆက်ရက်အုပ်ကို ချောင်းသည်။ အသက်အရွယ်က စကားပြောလာသောကြောင့်ထင့် လက်များက တုန်နေသည်။ လိုရာကို ချိန်၍မရ။ ခဏလေးမော့ကာ အာရုံစိုက်သည်နှင့် လည်ပင်းက ညောင်းလှပြီ။ သည်းမခံနိုင်သည့်အဆုံး ပစ်လွှတ်လိုက်၏။ လွဲသည်။ တော်တော်ကြီးကို လွဲသည်။ ထန်းရွက်ကို မှန်တော့ တစ်ကောင်မှပင် မကျန်။ အလန့်တကြား အော်ဟစ်ကာ ထပျံသွားကြသည်။ ကိုထွန်းလှ စိတ်ပျက်စွာနှင့် ခရီးဆက်ခဲ့လိုက်သည်။

"တောက် တောက် ဂါ ဂါး"

ရိုးစပ်ဆီမှ ခါအော်သံ ကြားသည်။ မဝေးသည်မို့ ကိုထွန်းလှ အရောက်သွားသည်။ ရိုးကလေးထဲ ဆင်းလိုက်တော့ ခါအော်သံက ပို၍ကျယ်လာသယောင်။ အဆက်မပြတ်အော်နေသောကြောင့် အသံကိုဖမ်းကာ နေရာကို မှန်းဆရသည်။ နီးလာသည်နှင့်အမျှ ခြေသံမကြားအောင် ဂရုစိုက်၍နင်း၏။ လန့်ပြီး ပျံသွားမည်စိုးသည်။ သို့သော် ခါကယဉ်သည်။ မပျံ။ ကိုထွန်းလှ အနားရောက်လာသည်ကိုပင် အသံပေးကာ အော်နေဆဲ။ ဤသို့ အဆက်မပြတ် အော်ဟစ်နေသည့် ခါကို မြေပြင်တွင် ရှိမည်အထင်နှင့် အာရုံစိုက်ကာ ရှာကြည့်သည်။ မတွေ့။

"တောက် တောက် ဂါ ဂါး"

အော်သံကို သေသေချာချာ နားစွင့်ကြည့်မှမြေပြင်ဆီမှမဟုတ်ဘဲ အပေါ်နားဆီမှဖြစ်ကြောင်း သိ၏။ အသံလာရာဆီမှာ သစ်ပင်က တစ်ပင်တည်းသာ ရှိသည်။ သစ်ပင်က မမြင့်ပေ။ ကိုထွန်းလှ လက်တစ်ပြန်စာခန့်သာ ရှိသည်။ သည်လောက်အနိမ့်ကလေးတွင် ပစ်ခွင့်ရလျှင် အပိုင်ပဲဟု ကိုထွန်းလှ တွေးသည်။ ခြေသံကို အတတ်နိုင်ဆုံး လုံအောင်ထိန်း၏။ ရင်ခုန်သံမှလွဲ၍ ဘာသံမှမကြားရ။ အနားရောက်တော့ အပေါ်ကိုမော့ကြည့်သည်။ အကာအကွယ်မဲ့သည့် သစ်ကိုင်းပေါ်တွင် နားနေသည့် ခပ်အုပ်အုပ်ခိုတစ်ကောင်။ ခပ်လတ်လတ် ကြက်တစ်ကောင် အရွယ်အစားပင်ရှိသည်မို့ ကိုထွန်းလှ အတိုင်းမသိပျော်သွားသည်။ သားအတွက် အသားဟင်းတစ်ခွက် ကောင်းကောင်းရပြီ။

အကောင်းဆုံး ကျောက်ခဲလုံးလေးကိုရွေးကာ လေးခွထဲထည့်ပြီး ချိန်၏။ ရင်ခုန်သံကြောင့် လက်က ပိုပြီး တုန်ယင်နေသယောင်။ ကြိုးစားပြီးထိန်းချုပ်ကာ ပစ်လိုက်၏။ မမှန်။ ပစ်ချက်က ခေါင်းပေါ်မှ ကျော်သွားသည့်အတွက် ခါ၏ ခေါင်းကလေး ပုဝပ်သွားသည်။ ရန်သူရှိကြောင်း သိသွားပြီထင်၏။ အော်သံမပေးဘဲ ဟိုဟိုသည်သည် ပျာပျာသလဲ လိုက်ကြည့်နေသည်။ ပျံတော့မပျံသေး။ ကိုထွန်းလှ ရင်ခုန်လှပြီ။ မပျံခင် နောက်တစ်ချက် ပစ်လွှတ်နိုင်စေရန် အကောင်းဆုံးသောခဲတစ်လုံးကို ထပ်ရွေး၏။ ပြီးသည်နှင့် ပစ်ရန်ချိန်သည်။ လက်က ပထမအကြိမ်ကထက်ပိုပြီး တုန်ယင်နေ၏။ ခါက အငြိမ်မနေသေးဘဲ ဟိုဟိုသည်သည် လိုက်ကြည့်နေရင်း ကိုထွန်းလှကို မြင်သွားဟန် တူသည်။ ကိုထွန်းလှ မပစ်လိုက်ရသေးခင် 'ဖလူး'ခနဲ ထပျံသွား၏။

"ဟာကွာ တောက်"

(၄)

မဖြစ်သာ၍သာ လာရသည်။ ကိုထွန်းလှ စိတ်ထဲတွင် တထင့်ထင့်။ မအေးမေ မသွားချင်မှန်းသိ၍သာ

စာမျက်နှာ ၂၅ သို့

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၃၂၃ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၃၂၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၃၂၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မြေပဲ ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# တနိုင်းမြို့နယ် လမုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တနိုင်း စက်တင်ဘာ ၈**

ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လမုန်ကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနိုင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၅၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လမုန်ကျေးရွာရှိစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊အသင်းသူ ၂၈ ဦးကို ရန်ပုံငွေကျပ်သိန်း ၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။**မောင်ခိုင်**

## တို့များရိုးရာ သဘင်မဟာ

\- မြန်မာ့ဂုဏ်ရှိန် တောက်ပထိန်ဖို့
သိမ်မွေ့နက်နဲ အားမာန်ဖွဲ့ဖြင့်
ခိုင်မြဲစေမှု ထိန်းသိမ်းပြုကြ
အနုအလှ သုခမ။

\- ဇာတိသွေးမာန် အခြေခံကာ
မြန်မာ့ဟန်မူ စံကိုယူ၍
လှိုင်ကြူထုံမွှေး ရိုးရာတေးဖြင့်
ရေးတီးဆိုက သုခမ။

\- အနုပညာ ဂုဏ်အင်္ဂါကို
လေ့လာဆန်းစစ် မျိုးဆက်သစ်တို့
မျိုးချစ်စိတ်ဓာတ် ခိုင်ခိုင်မတ်ဖို့
မပြတ်ဆင့်ကမ်း ပညာပန်း။

\- နှစ်ပေါင်းထောင်ချီ အစွန့်ရှည်သည့်
တို့ဂီတနန်း ပညာပန်းကို
ပွင့်လန်းမွှေးကြိုင် ရနံ့လှိုင်၍
နိုင်ငံလူမျိုး ဂုဏ်ရှိန်တိုး။

\- ဆိုကရေးတီး ပြိုင်ပွဲကြီးသည်
ခရီးနှစ်ပေါင်း ရာထောင်သောင်းမျှ
နည်းကောင်းမွေဆက် မပျက်ရိုးရာ
ခိုင်ရှည်ကြဖို့ မြန်မာ့မျိုးဆက်
ဆင့်ကမ်းလက်ဖြင့်
လေးနက်ခိုင်မာ နွဲရှည်ကြာ
တို့များရိုးရာ သဘင်မဟာ။ ။

**မောင်လေပြေ(တောင်တွင်း)**

á **စာမျက်နှာ ၂၄ မှအဆက်**

"သားဆီမရောက်တာကြာပြီ သူသွားမည်" ဟုဆိုကာ ကိုထွန်းလှ ထွက်လာခဲ့ခြင်းဖြစ်၏။ အသားဟင်းမပါသည့် ဟင်းချိုင့်လေးကို ကြည့်ကာ ကိုထွန်းလှ စိတ်မကောင်း။ သူ့ကိုယ်သူ တာဝန်မကျေသူ၊ အသုံးမကျသူဟု ခံစားရ၏။ မြို့ပေါ်ရောက်တော့ ကား၊ ဆိုင်ကယ်များနှင့် သာသာယာယာ သွားလာနေကြသူများမြင်ရတော့ ပိုပြီးစိတ်မကောင်းဖြစ်ရ၏။ သည်လို ပတ်ဝန်းကျင်နှင့် သည်လိုလူမျိုးများကြားတွင် သားအနေဖြင့် အသားဟင်းမပါသည့် ဟင်းချိုင့်ကလေးကို ယူချင်ပါ့မလား။ မအေးမေကို ယခုမှ ကိုယ်ချင်းစာမိသည်။ ခြေလှမ်းများပင် မရွေ့ချင်သောကြောင့် ရောက်သည့်နေရာတွင် ခြေစုံရပ်မိသွား၏။

"မောင်မျိုးအောင်ရဲ့ အဖေလားလို့ လာလေဗျာ။ အဲဒီမှာ ဘာရပ်လုပ်နေတာတုံး"

အသံကြားမှ ဘော်ဒါဆောင်ရှေ့ ရောက်နေပြီဖြစ်မှန်းသိ၏။ ဘော်ဒါဆောင်မှဆရာကြီးက ဖော်ဖော်ရွေရွေ လက်တွဲကာခေါ်သွားတော့ ကိုထွန်းလှ အလိုက်သင့်ပါသွားတော့သည်။ ဆရာကြီးက ရေနွေးကြမ်းတစ်ခွက်ငှဲ့ပေး၏။ မဟေသီကို လက်ဖက်သုပ်ပြင်ခိုင်းနေသံလည်းကြားသည်။ သို့တိုင် ကိုထွန်းလှ မစားချင်၊ မသောက်ချင်ပေ။ ဟင်းချိုင့်ကလေး သားထံပေးသင့်၊ မပေးသင့် စဉ်းစားနေမိသည်။ မဟေသီက လက်ဖက်သုပ်ပန်းကန်လေး လာချပေးသည်။ ပြုံးပြ၍နှုတ်ဆက်သည်ကို ကိုထွန်းလှ ပြန်ပြုံးမပြမိလိုက်ပေ။

"ကဲ... ကလေးတွေ ကျောင်းဆင်းလာပြီ။ ဟော့ မောင်မျိုးအောင် ဒီမှာ မင်းအဖေ ရောက်နေတယ်ကွ"

အဖြူ၊ အစိမ်းကလေးများနှင့် တစ်ယောက်ပြီးတစ်ယောက် ဘော်ဒါဆောင်ထဲ ဝင်လာကြသည်။ မျိုးအောင် အဖေရောက်နေတယ်တဲ့ဟူသည့် တီးတိုးစကားရေရွတ်သံက နောက်နားဆီမှ ပေါက်ချလာသည့် သားတော်မောင်ဆီ ရောက်သွားဟန်တူ၏။ မျက်နှာတစ်ခွင် ချက်ချင်းပြုံးယောင်သန်းသွားသည်ကို ကိုထွန်းလှ မြင်လိုက်သည်။ ရင်တွင်း၌ ကြည်နူးစိတ်ကလေး ခဏဖြစ်၏။

"ကဲ... ဦးလေး၊ ကလေးနဲ့ အေးအေးဆေးဆေး တွေ့လိုက်ပါအုံး"

ချိုင့်ကလေးဆွဲပြီး ဆရာကြီးကို နှုတ်ဆက်ကာ အခန်းတွင်းမှ ထွက်ခဲ့လိုက်သည်။ သားက ချိုင့်ကလေး လာကူဆွဲမည်လုပ်တော့ ကိုထွန်းလှ အဆွဲမခံ။ သားနောက်မှ အသာကလေး လိုက်ခဲ့လိုက်၏။ သားနေထိုင်ရာ အဆောင်ကလေးဆီရောက်တော့ သားက ကိုထွန်းလှကို ထိုင်စရာနေရာပေးပြီး လွယ်အိတ်ကို သေတ္တာပေါ်တွင် တင်၏။ ထမင်းသွားယူဦးမည်ဆိုကာ ပန်းကန်တစ်ချပ်ဆွဲပြီး ထွက်သွား၏။ ခဏနေတော့ သားပြန်ရောက်လာသည်။ သားပုံစံက ပျော်ရွှင်နေသည့်ဟန်။ ဝမ်းသာနေသည့်ဟန်။ တပြုံးပြုံးနှင့် သွက်လက်ပေ့ါပါးနေ၏။

"အဖေ ဘာဟင်းတွေ ပါလဲ။ သားကို ချိုင့်ပေးပါအုံး"

ဘေးနားဆီမှ အသားဟင်းနံ့ပေါင်းစုံ နှာခေါင်းတွင်း တိုးဝင်လာသည်။ ကိုထွန်းလှ ခဏမျှအသက်ရှုရပ်သွားသလို ခံစားရ၏။ ဟင်းချိုင့်ကို သားဆီ မပေးရဲသေး။

"အဖေ ဘာငေးနေတာလဲ။ သား ဗိုက်ဆာနေပြီ ပေး ပေး"

သားက အတင်းဆွဲယူပြီး ချိုင့်ကိုဖွင့်ရန်ပြင်၏။

"ငမျိုး ဘာဟင်းတွေပါလဲကွ။ ငါတို့လဲ ကျွေးအုံးလေကွာ"

သား၏ သူငယ်ချင်းများ ထင်သည်။ နှစ်ယောက်၊ သုံးယောက် အနားရောက်လာသည်။ သူတို့ပန်းကန်ထဲမှာက ထမင်းနည်းနည်း၊ ဟင်းများများ ဖြစ်သည်။ မွှေးရနံ့နှင့်အတူ ထင်းခနဲ မြင်လိုက်ရသည်က စားချင်စဖွယ် အမဲသားကြော်ကလေး။ သား ချိုင့်ဖွင့်လိုက်မည်ကို ကိုထွန်းလှ ကြောက်နေမိသည်။ သားက ဘာမျှမဖြစ်သလို အပြုံးနှင့် ချိုင့်ကိုဖွင့်နေသည်။ သားမျက်နှာကလေး ညှိုးငယ်သွားမည် စိုးသည်။ ကိုထွန်းလှ ရဲရဲပင်မကြည့်ဝံ့။

"အားပါးပါး မွှေးနေတာပဲ"

သား၏ ဝမ်းသာအားရ စကားသံကိုကြားမှ ကိုထွန်းလှ သက်ပြင်းချနိုင်သည်။ သားကို ကြည့်တော့ တကယ်ပင် ဝမ်းသာနေသည့်ပုံ။

"မြေဥဟင်းတွေပဲ။ ကောင်းလိုက်တာ အဖေရာ။ ဒီလိုအချိန်ကြီး မြေဥရအောင် အဖေ ဘယ်လိုများ သွားရှာထားသလဲ။ ဟော့ကောင်တွေ ဒါ ငါသိပ်ကြိုက်တဲ့ မြေဥဟင်းကွ။ ကြက်သား၊ ဝက်သားနဲ့တောင် မလဲနိုင်ဘူး။ လာစားကြည့်"

သားအနား ဝိုင်းအုံလာပြီး အထူးအဆန်းသဖွယ် ကြည့်နေကြသည်။ မြေဥကို သိပုံမပေါ်။ မြို့သားများ ဖြစ်ဟန်တူပါ၏။

"ဟော့ကောင် ငမျိုး၊ မင်းဟာက စားကောစားကောင်းလို့လားကွာ။ တော်ကြာ ဆေးရုံရောက်ကုန်မှဖြင့် ငါတော့ မစားရဲဘူး"

နှာခေါင်းရှုံ့ပြီး ပြောနေသည့်တိုင် သားက ခေါင်းမဖော်တမ်း ထည့်စားနေလေပြီ။

"အေးအေး မင်းတို့မစားရဲရင် မစားကြနဲ့။ ငါပဲ စားမယ်။ နောက်မှ ငါမကျွေးဘူး မပြောနဲ့နော်။ ရော့ ဒီမှာ ချဉ်ပေါင်ကြော်နဲ့ မြေပဲဆန်ကြော် ထည့်စားကြ"

သားက မျက်စိမှိတ်ပြသည်။ မြို့သားများက ချဉ်ပေါင်ကြော်နှင့် မြေပဲဆန်ကြော်ကိုတော့ တို့ကနန်းဆိတ်ကနန်း ထည့်စားကြပါ၏။ အင်မတန်အရသာရှိသည့် မြေဥဟင်းကိုတော့ မစားကြပါချေ။ သားကတော့ မြေဥဟင်းကိုသာ တစ်ဇွန်းပြီးတစ်ဇွန်းထည့်ကာ အားပါးတရ စားနေ၏။ သားစားနေသည်ကိုမြင်တော့ ကိုထွန်းလှ ပီတိဖြစ်ရပါသည်။

သားသူငယ်ချင်းများ၏ ထမင်းပန်းကန်များထဲမှ အသားဟင်းများကို မြင်တော့ ကိုထွန်းလှ စိတ်မကောင်းဖြစ်ရသည်။

သို့တိုင် သားကတော့ ကိုထွန်းလှ မေတ္တာဖြင့်ရှာဖွေချက်ပြုတ်ခဲ့သည့် မြေဥဟင်းလေးကို မြိန်ရှက်စွာ စားနေဆဲပင် ဖြစ်ပါသတည်း။

# စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ ( ၂ )

မဲဆန္ဒရှင်တစ်ဦး

**နိဒါန်း**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ၂၈-၁၂-၂၀၂၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်ပါမည်။ လွှတ်တော်အလိုက် မဲဆန္ဒနယ်မြေများစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်တွင် သတ်မှတ်ကြေညာခဲ့ပါသည်။ ပထမပိုင်းအတွက် ရွေးကောက်ပွဲကျင်းပမည့် မြို့နယ် ၁၀၂ မြို့နယ်စာရင်းကို ၂၀-၈-၂၀၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အပိုင်းလိုက် ဆန္ဒမဲပေးရမည့်နေ့ရက်နှင့် မြို့နယ်များစာရင်းကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။

**ရွေးကောက်ပွဲစနစ်သစ်အတွက် အဓိကအချက်များ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၄၅/၂၀၂၅၊ ၄၆/၂၀၂၅၊ ၄၇/၂၀၂၅ တို့ဖြင့် ၂၉-၇-၂၀၂၅ ရက်တွင် လွှတ်တော် ၃ ရပ်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေကို ဆင့်မအကြိမ်ပြင်ဆင်သည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၅၊ ၅၁/၂၀၂၅၊ ၅၂/၂၀၂၅ တို့ဖြင့် လွှတ်တော် ၃ ရပ်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများကို ၇-၈-၂၀၂၅ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် MMP စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ MMP စနစ်ဆိုသည်မှာ ရောနှောထားသည့်စနစ်များအုပ်စုတွင် ပါဝင်သည့် စနစ်တစ်မျိုးဖြစ်ပါသည်။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့်ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ခွဲခြား၍ ကျင့်သုံးခြင်းဖြစ်ပါသည်။

လာမည့်ရွေးကောက်ပွဲအတွက် MMP စနစ်ကျင့်သုံးရာတွင် ဥပဒေမူဘောင်၊ မဲဆန္ဒနယ် သတ်မှတ်ခြင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခြင်း၊ ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်း၊ မဲဆန္ဒနယ်ကိုယ်စားပြုခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်း၊ PR လစ်လပ်ကိုယ်စားလှယ်နေရာ အစားထိုးဖြည့်စွက်ခြင်းတို့သည် စနစ်သစ်ဖြင့်ကျင်းပမည့် ရွေးကောက်ပွဲအတွက် အဓိကကျသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များဖြစ်ပါသည်။

**ဥပဒေမူဘောင်**

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သည့်ရွေးကောက်ပွဲစနစ်ကျင့်သုံးရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့သော် လွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်များအရသင့်လျော်သော ရွေးကောက်တင်မြှောက်ပုံစနစ်ကို ရွေးချယ်ကျင့်သုံးခြင်းဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်အရ လျော်ကန်သည့် FPTP စနစ်ဖြင့် ယခင်အတိုင်း တစ်မြို့နယ်လျှင် ကိုယ်စားလှယ် တစ်ဦးကျစီဖြင့် ကိုယ်စားလှယ် ၃၃၀ ဦးကို ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပါသည်။

အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တူညီသော ကိုယ်စားလှယ်အရေအတွက် ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်ရသဖြင့် FPTP အားသာချက်ရော PR အားသာချက်ပါရရှိမည့် MMP ကျင့်သုံးခြင်းဖြစ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ ၆ ခုအတွက်လည်း FPTP မဲဆန္ဒနယ် တစ်နယ်စီသတ်မှတ်ပြီး ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်ရမည်ဖြစ်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်းပြဋ္ဌာန်းချက်အရ တစ်မြို့နယ်လျှင် နှစ်ဦးကျစီဖြစ်သဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ်များ သတ်မှတ်ပြီး MMP ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များအတွက်လည်း FPTP စနစ်ဖြင့် ရွေးကောက်ရမည်ဖြစ်ပါသည်။

**❖ ပြောင်းလဲလိုက်သည့် ရွေးကောက်ပွဲစနစ်သစ်အတွက် နိုင်ငံရေးပါတီများနှင့် ပြည်သူများအတွင်း သိရှိနားလည်ရန် ခက်ခဲနေကြောင်း ကြားသိရပါသည်။ ရွေးကောက်ပွဲစနစ်သစ်ဟုဆိုသော်လည်း ယခင်ကမဲပေးခဲ့သည့် FPTP ပုံစံအတိုင်း မဲပေးရခြင်းသာ ဖြစ်ပါသည်။ PR မဲဆန္ဒနယ်အတွက် မဲရလဒ်များပေါင်းစည်းတွက်ချက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက နည်းလမ်းမှန်ကန်စွာ ဆောင်ရွက်မည်ဖြစ်ပါသည်။ ရိုးရှင်းပါသည်။ လွယ်ကူပါသည်။ ပွင့်လင်းမြင်သာမှုရှိပါသည်။ အခက်အခဲမရှိပါ။ ရှုပ်ထွေးမှုမရှိပါ။ ကိုယ်စားလှယ်လောင်းများနှင့် ပါတီကရသည့် ခိုင်လုံမဲအချိုးအတိုင်း ကိုယ်စားလှယ်များ ရရှိပါမည်။ ❖**

**မဲဆန္ဒနယ်သတ်မှတ်ခြင်း**

MMP စနစ်အရ လွှတ်တော်အလိုက် မဲဆန္ဒနယ် အမျိုးအစားနှစ်မျိုးရှိသည်။ ကိုယ်စားလှယ် တစ်ဦးစီ ရွေးကောက်တင်မြှောက်ရမည့် FPTP မဲဆန္ဒနယ်များနှင့် တစ်ဦးထက်ပိုသော ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရမည့် PR မဲဆန္ဒနယ်များဖြစ်သည်။ မဲဆန္ဒနယ်များ၏ ပုံသဏ္ဌာန်သုံးမျိုးရှိသည်။ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည့်ပုံစံ၊ တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်များကို စုစည်း၍ မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည့်ပုံစံ၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလုံးကို မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည့်ပုံစံတို့ဖြစ်သည်။ ပြည်သူ့လွှတ်တော်အတွက် တစ်မြို့နယ်လျှင် FPTP မဲဆန္ဒနယ် တစ်နယ်စီဖြင့် မဲဆန္ဒနယ် ၃၃၀ နယ် သတ်မှတ်ပါသည်။

အမျိုးသားလွှတ်တော်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်များကိုစုစည်း၍ FPTP မဲဆန္ဒနယ် ၆ နယ် သတ်မှတ်ပါသည်။ ယင်း FPTP မဲဆန္ဒနယ်များကို စုစည်း၍ PR မဲဆန္ဒနယ် တစ်နယ် သို့မဟုတ် အများဆုံးသုံးနယ်သတ်မှတ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသပါဝင်သော ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတစ်ခုစီအတွက် မူလ FPTP မဲဆန္ဒနယ် ၆ နယ်တွင် တစ်နယ်စီ ပါဝင်ပါသည်။ PR မဲဆန္ဒနယ် တစ်နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် ၅ ခု၊ PR မဲဆန္ဒနယ် ၂ နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ၆ ခု၊ PR မဲဆန္ဒနယ် ၃ နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် ၃ ခု ဖြစ်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တစ်မြို့နယ်လျှင် FPTP မဲဆန္ဒနယ် တစ်နယ်စီ သတ်မှတ်ပါသည်။ တစ်ဆက်တစ်စပ်တည်းရှိသော FPTP မဲဆန္ဒနယ်များကို စုစည်း၍ PR မဲဆန္ဒနယ်များအဖြစ် သတ်မှတ်ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့နယ်အရေအတွက်အပေါ်မူတည်ပြီး PR မဲဆန္ဒနယ်များကို အနည်းဆုံး တစ်နယ် သို့မဟုတ် လိုအပ်သလို သတ်မှတ်ပါသည်။ PR မဲဆန္ဒနယ် တစ်နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ၅ ခု၊ PR မဲဆန္ဒနယ် ၂ နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် ၂ ခု၊ PR မဲဆန္ဒနယ် ၃ နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် ၁ ခု၊ PR မဲဆန္ဒနယ် ၄ နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ၂ ခု၊ PR မဲဆန္ဒနယ် ၅ နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ၂ ခု၊ PR မဲဆန္ဒနယ် ၆ နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ၂ ခု ဖြစ်ပါသည်။

သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလုံးကို FPTP မဲဆန္ဒနယ် တစ်နယ်အဖြစ် သီးခြားသတ်မှတ်ပါသည်။ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဂ) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဃ) တို့အရ မဲဆန္ဒနယ်များသတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၃၃၀ နယ်၊ အမျိုးသားလွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၈၄ နယ်နှင့် PR မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များအတွက် FPTP မဲဆန္ဒနယ် ၃၂၂ နယ်၊ PR မဲဆန္ဒနယ် ၄၂ နယ်နှင့်တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ် ၂၉ နယ်၊ မဲဆန္ဒနယ်စုစုပေါင်း ၈၃၃ နယ်ဖြစ်ပါသည်။

**ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း**

ပြည်သူ့လွှတ်တော် FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းသည် မဲဆန္ဒနယ်နှင့်သက်ဆိုင်သည့် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရမည်။ တစ်သီးပုဂ္ဂလများလည်း အမည်စာရင်းတင်သွင်းနိုင်ပါသည်။

အမျိုးသားလွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရပါမည်။ FPTP မဲဆန္ဒနယ်တွင် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများသည် ယင်း FPTP မဲဆန္ဒနယ် အကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ် အရေအတွက်အတိုင်း အမည်စာရင်းတင်သွင်းရပါမည်။ အရေအတွက်လျှော့ပေါ့တင်သွင်း၍ မရပါ။ MMP စနစ်အတွက် အဓိက အချက်ဖြစ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတစ်ခုစီအတွက် FPTP မဲဆန္ဒနယ်တစ်နယ်စီ သီးခြားပါဝင်ပြီး ယင်း FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများဖြစ်သင့်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် ကော်မရှင်က သတ်မှတ်ပေးသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင် အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရပါသည်။ အမျိုးသားလွှတ်တော်နည်းတူ FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ်များအတွက် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အမည်စာရင်း တင်သွင်းရပါသည်။ တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရပါသည်။

ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာန၏ ခရိုင်များတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအရ မူလခရိုင်များအပြင် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသည့် ခရိုင်အသစ်များလည်း ပေါ်ပေါက်လာပါသည်။ ခရိုင်များတိုးချဲ့ဖွဲ့စည်းလိုက်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရမည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများ သတ်မှတ်ချက်အား ကော်မရှင်က ၂၆-၈-၂၀၂၅ ရက်တွင် နိုင်ငံရေးပါတီများသို့ အသိပေးအကြောင်းကြားစာပေးပို့ခဲ့ပါသည်။ ကော်မရှင်က သတ်မှတ်သည့်ခရိုင်များတွင် ကိုယ်စားလှယ်လောင်းအမည်စာရင်းများ တင်သွင်းရမည်ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ကော်မရှင်ကသတ်မှတ်ကြေညာလိုက်သည့် မဲဆန္ဒနယ်အားလုံးအတွက် တင်သွင်းနိုင်မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ ဆောင်ရွက်ခြင်းမှာ ဆန္ဒမဲပေးရမည့်ရက်ကိုသာ ခွဲခြားသတ်မှတ်ခြင်းဖြစ်ပါသည်။

မဲဆန္ဒနယ်အသီးသီးအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းစတင်တင်သွင်းနိုင်သည့်ရက်မှာ ၈-၉-၂၀၂၅ ရက်ဖြစ်ပြီး နောက်ဆုံးတင်သွင်းရမည့်ရက်မှာ ၁၇-၉-၂၀၂၅ ရက်အထိ ၁၀ ရက်ဖြစ်ပါသည်။ အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့်နောက်ဆုံးရက်မှာ ၁၂-၉-၂၀၂၅ ရက်ဖြစ်ပါသည်။ PR မဲဆန္ဒနယ်များအတွက် အမည်စာရင်းရုပ်သိမ်းပါက ပြန်လည်အစားထိုးတင်သွင်းရမည့်ရက်မှာ ၁၃-၉-၂၀၂၅ ရက်မှ ၁၇-၉-၂၀၂၅ ရက်အထိ ဖြစ်ပါသည်။

စာမျက်နှာ ၂၇ သို့ á

á **စာမျက်နှာ ၂၆ မှအဆက်**

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အမည်စာရင်းတင်သွင်းလွှာများကို စိစစ်မည့်ရက်မှာ ၁၈-၉-၂၀၂၅ ရက်မှ ၄-၁၀-၂၀၂၅ ရက်အထိ ၁၇ ရက်ဖြစ်ပါသည်။ ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့်ရက်အတွင်း ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းနှင့် စိစစ်ခြင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

PR မဲဆန္ဒနယ်သည် ပါတီအချိုးကျကိုယ်စားပြုစနစ်အတွက် သတ်မှတ်ခြင်းဖြစ်သဖြင့် တစ်သီးပုဂ္ဂလများပါဝင်၍မရပါ။ တစ်သီးပုဂ္ဂလများအနေဖြင့် လွှတ်တော်သုံးရပ်စလုံးအတွက် FPTP မဲဆန္ဒနယ်များတွင်သာ ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါသည်။

**မဲဆွယ်စည်းရုံးခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆ အရ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာစည်းရုံးခွင့်ရှိသည်။ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၁ အရလည်း ပါတီမှတ်ပုံတင်ခွင့်ရသည့်နေ့မှစ၍ ပါတီဝင်အင်အားစုဆောင်းခြင်းနှင့် ပါတီစည်းရုံးရေးလုပ်ငန်းများကို ပါတီစည်းမျဉ်းနှင့်အညီ ဆောင်ရွက်နိုင်ပါသည်။

ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို ယခင်ရွေးကောက်ပွဲများတွင် ကော်မရှင်က ညွှန်ကြားချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။ ယခု လာမည့်ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း စည်းကမ်းတကျဆောင်ရွက်နိုင်ရန်၊ ရွေးကောက်ပွဲပြစ်မှုများ၊ အငြင်းပွားမှုများနှင့် ဥပဒေချိုးဖောက်မှုများ လျော့နည်းစေရန်အတွက် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် ပုဒ်မ ၃၀ - က ဖြင့် ဖြည့်စွက်ပြဋ္ဌာန်းထားပါသည်။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို နည်းဥပဒေတွင်လည်း သီးခြားအခန်းတစ်ခန်းဖြင့် ပြဋ္ဌာန်းထားပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များက ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်ကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်ဖြစ်ပါသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရပါမည်။ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများကို မကျူးလွန်မိစေရန် အထူးသတိပြုရပါမည်။ နိုင်ငံရေးပါတီများကလည်း အပြန်အလှန် စောင့်ကြည့်ထိန်းကျောင်းရန်လိုအပ်ပါသည်။ ပါတီက ကျူးလွန်သည်ဖြစ်စေ၊ ကိုယ်စားလှယ်လောင်းက ကျူးလွန်သည်ဖြစ်စေ FPTP မဲဆန္ဒနယ်အတွက်ရော PR မဲဆန္ဒနယ်အတွက်ပါ သက်ရောက်မှုရှိမည်ဖြစ်ပါသည်။

**ဆန္ဒမဲပေးခြင်း**

လာမည့်စနစ်သစ်နှင့် ရွေးကောက်ပွဲတွင် မဲရုံအားလုံး၌ MEVM အီလက်ထရောနစ် မဲပေးစက်များဖြင့် ခလုတ်နှိပ်၍ မဲပေးကြရမည်ဖြစ်ပါသည်။ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများတွင် အကျုံးဝင်သော မဲစာရင်းပါရှိရာ မြို့နယ်ပြင်ပရောက် တပ်မတော်သားများနှင့်အတူနေအိမ်ထောင်စုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများသည် နည်းဥပဒေပါ နည်းလမ်းအတိုင်းတောင်းဆို၍ ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ဘောလ်ပင်ဖြင့် အမှန် (A) အမှတ်အသားပြု၍ ကြိုတင်ဆန္ဒမဲပေးနိုင်ပါသည်။

ရွေးကောက်ပွဲကျင်းပသောနေ့တွင် မဲဆန္ဒနယ်အတွင်းရှိသော်လည်း မဲရုံသို့ မလာရောက်နိုင်သည့် အနာကြီးရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊ အိုမင်းမစွမ်းသူ၊ သားဖွားနေသူ၊ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူ၊ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူ၊ မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ ယာယီတာဝန် ထမ်းဆောင်ရသည့် နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် နည်းဥပဒေပါနည်းလမ်းအတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ပါသည်။

မဲဆန္ဒရှင်က ဆန္ဒမဲပေးရာတွင် ကြိုတင်မဲပေးခြင်းဖြစ်စေ၊ မဲပေးစက်ဖြင့် မဲပေးခြင်းဖြစ်စေ နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ ဆန္ဒပြုမဲပေးရမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်က ယခင် ရွေးကောက်ပွဲများအတိုင်း ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်ဆန္ဒမဲပေးရုံဖြင့် FPTP ကိုယ်စားလှယ်ရော PR ကိုယ်စားလှယ်အတွက်ပါ တစ်ဆက်တည်း ရွေးကောက်တင်မြှောက်ပေးနိုင်မည်ဖြစ်ပါသည်။

**ဆန္ဒမဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်း**

MMP စနစ်တွင် မဲဆန္ဒရှင်က နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်၊ ပါတီကိုတစ်ကြိမ် မဲပေးရခြင်းရှိသကဲ့သို့ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာမဲပေးရပြီး ကိုယ်စားလှယ်ကရရှိသည့်မဲကို ပါတီကရသည့်မဲအဖြစ်သတ်မှတ်သည့် ရိုးရှင်းသော နည်းလမ်းလည်းကျင့်သုံးပါသည်။ ယခု ရွေးကောက်ပွဲဥပဒေတွင် မဲဆန္ဒရှင်က လွှတ်တော်မဲဆန္ဒနယ်အလိုက် FPTP ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ မဲပေးရပါမည်။ ဆန္ဒမဲအများဆုံးရရှိသည့်ကိုယ်စားလှယ်လောင်းက FPTP မဲဆန္ဒနယ်အတွက် ရွေးကောက်ခံရမည်ဖြစ်ပါသည်။

ဤနေရာတွင် MMP စနစ်အရ FPTP ကနေ PR စနစ်ကို ကူးပြောင်းသည့်ပုံစံအရေးကြီးပါသည်။ FPTP မဲဆန္ဒနယ် (အမျိုးသားလွှတ်တော်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသမပါ) တွင် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပါတီများက FPTP မဲဆန္ဒနယ် အကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း အမည်စာရင်းတင်သွင်းရမည်ဖြစ်ပါသည်။ FPTP မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်ကရရှိသည့် ဆန္ဒမဲကို PR မဲဆန္ဒနယ်အတွက် ပါတီကရရှိသည့် ဆန္ဒမဲအဖြစ် စုစည်းတွက်ချက်သွားမည်ဖြစ်ပါသည်။ PR မဲဆန္ဒနယ်အတွက် ပါတီအသီးသီးက စုစည်းရရှိသည့်ဆန္ဒမဲများအပေါ်မူတည်ပြီး ပါတီအများသိပြီးဖြစ်သော ရိုးရှင်းလွယ်ကူသည့် Closed List PR စနစ်၊ အနည်းဆုံးရရှိရမည့် အခြေခံမဲ Hare Quota တွက်နည်း၊ ကြွင်းကျန်မဲအများဆုံးနည်းလမ်း (The Largest Remainder Method) တို့ဖြင့် ပါတီအချိုးကျ PR ကိုယ်စားလှယ်များကို ဥပဒေအတိုင်း တွက်ချက်သွားမည်ဖြစ်ပါသည်။ ထိုသို့ တွက်ချက်ရာတွင် PR မဲဆန္ဒနယ်များသည် ပါတီအချိုးကျကိုယ်စားလှယ်များအတွက် သတ်မှတ်ခြင်းဖြစ်သဖြင့် FPTP မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလများရရှိသော ခိုင်လုံမဲများကို PR မဲဆန္ဒနယ်တွင် ထည့်သွင်းတွက်ချက်ခြင်းမပြုကြောင်း သိရှိထားရန်လိုပါသည်။

ဥပမာ - Closed List PR သဘောအရ မဲဆန္ဒနယ်အလိုက်ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း ပါတီက ဦးစားပေးအစီအစဉ်ဖြင့် အမည်စာရင်းကို ကော်မရှင်ထံ ကြိုတင်တင်ပြရပါမည်။ အနည်းဆုံးရရှိရမည့် အခြေခံမဲ Hare Quota တွက်နည်းဆိုသည်မှာ ကိုယ်စားလှယ် ၆ ဦး ရွေးကောက်ရမည့် PR မဲဆန္ဒနယ်တွင် ခိုင်လုံမဲစုစုပေါင်း ၆၀၀၀၀ ဆိုပါစို့။ အခြေခံမဲ ၁၀၀၀၀ ရပါက ကိုယ်စားလှယ်တစ်ဦး ရွေးကောက်ခံရခြင်းဖြစ်ပါသည်။ အခြေခံမဲ Quota တစ် Quota ရလျှင် ကိုယ်စားလှယ်တစ်ဦးရခြင်းဖြစ်ပါသည်။ ကြွင်းကျန်မဲအများဆုံးနည်းလမ်း The Largest Remainder Method ဆိုသည်မှာ ပါတီရရှိသည့် ခိုင်လုံမဲကို Quota ဖြင့် စားခြင်းစားလဒ်အရ ကိုယ်စားလှယ်ဦးရေကို တွက်ချက်ခြင်းဖြစ်ပါသည်။ သာမန်အားဖြင့် ခိုင်လုံမဲစုစုပေါင်း ၆၀၀၀၀ တွင် A ပါတီက မဲ ၄၀၀၀၀ ရလျှင် ကိုယ်စားလှယ် ၄ ဦး၊ B ပါတီက မဲ ၂၀၀၀၀ ရလျှင် ကိုယ်စားလှယ် ၂ ဦး ရမည့်သဘောဖြစ်ပါသည်။ Quota နည်းဖြင့် သတ်မှတ်ကိုယ်စားလှယ်ဦးရေ မပြည့်သေးပါက စားကြွင်းအရပါတီများ၏ ကြွင်းကျန်မဲများကို အများအနည်းအလိုက် ကိုယ်စားလှယ်တစ်ဦးကျစီ ဖြည့်စွက်ပေးခြင်းဖြစ်ပါသည်။

MMP အရ ဆန္ဒမဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်မည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ ပါတီကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲလေ့လာသူများ၊ အသိသက်သေများ၊ မဲဆန္ဒရှင်များက စောင့်ကြည့်လေ့လာနိုင်ပါသည်။ ဤတွက်နည်းအရ မဲဆန္ဒရှင်က မဲတစ်ကြိမ်ပေးရုံဖြင့် FPTP မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်များနှင့် PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်များကိုပါ တစ်ဆက်တစ်စပ်တည်း ရွေးကောက်တင်မြှောက်နိုင်မည်ဖြစ်ပါသည်။ အလွန်ရိုးရှင်းလွယ်ကူပါသည်။ FPTP အတွက်ရော PR အတွက်ပါ မျှတသော ကိုယ်စားလှယ်အချိုးရရှိနိုင်ပါသည်။

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲအတွက် MMP စနစ်နမူနာပုံစံ**

မြို့နယ်အရေအတွက်နည်းသော ပြည်နယ်တစ်ခုအတွက် ဥပမာပေးတင်ပြလိုပါသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး ရွေးကောက်တင်မြှောက်ရာတွင် FPTP မဲဆန္ဒနယ် ၆ နယ် သတ်မှတ်၍ ကိုယ်စားလှယ်တစ်ဦးကျစီဖြင့် ၆ ဦး ရွေးကောက်တင်မြှောက်ပါမည်။

**စာမျက်နှာ ၂၈ သို့** á

### အမျိုးသားလွှတ်တော် MMP စနစ် ရွေးကောက်ပွဲ ကိုယ်စားလှယ်နေရာ ( ၆ )နေရာရှိသော PR မဲဆန္ဒနယ်အတွက် ပါတီအလိုက်ဦးစားပေး ကိုယ်စားလှယ်လောင်းစာရင်း

| ( A )ပါတီ | ( B )ပါတီ | ( C )ပါတီ | ( D )ပါတီ | ( E )ပါတီ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးမျိုး | ၁။ ဦးက | ၁။ ဦးမြိုင် |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးတိုး | ၂။ ဦးနိုး | ၂။ ဦးဂ |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဒေါ်မူမူ | ၃။ ဒေါ်ကြူ | ၃။ ဒေါ်ဆ |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်ကြိုင် | ၄။ ဒေါ်နိုင် | ၄။ ဒေါ်စ |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဦးကျော် | ၅။ ဦးကော် | ၅။ ဦးဃ |
| ၆။ ဦးဧ | ၆။ ဒေါ်တင် | ၆။ ဦးသူ | ၆။ ဦးထိန် | ၆။ ဦးင |

### တွက်ချက်မှုဇယား List PR (Closed List)

အနည်းဆုံးရရှိမည့် အခြေခံမဲ ( Quota ) = ၉၀၀,၀၀၀ / ၆ = ၁၅၀,၀၀၀

| ပါတီ | ရရှိသည့် ဆန္ဒမဲပေါင်း | Quotaအရ ပထမရရှိသည့် ကိုယ်စားလှယ် ဦးရေ | ကြွင်းကျန်မဲ ပေါင်း | ကြွင်းကျန်မဲမှ ထပ်မံရရှိသည့် ကိုယ်စားလှယ် ဦးရေ | ကိုယ်စားလှယ် ဦးရေပေါင်း |
|---|---|---|---|---|---|
| (A) ပါတီ | ၃၃၀,၀၀၀ | ၂ | ၃၀,၀၀၀ | | ၂ |
| (B) ပါတီ | ၁၉၀,၀၀၀ | ၁ | ၄၀,၀၀၀ | | ၁ |
| (C) ပါတီ | ၂၂၀,၀၀၀ | ၁ | ၇၀,၀၀၀ | ၁ | ၂ |
| (D) ပါတီ | ၆၀,၀၀၀ | | ၆၀,၀၀၀ | | |
| (E) ပါတီ | ၁၀၀,၀၀၀ | | ၁၀၀,၀၀၀ | ၁ | ၁ |
| စုစုပေါင်း | ၉၀၀,၀၀၀ | ၄ | | ၂ | ၆ |

ရှင်းလင်းချက်။ ပါတီအသီးသီးက ရရှိသော ခိုင်လုံမဲများသည် မူလ FPTP မဲဆန္ဒနယ် ၆ နယ်တွင် ယင်းပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းများ ရရှိသော ခိုင်လုံမဲများကို စုပေါင်းထားခြင်းဖြစ်ပါသည်။

### အမျိုးသားလွှတ်တော် MMP စနစ် ရွေးကောက်ပွဲ ပါတီများ ကြိုတင်တင်ပြထားရမည့် ကိုယ်စားလှယ်လောင်း ဦးစားပေးအစီအစဉ်အရ ရွေးချယ်ခံရသည့် ကိုယ်စားလှယ် ( နမူနာပုံစံ )

| ( A ) ပါတီ | ( B ) ပါတီ | ( C ) ပါတီ | ( D ) ပါတီ | ( E ) ပါတီ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးမျိုး | ၁။ ဦးက | ၁။ ဦးမြိုင် |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးတိုး | ၂။ ဦးနိုး | ၂။ ဦးဂ |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဒေါ်မူမူ | ၃။ ဒေါ်ကြူ | ၃။ ဒေါ်ဆ |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်ကြိုင် | ၄။ ဒေါ်နိုင် | ၄။ ဒေါ်စ |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဦးကျော် | ၅။ ဦးကော် | ၅။ ဦးဃ |
| ၆။ ဦးဧ | ၆။ ဒေါ်တင် | ၆။ ဦးသူ | ၆။ ဦးထိန် | ၆။ ဦးင |

ရှင်းလင်းချက်။ PR မဲဆန္ဒနယ်အတွက် (A) ပါတီ ၂ ဦး၊ (B) ပါတီ ၁ ဦး၊ (C) ပါတီ ၂ ဦး၊ (E) ပါတီ ၁ ဦး၊ စုစုပေါင်း ၆ ဦး ရွေးကောက်ခံရပါသည်။

á စာမျက်နှာ ၂၇မှအဆက်

ယင်းမဲဆန္ဒနယ် ၆ နယ်ကိုပေါင်း၍ ပြည်နယ်တစ်ခုလုံးအား PR မဲဆန္ဒနယ် တစ်နယ်သတ်မှတ်ပါမည်။ FPTP မဲဆန္ဒနယ်များမှ ပါတီကိုယ်စားပြုကိုယ်စားလှယ်များရရှိသည့်မဲများကို ပါတီကရရှိသည့်မဲများအဖြစ် တွက်ယူပြီး PR မဲဆန္ဒနယ်အတွက် ပါတီအချိုးကျကိုယ်စားလှယ် ၆ ဦး ရွေးကောက်တင်မြှောက်ခြင်း နမူနာတွက်နည်းအား ဇယား (၁)၊ ဇယား (၂)၊ ဇယား (၃) တို့ဖြင့် ဖော်ပြအပ်ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် ကိုယ်စားလှယ်အရေအတွက်ပေါ်မူတည်၍ MMP စနစ်အရ ဤနမူနာတွက်နည်းအတိုင်းဖြစ်ပါသည်။

**မဲဆန္ဒနယ် ကိုယ်စားပြုခြင်း**

လာမည့်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာလွှတ်တော်အလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် FPTP မဲဆန္ဒနယ်များနှင့် PR မဲဆန္ဒနယ်များ ပါဝင်လာမည်ဖြစ်သည်။ MMP စနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များကို သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း တွက်ချက်ရမည်ဖြစ်သည်။ FPTP စနစ်အရ မဲဆန္ဒနယ်တစ်နယ်ချင်းစီကိုယ်စားပြုသည်။ Party List PR စနစ်အရ မဲဆန္ဒနယ်တစ်နယ်လုံးကို စုပေါင်းကိုယ်စားပြုရသည်။ MMP စနစ်အရ မဲဆန္ဒနယ်ကိုယ်စားပြု FPTP ကိုယ်စားလှယ်နှင့် ပါတီအချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များ တစ်ပေါင်းတစ်စည်းတည်း ရရှိလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ယခုရွေးကောက်ပွဲစနစ် MMP ၏ အနှစ်သာရဖြစ်သော ပေါင်းစည်းခြင်း၊ ကိုယ်စားပြုခြင်းနှင့်မျှတခြင်းတို့ ပိုမိုရုပ်လုံးပေါ်လွင်လာမည်ဖြစ်ပါသည်။ စနစ်နှစ်မျိုးအရ ရွေးကောက်ခံရသည့် FPTP ကိုယ်စားလှယ်များနှင့် ပါတီအချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များ အနေဖြင့် လွှတ်တော်တွင် မည်သို့စွမ်းဆောင်နိုင်သည်၊ မိမိနှင့်သက်ဆိုင်သည့် မဲဆန္ဒနယ်အကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး မည်သို့ဖော်ဆောင်နိုင်ကြမည်ကို မဲဆန္ဒရှင်ပြည်သူတို့က ဆက်လက်စောင့်မျှော်သွားမည်ဖြစ်ပါသည်။

**ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်း**

ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှု ကျူးလွန်ခဲ့လျှင် မည်သည့်ကိုယ်စားလှယ်လောင်းမဆို ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခံရနိုင်ပါသည်။ တရားမဲ့ပြုကျင့်ကြောင်း ပေါ်လွင်ထင်ရှားပါက ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပျက်ပြယ်ပါမည်။ FPTP မဲဆန္ဒနယ်မှ ရွေးကောက်ခံရသည့် ပါတီကိုယ်စားပြုကိုယ်စားလှယ် ကန့်ကွက်ခံရခြင်းကြောင့် ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပျက်ပြယ်ပါက ၎င်းရရှိခဲ့သည့်မဲများသည် တရားမဲ့ပြုကျင့်ခဲ့သော မဲများအဖြစ် သတ်မှတ်ခံရပြီး ဆက်စပ်သော PR မဲဆန္ဒနယ်အတွက် မဲရလဒ်ကိုပါ သက်ရောက်သွားမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီကဖြစ်စေ၊ ပါတီဝင်များကဖြစ်စေ၊ ပါတီလိုလားသူများကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ တရားမဲ့ပြုကျင့်မှုများ၊ ဥပဒေချိုးဖောက်မှုများ၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ မကျူးလွန်မိစေရန် အထူးသတိထား ရှောင်ရှားကြစေလိုပါသည်။

**ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်း**

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် FPTP မဲဆန္ဒနယ်များတွင် အကြောင်းတစ်စုံတစ်ရာကြောင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲဖြင့် အစားထိုး ရွေးကောက်တင်မြှောက်ရပါမည်။ သို့သော် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ (ခ) အရ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်နှင့်ပဉ္စမနှစ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်း မပြုရပါ။

**PR လစ်လပ်ကိုယ်စားလှယ်နေရာ အစားထိုးဖြည့်စွက်ခြင်း**

အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် PR မဲဆန္ဒနယ်များအတွက် အကြောင်းတစ်စုံတစ်ရာကြောင့် ပါတီကိုယ်စားပြု ရွေးကောက်ခံကိုယ်စားလှယ် လစ်လပ်ပါက Closed List PR စနစ်အရ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၂ အရ နိုင်ငံရေးပါတီက ဦးစားပေးအစီအစဉ်အတိုင်းတင်ပြထားသည့် အမည်စာရင်းပါအတိုင်း ပုဒ်မ ၈၉ (က) နှင့် နည်းဥပဒေ ၁၃၂ တို့အရ အစဉ်လိုက် အစားထိုးဖြည့်စွက်ခြင်း နည်းလမ်းဖြင့် ရွေးကောက်ခံကိုယ်စားလှယ်အဖြစ် သတ်မှတ်ကြေညာမည်ဖြစ်ပါသည်။

**MMP စနစ်၏ အားသာချက်များ**

FPTP မဲဆန္ဒနယ်များအတွက် မဲဆန္ဒရှင်များက ကိုယ်စားလှယ်ကို တိုက်ရိုက်မဲပေးပြီး ရွေးကောက်တင်မြှောက်နိုင်သည်။ ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့ပြီးဖြစ်သဖြင့် အခက်အခဲမရှိပါ။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ပေါင်းစပ်ပြီး MMP စနစ်ဖြင့် ဆောင်ရွက်သဖြင့် FPTP ကိုယ်စားလှယ်သာမက ပါတီအချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များလည်း တစ်ဆက်တည်းရရှိလာမည်ဖြစ်သည်။ FPTP ဖြင့် ကိုယ်စားလှယ်မရခဲ့လျှင်လည်း PR ဖြင့် အချိုးကျကိုယ်စားလှယ်ရရှိနိုင်ပါသည်။ FPTP စနစ်၏ အားသာချက်များနှင့် PR စနစ်၏ ကောင်းကျိုးများရရှိနိုင်သည့် MMP စနစ်ဖြစ်ပါသည်။ MMP စနစ်ပြောင်းလဲကျင့်သုံးလိုက်ခြင်းဖြင့် FPTP ကြောင့် ဆန္ဒမဲရလဒ်အချိုးမညီမျှမှုကို PR ဖြင့် အစားထိုးဖြည့်ဆည်းနိုင်ပါသည်။ မဲဆန္ဒရှင်များက မိမိနှစ်သက်ရာပါတီနှင့် ကိုယ်စားလှယ်ကို စိတ်ကြိုက်ရွေးချယ်နိုင်သည့် အခွင့်အလမ်းရရှိနိုင်ပါသည်။ တိုင်းရင်းသားပါတီများနှင့် လူထုအလွှာအသီးသီးကို ကိုယ်စားပြုသော ပါတီငယ်များအတွက် ကိုယ်စားလှယ်နေရာများ ပိုမိုရရှိပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတွင် ပါဝင်မှုမြင့်တက်လာပါမည်။ ပါတီကြီးတစ်ခုတည်းက လွှမ်းမိုးသည့် နိုင်ငံရေးယဉ်ကျေးမှုပုံစံမှ ဒီမိုကရေစီ၏အနှစ်သာရဖြစ်သော Multiparty ပါတီစုံပုံစံ ပိုမိုပေါ်လွင်လာမည်ဖြစ်ပါသည်။ တိုင်းရင်းသား လူမျိုးစုများအတွက် ဒေသအလိုက် ကိုယ်စားပြုမှုများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။

**နိဂုံး**

လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီကျင်းပသော ရွေးကောက်ပွဲ၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ၊ အများယုံကြည်လက်ခံသောရွေးကောက်ပွဲအဖြစ် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များဖြစ်သော ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲအသီးသီးတို့က မှတ်ကျောက်တင်သွားမည်ဖြစ်ပါသည်။ ပြောင်းလဲလိုက်သည့် ရွေးကောက်ပွဲစနစ်သစ်အတွက် နိုင်ငံရေးပါတီများနှင့် ပြည်သူများအတွင်း သိရှိနားလည်ရန် ခက်ခဲနေကြောင်း ကြားသိရပါသည်။ ရွေးကောက်ပွဲစနစ်သစ်ဟုဆိုသော်လည်း ယခင်က မဲပေးခဲ့သည့် FPTP ပုံစံအတိုင်း မဲပေးရခြင်းသာဖြစ်ပါသည်။ PR မဲဆန္ဒနယ်အတွက် မဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက နည်းလမ်းမှန်ကန်စွာ ဆောင်ရွက်မည်ဖြစ်ပါသည်။ ရိုးရှင်းပါသည်။ လွယ်ကူပါသည်။ ပွင့်လင်းမြင်သာမှုရှိပါသည်။ အခက်အခဲမရှိပါ။ ရှုပ်ထွေးမှုမရှိပါ။ ကိုယ်စားလှယ်လောင်းများနှင့်ပါတီကရသည့် ခိုင်လုံမဲအချိုးအတိုင်း ကိုယ်စားလှယ်များ ရရှိပါမည်။ စနစ်သစ်အတွက် စိုးရိမ်မှုမရှိကြစေလိုပါကြောင်း ဖော်ပြလိုပါသည်။ ပြည်သူအားလုံး ပါဝင်သော ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် ရည်မှန်းချက်ဖြင့် အထောက်အကူဖြစ်စေရန် အလို့ငှာ လေ့လာမိသမျှ ရေးသားတင်ပြလိုက်ရပါသည်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၁၃၄ ဧကစိုက်ပျိုးမည်



ယခင်နှစ် မြေပဲစိုက်ခင်းပုံကို တွေ့ရစဉ်။

**ခင်ဦး စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၁၃၄ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၁၃၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မြေပဲ ၃၄၁၃၄ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းအောင်၊ မြေပဲစိုက်ပျိုးမှုကို တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် ဆောင်ရွက်ပေးသွားမယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# အုတ်တွင်းမြို့နယ် သရက်ကုန်းကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းနေမှု စစ်ဆေး

**အုတ်တွင်း စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တဲကြီးကုန်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သရက်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ် သရက်ကုန်းကျေးရွာ၌ လမ်းအရှည် ၂၄၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ် ဆောင်ရွက်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင် ၂၅ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ၇၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ကိုညီ

# တီယန်မင်ရင်ပြင်၌ ခေတ်မီစစ်လက်နက်များပြသခဲ့သော တရုတ်နိုင်ငံ

ဝင်းဇင်(သုတေသန)

တရုတ်နိုင်ငံသည် ယခုနှစ် စက်တင်ဘာ ၃ ရက်တွင် ပေကျင်းမြို့ တီယန်မင်(Tian'anmen) ရင်ပြင်၌ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားပြုလုပ်ခဲ့သည်။ ၎င်းအခမ်းအနားသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်၊ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်တို့နှင့်အတူ နိုင်ငံတကာမှ ဖိတ်ကြားထားသည့်နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ စစ်ရေးပြအခမ်းအနား၌ တရုတ်စစ်ဘက်သည် နျူကလီးယားကျည်ထိပ်ဖူးတပ်ဆင်ပစ်ခတ်နိုင်သည့် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် (ICBMs)များအပါအဝင် နောက်ဆုံးပေါ် စစ်လက်နက်ပစ္စည်းအသစ်များကို ပြသခဲ့သည်။

တရုတ်နိုင်ငံသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) စတင်ထူထောင်ခဲ့သည့် ၁၉၄၉ ခုနှစ်မှစ၍ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလထိ နှစ်စဉ်စစ်ရေးပြ အခမ်းအနားကျင်းပပြုလုပ်ခဲ့သည်။ ထို့နောက် စစ်ရေးပြအခမ်းအနားများ ပြုလုပ်ခဲ့ခြင်းမရှိဘဲ ၁၉၈၄ ခုနှစ်ရောက်ရှိမှသာ ပြန်လည်ပြုလုပ်ခဲ့သည်။ သို့သော် တရုတ်သမ္မတရှီကျင့်ဖျင်လက်ထက်တွင် ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ပုံစံအသစ်ဖြင့်ကျင်းပခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ပထမဆုံးစစ်ရေးပြအခမ်းအနားကို ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည်။ ယခုနှစ် အခမ်းအနားသည် တရုတ်နိုင်ငံက ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်မြောက် ခမ်းနားထည်ဝါသော စစ်ရေးပြအခမ်းအနားကြီးပင်ဖြစ်သည်။

စက်တင်ဘာ ၃ ရက်တွင် ပြုလုပ်ခဲ့သော စစ်ရေးပြအခမ်းအနားသည် ၆၆ နှစ်အတွင်း ပေကျင်းမြို့၌ တရုတ်၊ ရုရှားနှင့် မြောက်ကိုရီးယားခေါင်းဆောင်များအတူတကွ တွေ့ဆုံခဲ့သည့် ပထမဆုံးအခမ်းအနားဖြစ်သည်။ အမေရိကန်နှင့် ဆိုဗီယက်တို့ကြား စစ်အေးကာလတိုက်ပွဲမြင့်တက်သောကာလဖြစ်သည့် ၁၉၅၉ ခုနှစ် စစ်ရေးပြအခမ်းအနား၌ အဆိုပါခေါင်းဆောင် သုံးဦးသည်တွေ့ဆုံခဲ့ကြသည်။ ၁၉၅၉ ခုနှစ် စစ်ရေးပြအခမ်းအနားကဲ့သို့ပင် ယခုရက်သတ္တပတ်အတွင်းပြုလုပ်ခဲ့သော စစ်ရေးပြအခမ်းအနားသည် လက်ရှိဖြစ်ပေါ်လျက်ရှိသော ကမ္ဘာလုံးဆိုင်ရာပဋိပက္ခအခြေအနေများနှင့် အမေရိကန်နှင့် တရုတ်တို့ကြား မတူကွဲပြားမှုများကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ စစ်ရေးပြအခမ်းအနားသည် ရုရှား၊ မြောက်ကိုရီးယားနှင့် အီရန်ခေါင်းဆောင်များကဲ့သို့သော အမေရိကန်ဆန့်ကျင်သည့်ခေါင်းဆောင်များကို အတူတကွ စုစည်းနိုင်ခဲ့သည်။

စက်တင်ဘာ ၃ ရက်တွင် ပြုလုပ်ခဲ့သော စစ်ရေးပြအခမ်းအနားသည် နျူကလီးယား ကျည်ထိပ်ဖူးသယ်ဆောင်နိုင်စွမ်းရှိသည့် ပဲ့ထိန်းဒုံးကျည် (ICBMs)များအပါအဝင် ပြည်တွင်း၌ ထုတ်လုပ်ထားသော စစ်လက်နက်ပစ္စည်း ၁၀၀ ကျော်ကို ခင်းကျင်းပြသခြင်းအားဖြင့် တရုတ်နိုင်ငံ၏ အမျိုးသားဂုဏ်သိက္ခာကို မြှင့်တင်ရန် ရည်မှန်းထားရှိသည်။ စစ်ရေးပြအခမ်းအနားသည် သမားရိုးကျ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များထက် ခေတ်သစ်စစ်ရေးဆိုင်ရာနည်းလမ်းများကိုပြသခဲ့သည်။ အသံလွန်ဒုံးကျည်များနှင့် ၎င်းဒုံးကျည်များကို သယ်ဆောင်နိုင်သော စစ်လေယာဉ်များ၊ မောင်းသူမဲ့နှင့်မောင်းသူပါ လေယာဉ်များ ပေါင်းစပ်တာဝန်ထမ်းဆောင်မှု၊ သတင်းအချက်အလက်စစ်ဆင်ရေးများနှင့် အုပ်ချုပ်ထောက်ပံ့မှုအထောက်အကူပြုခြင်းကဲ့သို့သော လက်တွေ့စစ်ဆင်ရေးဆိုင်ရာနည်းလမ်းများကို ပြသခဲ့သည်။

တရုတ်နိုင်ငံသည် နယ်ပယ်ပေါင်းစုံပါဝင်သည့် အခြေခံသဘောတရားအောက်တွင် ခေတ်သစ်ကာလအတွက် ပေါင်းစပ်ပူးတွဲစစ်ဆင်ရေးနှင့် တိုးတက်လာသော စစ်ဆင်ရေးစွမ်းဆောင်ရည်များကို ပြသရန် စစ်ရေးပြအခမ်းအနားကို အသုံးချခဲ့ခြင်းဖြစ်သည်။ ၎င်းစစ်ရေးပြအခမ်းအနားသည် မတူကွဲပြားသော စစ်ဆင်ရေးနည်းလမ်းများကို ပြသခဲ့ခြင်းဖြစ်ပြီး သမားရိုးကျနှင့် ခေတ်သစ်စစ်ပွဲအပါအဝင် ပေါင်းစပ်စစ်ဆင်ရေးတစ်ရပ်ကို ပြသခဲ့ခြင်းဖြစ်သည်။ စစ်ရေးပြအခမ်းအနား၌ပြသခဲ့သော စစ်လက်နက်အသစ်များအနက် အဓိကကျသော စစ်လက်နက်များကို ဖော်ပြပေးသွားမည်ဖြစ်သည်။

## အင်အားတောင့်တင်းခိုင်မာလာသော နျူကလီးယားတပ်ဖွဲ့များ

စစ်ရေးပြအခမ်းအနား၌ နျူကလီးယားကျည်ထိပ်ဖူးသယ်ဆောင်နိုင်သည့် ရေငုပ်သင်္ဘောပေါ်မှ ပစ်ခတ်နိုင်သော ပဲ့ထိန်းဒုံးကျည် (SLBM) အသစ်ဖြစ်သည့် JL-3 ကို ခင်းကျင်းပြသခဲ့သည်။ ယခင်မျိုးဆက်နှင့်နှိုင်းယှဉ်လျှင် ရောက်ရှိပစ်ခတ်နိုင်မှု အကွာအဝေးမြှင့်တင်ထားသောကြောင့် ရေငုပ်သင်္ဘောအနေဖြင့် ပစိဖိတ်သမုဒ္ဒရာအတွင်း ဝင်ရောက်ရန်မလိုဘဲ တရုတ်နိုင်ငံအနီးရှိ တောင်တရုတ်ပင်လယ် သို့မဟုတ် အရှေ့တရုတ်ပင်လယ်မှ ဒုံးကျည်ပစ်ခတ်လျှင်ပင် အမေရိကန်ပြည်မကြီးထိ ရောက်ရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အမေရိကန်စစ်ဘက်သည် တရုတ်ရေငုပ်သင်္ဘောများ၏ တည်နေရာကို ခန့်မှန်းတွက်ချက်ရန် ခက်ခဲလာမည်ဖြစ်သည်။ တရုတ်ရှုထောင့်အရမူ ပစ်ခတ်မှုအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ဆောင်ရန်မလိုဘဲ နျူကလီးယားဒုံးကျည်များ ပစ်ခတ်နိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံကမူ နျူကလီးယားလက်နက် စတင်အသုံးမပြုသောမူကို ဆွဲကိုင်ထားရှိသည်။

စစ်ရေးပြအခမ်းအနား၌ တရုတ်နိုင်ငံ၏ မျိုးဆက်သစ်ပဲ့ထိန်းဒုံးကျည် ICBM ဖြစ်သည့် DF-61 ကိုလည်း ပထမဆုံးပွဲထုတ်ပြသခဲ့သည်။ လက်ရှိအချိန်တွင် DF-61 ၏ ရောက်ရှိပစ်ခတ်နိုင်မှုအကွာအဝေး၊ ကျည်ထိပ်ဖူးအရေအတွက်၊ တွန်းကန်အားနည်းလမ်း၊ တပ်ဖြန့်ချထားမှုအဆင့်အတန်းနှင့် စွမ်းဆောင်ရည်တို့ကို အသေးစိတ်ထုတ်ပြန်ခြင်းမရှိသေးသော်လည်း အရှည်မီတာ ၂၀ ကျော်ရှိပြီး DF-41 ထက် ပိုမိုကြီးမားကာ စွမ်းဆောင်ရည်သာလွန်သည်ဟု ယုံကြည်ထားရှိသည်။ DF-41 သည် ကီလိုမီတာ ၁၁၂၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်ပြီး ကျည်ထိပ်ဖူး ၁၀ ခုထိ သယ်ဆောင်နိုင်စွမ်းရှိသည်။




ပဲ့ထိန်းဒုံးကျည် ICBM ဖြစ်သည့် DF-61 ကို တွေ့ရစဉ်။

အသစ်ထုတ်လုပ်ထားသော အခဲလောင်စာသုံး DF-61 သည် ကီလိုမီတာ ၁၂၀၀၀ ကျော် ရောက်ရှိပစ်ခတ်နိုင်ပြီး အမေရိကန်ပြည်မကြီး တစ်ခုလုံးကို ပင်လျှင် တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။ ထို့ပြင် အရည်လောင်စာသုံး ပဲ့ထိန်းဒုံးကျည် ICBM အသစ် DF-5C ကိုလည်း ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြသခဲ့သည်။ တရုတ်နိုင်ငံသည် ကျည်ထိပ်ဖူးနှင့် ကိုယ်ထည်အစိတ်အပိုင်းတို့ကို သီးခြားစီပြသခဲ့သည်။ ၎င်းဒုံးကျည်သည် ကီလိုမီတာ ၂၀၀၀၀ ကျော် ရောက်ရှိနိုင်ပြီး ကျည်ထိပ်ဖူး ၁၀ ခု သယ်ဆောင်နိုင်သည့်အပြင် အသံထက် ၁၀ ဆမြန်သော အမြန်နှုန်း Mach 10 ဖြင့် ပျံသန်းနိုင်မည်ဖြစ်သည်။ ပေကျင်းအနေဖြင့် အမေရိကန်ကဲ့သို့ပင် မဟာဗျူဟာမြောက် နျူကလီးယားလက်နက်များပိုင်ဆိုင်ထားရှိကြောင်း ပြသသွားလိုသည့် ရည်ရွယ်ချက်ရှိထားသည်။

## အသံလွန်ဒုံးကျည်များ

စစ်ရေးပြအခမ်းအနားသည် ပထမဆုံး ထုတ်ဖော်ပြသသည့် YJ-21 အပါအဝင် အသံလွန်ဒုံးကျည်များစွာကိုလည်း ပြသခဲ့သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အရှေ့ပိုင်းစစ်နယ်ဝန်း၌ဌာနချုပ်သည် ယခုနှစ် ဧပြီလတွင် တရုတ်(တိုင်ပေ) ပတ်လည်၌ပြုလုပ်သည့်ပူးတွဲစစ်ရေးလေ့ကျင့်ခန်း၌ လေယာဉ်ပစ်ပဲ့ထိန်းဒုံးကျည် YJ-21 တင်လာသော H-6K ဗုံးကြဲလေယာဉ်ကို တပ်ဖြန့်ချထားခဲ့သည်။ ၎င်းဒုံးကျည်သည် လေယာဉ်တင်သင်္ဘောကိုချေမှုန်းနိုင်ပြီး အကွာအဝေးကီလိုမီတာ ၂၀၀၀ ရှိ အမေရိကန်လေယာဉ်တင်သင်္ဘောများကို မြန်နှုန်း Mach 10 ဖြင့် ချေမှုန်းနိုင်မည်ဖြစ်သည်။ ၎င်းဒုံးကျည်သည် အမေရိကန်တပ်ဖွဲ့များ ချဉ်းကပ်လာမှုကို ဟန့်တားသွားရန် ရည်မှန်းထားရှိသည်။

## ရွှေပြောင်းလေကြောင်းရန် ကာကွယ်ရေးစနစ်

တရုတ်နိုင်ငံသည် HQ-29 လေကြောင်းရန်ကာကွယ်ရေးနစ်ကိုလည်း ပြသခဲ့သည်။ ၎င်းစနစ်သည် အဆင့်မြင့်ခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းရေးဆွဲထားရှိသည်။ တရုတ်နိုင်ငံက ၎င်းစနစ်သည် အသံလွန်ဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်နိုင်ကြောင်း အခိုင်အမာဆိုထားသည်။

## ရေပြင်သွားမောင်းသူမဲ့ယာဉ်များ

စစ်ရေးပြအခမ်းအနား၌ ရေပြင်သွား မောင်းသူမဲ့ရေယာဉ် (USV) များ၊ အကြီးစားရေအောက်ဒရုန်းများ၊ မောင်းသူမဲ့လေယာဉ်(UAVs)များ အပါအဝင် မောင်းသူမဲ့ယာဉ်အမျိုးမျိုးကို ပြသခဲ့သည်။ စစ်ရေးပြအခမ်းအနား၌ ရေပြင်သွား USV ကို ကုန်းပေါ်၌မြင်တွေ့ရခြင်းသည် ကြုံခေါ်ကြုံခဲအခွင့်အရေးပင်ဖြစ်သည်။ အဆိုပါ မောင်းသူမဲ့ယာဉ်များသည် ဉာဏ်ရည်တုနည်းပညာ(AI) အသုံးပြုနိုင်သလားဆိုသောမေးခွန်း ထွက်ပေါ်လျက်ရှိသည်။

## လေဆာလေကြောင်းရန် ကာကွယ်ရေးစနစ်

တရုတ်နိုင်ငံသည် ဒရုန်းနှင့် ဒုံးကျည်များကို ပစ်ချနိုင်သည့် LY-1 အမျိုးအစား သင်္ဘောအခြေစိုက် တိုက်ရိုက်စွမ်းအင်သုံးလေဆာစနစ် (DEW) ကိုလည်း ထုတ်ဖော်ပြသခဲ့သည်။ ၎င်းစနစ်၏ပုံစံသည် ဂျပန်နိုင်ငံ၏ မစ်ဆူဘီရှီ အကြီးစားစက်မှုလုပ်ငန်းနှင့် ကဝါဆာကီအကြီးစားစက်မှုလုပ်ငန်းတို့က သုတေသနပြုတည်ဆောက်ထားသည့် ယာဉ်တင်လေဆာစနစ်နှင့် အလားသဏ္ဌာန်တူညီသည်။

## ဂျပန်နိုင်ငံအတွက် သက်ရောက်မှုများ

တရုတ်နိုင်ငံက စစ်ရေးပြအခမ်းအနား၌ ပြသသော စစ်လက်နက်ပစ္စည်း ၁၀၀ ကျော်သည် ပြည်တွင်း၌ပြုလုပ်ခဲ့သည်ဟု ရှင်းလင်းပြောဆိုခဲ့သည်။ တရုတ်နိုင်ငံသည် စီးပွားရေးနှေးကွေးနေသည့်တိုင်အောင် ကာကွယ်ရေးအသုံးစရိတ်မှာမူ လေးနှစ်ဆက်တိုက် ခုနစ်ရာခိုင်နှုန်းကျော် မြင့်တက်လျက်ရှိသဖြင့် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်ထက် ၄ ဒသမ ၂ ဆကျော်ရှိနေသည်။ ဂျပန်နိုင်ငံသည် စစ်ရေးအရမူ ကိုယ်ပိုင်အင်အားဖြင့် တရုတ်ကို ယှဉ်ပြိုင်နိုင်ရန် များစွာခက်ခဲမည်ဖြစ်သည်။

အမေရိကန်သည် တရုတ်နိုင်ငံ၏ စစ်ရေးအင်အားကြီးထွားလာမှုများကို ဟန်ချက်ထိန်းညှိနိုင်ရန် ဂျပန်နိုင်ငံ၌ Typhon ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပထမဆုံးအကြိမ် တပ်ဖြန့်ချသွားရန်စီစဉ်ထားရှိသည်။ အမေရိကန်မရိန်းတပ်ဖွဲ့က ဦးဆောင်၍ ယခုနှစ် စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်မှ ၂၅ ရက်ထိ ဂျပန်နိုင်ငံတစ်ဝန်း၌ ပြုလုပ်သွားရန် အစီအစဉ်ရေးဆွဲထားရှိသည့် Resolute Dragon 25 စစ်ရေးလေ့ကျင့်ခန်း၌ Typhon ဒုံးကျည်ကို တပ်ဖြန့်ချသွားမည်ဖြစ်သည်။ Typhon သည် မြေပြင်မှနေ၍ Tomahawk နှင့် SM-6 ဒုံးကျည်များကို ပစ်ခတ်နိုင်သည်။

အမေရိကန်မရိန်းတပ်ဖွဲ့သည် ယခုနှစ် ဇူလိုင်လတွင် အိုကီနာဝါစီရင်စု၊ ကင်မြို့ရှိ ဟန်ဆန် (Hansen) စစ်စခန်း၌ လှုပ်ရှားစစ်ကစားနိုင်သည့် တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သော မရိန်းလေကြောင်းရန်ကာကွယ်ရေးပေါင်းစပ်စနစ် (MAD-IS) နှင့် ရေပြင်မှသင်္ဘောပစ်ဒုံးကျည်စနစ် (NMESIS) ဖြစ်သည့်လက်နက်အသစ်နှစ်မျိုးကို တပ်ဖြန့်ချထားခဲ့သည်။ MADIS နှင့် NMESIS တို့ကိုလည်း ဂျပန်-အမေရိကန်ပူးတွဲစစ်ရေးလေ့ကျင့်ခန်းResou lte Dragon 25 တစ်စိတ်တစ်ဒေသအနေဖြင့် အိုကီနာဝါစီရင်စုရှိ အီရှိဂါကီကျွန်း၌ တပ်ဖြန့်ချထားသွားရန်ရှိသည်။ ထို့ပြင် အနာဂတ်တွင် တရုတ်၏ စစ်အင်အားတိုးမြှင့်ဖြန့်ကြက်လာမှုများကြောင့် ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ လှုပ်ရှားမှုများကိုလည်း ပိုမိုတွေ့မြင့်လာရဖွယ်ရှိနေသည်။

**ကိုးကား**

- **What Were the Weapons on Display in China's Military Parade? by The Diplomat.**

# ဖောင်းပြင်မြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၀၆ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**ဖောင်းပြင် စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၀၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၃၉၀၆ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ခရမ်းချဉ်စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးပါမယ်။ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားပါမယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေဩဇာ၊သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေးအသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရေး နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဇလွန်မြို့နယ်မှ ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် သားငါးဈေးကွက်တွင် ငါးတန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ငါးတန်များ စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် နေ့စဉ် ငါးတန်ပိဿာချိန် ၃၅၀၀ မှ ၆၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ဇလွန်မြို့နယ်ဘက်က ထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအား ကောင်းနေပါတယ်။ ဒီဘက်ကနေထွက်တဲ့ ဒေသထွက်ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ငါးတန်တွေက အရင်ကထက် အထွက်နည်းနေပါတယ်။ ငါးတန်က အခုအချိန်မှာ အရောင်းအဝယ် အဖြစ်ဆုံးပါ။ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေနဲ့ ငါးတန်မွေးမြူရေး လုပ်ကိုင်သူတွေ၊ အလုပ်အကိုင် အခွင့်အလမ်းကောင်းလာပါတယ်။ ဇလွန်မြို့နယ်ဘက်ကထွက်တဲ့ ငါးတန်တွေက အရည်အသွေးကောင်းပါတယ်" ဟု ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ဇလွန်မြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဒေသထွက် ငါးတန်များကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ဒေသမှ ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့












## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလာတက္ကသိုလ်
## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် BTHM သင်တန်းအတွက်
## ပထမနှစ် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလာတက္ကသိုလ်တွင် အောက်ဖော်ပြပါသင်တန်းအား ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံခွင့်ပြုမည့်ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | Bachelor of Tourism and Hospitality Management | BTHM | (၄)နှစ် | (၂၅၀)ဦး | အချိန်ပြည့် |

၂။ အဆိုပါသင်တန်းအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး သတ်မှတ်လျှောက်လွှာပုံစံအား မန္တလာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ထုတ်ယူ၍ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

၃။ သင်တန်းစတင်ဖွင့်လှစ်မည့်ရက် - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ
၄။ လျှောက်လွှာတင်သွင်းရမည့်နေရာ - ကျောင်းသားရေးရာဌာန၊ မန္တလာတက္ကသိုလ်၊
၅။ လျှောက်လွှာစတင်ထုတ်ပေးမည့်ရက် - ၂၅-၈-၂၀၂၅
၆။ လျှောက်လွှာစတင် တင်သွင်းရမည့်ရက် - ၂၅-၈-၂၀၂၅
၇။ လျှောက်လွှာပိတ်ရက် - ၃-၁၀-၂၀၂၅
၈။ ဝင်ခွင့်ရရှိသူများစာရင်း ကြေညာမည့်ရက် - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ
၉။ အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်။
(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူသာဖြစ်ရမည်။
(ဂ) အခြားတက္ကသိုလ်တစ်ခုခုတွင် တက်ရောက်ပညာသင်ကြားနေသူမဖြစ်ရ။
၁၀။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြရမည် -
(၁) သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်နှင့် အမှတ်စာရင်းမူရင်း၊
(၂) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)
(၃) လိုင်စင်ဓာတ်ပုံ (၃)ပုံ (ပူးတွဲ)

၁၁။ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်တွင် အမှတ်များသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်ပြီး ဝင်ခွင့်ရရှိသူများစာရင်းနှင့် ကျောင်းဝင်မှတ်ပုံတင်ရမည့်ရက်ကို မန္တလာတက္ကသိုလ်၌ ကြေညာထားပါမည်။ ဝင်ခွင့်ရရှိသူများသည် ကျောင်းလာရောက်အပ်နှံသည့်အခါ ကျောင်းသားနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းများကို **မပျက်မကွက်(မပျက်မကွက်)**ယူဆောင်လာရမည်။

၁၂။ အသေးစိတ်သိရှိလိုပါက မန္တလာတက္ကသိုလ်ကျောင်းသားရေးရာဌာန ဖုန်းနံပါတ် ၀၉-၉၈၄၇၇၆၆၇၀ သို့ ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မို့မို့နွယ်**
**မော်ကွန်းထိန်း၊ ကျောင်းသားရေးရာဌာန**
**မန္တလာတက္ကသိုလ်**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ်(၉/က)ရှိမြေကွက်ပေါ်တွင် ဦးသန်းထိုက်အောင်(၉/မခန(နိုင်)၁၉၂၀၉၁)ကိုင်ဆောင်သူမှ အလျား၃၀'-၀"၊ အနံ ၅၀'-၀" Ironframe (၂)ထပ် အဆောက်အဦးဆောက်လုပ်ခွင့်ပြုနိုင်ပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင် တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့၊ အမှတ်(၆) ရပ်ကွက်နေ မောင်လျှိုကျားလွင် (၁၃/ကခန(နိုင်) ၁၆၀၅၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG–755485)နှင့် နိုင်ငံသားစိစစ်ရေးကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09–446745968**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိပ်တန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မယွန်းလဲ့ရွှေရည်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်မျိုးခိုင်ဖြစ်ပါကြောင်း။ **ဦးကျော်မျိုးခိုင်(၉/ပသက(နိုင်)၀၇၂၄၇၃)**

## အမည်ပြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိပ်တန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်မြင့်၏သား မောင်ဖြိုးဇင်ကျော်အား မောင်ကောင်းမြတ်ခန့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းမြတ်ခန့်**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ-၈၊ သီရိမဟာရပ်ကွက်နေ ခင်ဇော်မြင့် (ဘ) ဦးသောင်းကျော်(၁၃/လရန(နိုင်)၀၂၉၂၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA–096922)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–251933634**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး**

❖ မြန်မာနိုင်ငံသားအားလုံး မြန်မာစိတ်မွေးပြီး “ငါတို့အားလုံးသည် မြန်မာ”(We are Myanmar)ဟူသောစိတ်၊ တစ်သွေးတစ်သား တည်း စည်းလုံးညီညွတ်သော အမျိုးသားစိတ်ဓာတ်ဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲအကောင် အထည်ဖော်ကြရန် သန္နိဋ္ဌာန်ချဆောင်ရွက်ကြရပါမည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။


Engine Oil (15W-40)


Air Compressor


M.V Shwe Sin Lamin ရေယာဉ်

အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

# တရားမဝင် ကျောက်စိမ်းများ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင် ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၈

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက်နှင့် ၃၀ ရက်တို့တွင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့်သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၄၅ စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

# Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မက်အီလ်ရွိုင်း ချန်ပီယံဆု ဆွတ်ခူး

ဒပ်ဘလင် စက်တင်ဘာ ၈

အိုင်ယာလန်နိုင်ငံတွင် ကျင်းပခဲ့သည့် Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းက Play-off အဆင့်ထိ ကစားခဲ့ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

မက်အီလ်ရွိုင်းသည် နောက်ဆုံးနေ့အပြီးတွင် ဆွီဒင်ဂေါက်သီးရိုက်ကစားသမား လာဂါဂရင်နှင့်အတူ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သဖြင့် ချန်ပီယံအဆုံးအဖြတ်အတွက် Play-off အဆင့်ကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး မက်အီလ်ရွိုင်းက တစ်ချက်လျော့ရိုက်ကာ အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် Play-off အဆင့်တွင် ရှုံးနိမ့်ခဲ့သည့် လာဂါဂရင်သည် ဒုတိယနှင့်သာ ကျေနပ်ခဲ့ရပြီး စပိန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဟိုင်ဒယ်လ်ဂို၊ ကာဘရီရာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



ချမ်းမြသာစည်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၂

တရုတ်ဖိတ်ခေါ်ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာဖူဆယ်အသင်း ဆီမီးဖိုင်နယ်အဆင့် တက်ရောက်

စာမျက်နှာ - ၉

ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း


ငါး/ပုဇွန် မြူပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)


ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)


ငွေပင်လယ်ကိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015

နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com